www.burmeseclassic.com

အောင်မြင်စာပေ




ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# တြိစတ္တ

## လည်ပြတ်ကျွန်းစောင့်

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ လူတစ်ဦး၏ဘဝအဆင့်အတန်းသည်
သူ၏အလုပ်ပေါ်၌ထားရှိသော
စိတ်ဓါတ်ကို အခြေခံပြီး
ဖြစ်ပေါ်နေတတ်ပေ၏။

❖ မည်သို့သော အလုပ်ပင်ဖြစ်စေ
အခြားသူများ မျှော်လင့်ထားသည်ထက်
အနည်းငယ်ပိုပြီး လုပ်ပြနိုင်လေ
အောင်မြင်မှုတွင် နှာတစ်ဖျားသာလေ့ရှိသည်။

❖ စေခိုင်းသမျှလောက်သာ
လုပ်နေမည်ဆိုပါက
သင်ပေးသမျှသာ ပြုလုပ်တတ်သော
တိရိစ္ဆာန်တစ်ကောင်နှင့် ခြားနားမည် မဟုတ်ပေ။
တည်ထွင်ကြံဆမှု ရှိမှသာ
လူ့အစွမ်းအစ ပေါ်လွင်ပေလိမ့်မည်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

❖ အလုပ်ရှင်က လစာတိုးပေးခြင်းသည်
ချီးကျူးစကားဖြစ်သည်။
ထိုသို့တိုးပေးချင်အောင် စွမ်းဆောင်ပြခြင်းကသာ
ပိုပြီး ချီးကျူးစကား ဖြစ်ပေသည်။

❖ ကမ္ဘာကြီးကို လည်ပတ်စေသော အရာမှာ
ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။
ချစ်ခြင်းမေတ္တာ ကင်းမဲ့သော ကမ္ဘာသည်
ငြိမ်သက်နေပေလိမ့်မည်။

❖ ဘဝတစ်ခုချင်းစီမှာ
မတူညီသော ကွဲပြားခြားနားမှု ရှိကြသည်။
မတူညီသော ဘဝများကို ပေါင်းစည်းပေးနိုင်ခြင်းမှာ
ချစ်ခြင်းမေတ္တာသာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ စိတ်အားထက်သန်မှု ပျက်စီးခြင်းသည်
ဘဝတစ်ခု ပျက်စီးခြင်းဖြစ်၏။
မျှော်လင့်ချက်များ ပျက်စီးသောအခါ
အရာအားလုံး ပျက်စီးသကဲ့သို့ ဖြစ်ပေသည်။

❖ ချိုမြသော အသီးစားဖို့
ခါးသောအမြစ်ကိုလည်း ထိတွေ့ရပေသည်။
ပြည့်စုံသော ဘဝရဖို့
ဆင်းရဲခြင်း ဒဏ်ကိုလည်း ခံနိုင်ရပေသည်။

❖ ပင့်ကူတွင် ပိုးချည်မျှင်သာရှိသည်။
ယင်ကောင်က မမှုပေ။
ထိုပိုးချည်မျှင်ပေါင်း များစွာတို့ဖြင့်
အိမ်ဖွဲ့ပြီးသောအခါ
ယင်ကောင်မှာ မရုန်းနိုင်တော့ပေ။

# ဒဿနလက်ဆောင်

❖ လူမိုက်တစ်ယောက်၏ အကျင့်စရိုက်သည်
ဟန်အမူအယာတွင်ရှိသည်။
လူလိမ္မာတစ်ယောက်၏ အကျင့်စရိုက်သည်
သူ၏နှလုံးသား၌သာ ပုန်းကွယ်နေတတ်၏။

❖ သင်ရယ်သောအခါ
ပတ်ဝန်းကျင်ကပါ ပြုံးရယ်ပေးကြပါလိမ့်မည်။
သင် ငိုကြွေးရသော အခါမှာတော့
မည်သူကမှ ကူပြီး ငိုကြွေးကြလိမ့်မည် မဟုတ်ပါချေ။

❖ အချစ်ရေးတွင်
စိတ်ကူးယဉ်ခြင်းဖြင့် စတင်ကြသည်။
အလုပ်လုပ်ရာမှာတော့
လက်တွေ့ဆောင်ရွက်ခြင်းဖြင့်သာ
စတင်သင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) ဒေသန္တရပွဲများနှင့်တောင်ပြုန်းပွဲတော်
အခန်း(၂) တောင်ပြုန်းတရားစီရင်ခြင်း
အခန်း(၃) ပြင်ဒရယ်သစ်တောမှ ရက်စက်မှုများ
အခန်း(၄) သောင်စပ်မှဦးခေါင်းပြတ်နှစ်လုံး
အခန်း(၅) သနားစရာကောင်းသော ဝိညာဉ်ပုံရိပ်
အခန်း(၆) နော်ပလော်သို့မဟုတ်မြဝင်းသူ
အခန်း(၇) နတ်ဆိုးကိုယုံကြည်သော လူမျိုးစုများ
အခန်း(၈) အာဃာတရန်ငြိုးများ
အခန်း(၉) တောထဲ၌ဖုတ်သွင်းသောအကြောင်း
အခန်း(၁၀) ဦးဇန်ကောင်းနှင့်ဖုတ်ဝင်နေသူ
အခန်း(၁၁) သွေးပျက်ဖွယ်ရာည
အခန်း(၁၂) မေတ္တာနယ်မှ ချစ်ခြင်းသက်သေ
အခန်း(၁၃) တခါလွန်ဘဝမှ ကလဲ့စားချေမည့်သူများ
အခန်း(၁၄) တဖွတ္တဒီပကျီကျွမ်းမှ ဖုတ်ဝင်သောအကြောင်း
အခန်း(၁၅) ကြမ္မာကံကြွေး ပေးဆပ်ကြရခြင်း
အခန်း(၁၆) ပင်လယ်ပြာမှ ကျွတ်တို့ရွာ




# အခန်း - (၁)

# ဒေသန္တရပွဲများနှင့် တောင်ပြုန်းပွဲတော်

ကမ္ဘာပေါ်ရှိ နေရာများ၌သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း၌ရှိကြသည့် နေရာအတော်များများ၌ သော်လည်းကောင်း၊ သူ့နေရာနှင့် သူ့ဒေသအလိုက် ကျင်းပပြုလုပ်သည့် ဓလေ့ထုံးစံပွဲတော်များ ရှိကြသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက



www.burmeseclassic.com

www.burmeseclassic.com

ပင် စားစာရာမရှိသော်လည်း. . လျှစရာရှိ၊ စားစရာမပြည့်သော်လည်း. . ပျော်စရာရှိကြသော လူမျိုးစုအတော်များများ စုပေါင်းနေထိုင်ကြသော နိုင်ငံပင်ဖြစ်သည်။

ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်စသော တိုင်းရင်းသားလူမျိုးတို့မှာလည်း သူ့ဓလေ့၊ သူ့ရိုးရာအတိုင်း ကျင်းပကြသည့် ပွဲတော်များရှိကြသည်။

အချို့တိုင်းရင်းသားများဆိုလျှင် တစ်နှစ်ပတ်လုံး ပွဲတော်များ၊ ရိုးရာပွဲများရှိကြသည်။

မြန်မာလူမျိုးတို့မှာလည်း တန်ခူးလမှ တပေါင်းလအထိ (၁၂)ရာသီလုံး ပွဲတော်များရှိကြသည်။ ပွဲတော်များကျင်းပသောအခါ ပျော်ပွဲရွှင်ပွဲများလည်းပါကြသည်။

(အသုဘအိမ်မှာပင် အသံချဲ့စက်ဖြင့် သီချင်းများဖွင့်သောအလေ့အကျင့်မှာ အခြားနေရာများတွင် မရှိသလောက်နည်းလေသည်။ ကျေးလက်တောရွာများတွင် မသာခုနစ်ရက်ထားလျှင် အသံချဲ့စက်က နှစ်ရက်သုံးရက်တော့ ဖွင့်လေ့ရှိသည်။ နောက်တော့ ဘုန်းကြီးပျံများတွင် ဆိုင်းဝိုင်းများဖြင့် ဧယင်ကျူးသော အလေ့အထများ ပေါ်ပေါက်လာကြသည်။)

တန်ခူးလ သင်္ကြန်ပွဲမှစပြီး တပေါင်းလ သဲပုံစေတီပွဲရောက်သည်အထိ (၁၂)လရာသီလုံး ပွဲတော်များကျင်းပကြလေသည်။

ဆရာတင်နိုင်တိုး မကွယ်လွန်မီက ရေးသားခဲ့သော "ဒေသန္တရပွဲတော်များ" စာအုပ်၌ မြန်မာနိုင်ငံအတွင်း၌ကျင်းပသော ရိုးရာပွဲများ၊ ပွဲတော်များအကြောင်းကို ရေးသားဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရသည်။

၎င်းရေးသားခဲ့သောပွဲတော်များမှာ ကထိန်ပွဲတော်၊ ကရင်နှစ်သစ်ကူးပွဲတော်၊ သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်၊ ကျိုက်ထီးရိုးဘုရားပွဲ၊ ကြာပစ်ပွဲ၊ ချင်းနှစ်သစ်ကူးပွဲတော် (ခွါဒိုပွဲ)၊ နွယ်တော်လှည့်လည်ပွဲများ၊ ကျောက်ဆည်ဆင်ပွဲ၊ မန္တလေးတောင်ခြေဘုရားများ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဇလွန်ပြည်တော်ပြန်ဘုရားပွဲ၊ ပြည်ရွှေဆံတော်ညံ့ရိုးမီးပူဇော်ပွဲ၊ ညောင်ရေသွန်းပွဲတော်၊ မန္တလေးတန်ခွန်တိုင်း နွားဘေားမဲ့ပွဲတော်၊ မတ္တရာတောင်ပြုန်းနတ်ပွဲ၊ ထမနဲပွဲ၊ ဖျာပုံထောင်ပြည့်ပွဲ၊ နာဂနှစ်သစ်ကူးပွဲတော်၊ နတ်ပွဲများ၊

နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲ၊ ပခန်းကိုကြီးကျော်ပွဲ၊ ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲတော်၊ ပင်းတယရွှေဥမင်ဘုရားပွဲ၊ ပုပ္ပါးနတ်ပွဲ၊ အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ ဗိုလ်တစ်ထောင်ဘုရားပွဲ၊ ဘဲဥထုပွဲ၊ ဘော်ကြိုဘုရားပွဲ၊ ဘိုးမင်းခေါင်ထွက်ပွဲ၊ မနောပွဲ၊ မီးထွန်းပွဲများ၊ တောင်ကြီးမီးပုံးပျံပွဲ၊ ရွှေကျင်မီးမျှောပွဲ၊ တလောမီးရှူးပြိုင်ပွဲ၊ မော်တင်စွန်းဘုရားပွဲ၊ မိုးခေါ်ပွဲ၊ မိုးညှင်းသမ္ဗုဒ္ဓေဘုရားပွဲ၊ မကွေးမြသလွန်ဘုရားပွဲ၊ ရွှေစာရံဘုရားပွဲ၊ ရွှေစက်တော်ဘုရားပွဲ၊ ညောင်ဦးရွှေစည်းခုံဘုရားပွဲ၊ ရွှေဘိုဂုံ




☺ အောင်မြင်စာပေ ☺
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲ၊

ရွှေတောင်မြို့ရွှေနတ်တောင် ဘုရားပွဲ၊ ပဲခူးရွှေမော်တောဘုရားပွဲ၊ ဝါဆိုပွဲ၊ ယောဒေသ သနခါးတို့ပွဲ၊ သပိတ်မျှောပွဲ၊ မဟာသကြ်န်ပွဲ၊ သဲပုံစေတီပွဲ၊ အလောင်းတော်ကဿပဘုရားပွဲ၊ ပုဂံအာနန္ဒာဘုရားပွဲ၊ ဥတေနနတ်ပွဲ၊ အိုးပုတ်ပွဲတော်၊ အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲ စသည်တို့ကို ဖော်ပြထားသည်။

ဆရာတင်နိုင်တိုးရေးသားရာတွင် မပါသော အခြားစည်ကားသော ပွဲတော်အချို့လည်း ရှိပေသေးသည်။

ပခုက္ကူစည်သူရှင်ဘုရားပွဲ၊ ရွှေတန့်တစ်ဘုရားပွဲ၊ လယ်ကိုင်းကျောင်းတော်ရာဘုရားပွဲ၊ မော်ကျွန်းတာဝတီသာဘုရားပွဲ၊ ဦးရှင်ကြီးနတ်ပွဲ အစရှိသည်တို့မှာ မြန်မာနိုင်ငံအတွင်း ထင်ရှားသောရိုးရာပွဲများနှင့် ပွဲတော်များပင် ဖြစ်ကြလေသည်။

ဒေသန္တရကျင်းပသော ပွဲတော်များတွင် ဘုရားပွဲတော်များနှင့် နတ်ပွဲများကျင်းပခြင်းတို့ အများဆုံးပါဝင်သည်ကို တွေ့ရပေသည်။ ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်မှုနှင့် ရိုးရာဓလေ့ကို ယုံကြည်ခြင်းကြောင့် မြန်မာနိုင်ငံ၌ ဘုရားပွဲနှင့်နတ်ပွဲများ အစဉ်အဆက်ရှိနေခဲ့ခြင်းပင် ဖြစ်ပေသည်။

နတ်ပွဲများကျင်းပရာတွင် အစည်ကားဆုံးနတ်ပွဲကို ပြပါဆိုလျှင် မန္တလေးတိုင်း မတ္တရာမြို့နယ်တွင်ကျင်းပသော တောင်ပြုန်းမင်းနှစ်ပါးပူဇော်သော နတ်ကန္နားပွဲပင်ဖြစ်သည်။





ဘုရားပွဲနှင့်ယှဉ်တွဲပြီးကျင်းပသော နတ်ပွဲကျင်းပခဲ့ပုံများမှာ စိတ်ဝင်စားဖွယ်ရာဖြစ်ပေသည်။

တောင်ပြုန်းပွဲတော်သမိုင်းကြောင်းကို ဖော်ပြပါမည်။

ပုဂံပြည်၊ အနော်ရထာမင်းလက်ထက်တွင် သထုံမင်းဆရာထံတွင် မှီခိုနေရာမှ မင်းပြစ်မင်းဒဏ်လွတ်ရန်ထွက်ပြေးလာသော ကုလားလူမျိုး ဗျတ္တသည် ပန်းတော်ဆက်အဖြစ်အမှုတော်ထမ်းခဲ့သည်။

ပုပ္ပားမှပန်းများကို တစ်နေ့(၁၀)ခေါက်အသွားအပြန်လုပ်၍ ပန်းဆက်နေသည့် ဗျတ္တနှင့် ပုပ္ပားအရပ်မှ လူယောင်ဖန်ဆင်းထားသော ဘီလူးမမယ်ဝဏ္ဏာတို့ မေတ္တာသက်ဝင်ချစ်ခင်ပေါင်းသင်း၍ သားနှစ်ယောက်ဖွားမြင်ခဲ့သည်။

ဖခင်ဗျတ္တက သားကြီးကို ရွှေဖျဉ်းကြီး၊ သားငယ်ကို ရွှေဖျဉ်းငယ်ဟု အမည်ပေးလေသည်။

ရွှေဖျဉ်းညီနောင်အရွယ်သို့ရောက်လေလျှင် ခွန်အားဗလနှင့်ပြည့်စုံသူများ ဖြစ်လာသည်။ ဖခင်ဗျတ္တက နုပျိုသန်စွမ်းလှသော သားနှစ်ယောက်ကို မင်း၏အမှုအလုပ်အဖြစ် အနော်ရထာမင်းကြီးအား ဆက်သသော်၊ လူငယ်နှစ်ဦး၏ သတ္တိစွမ်းအားဗလ ပြည့်ဝသည်ကိုမြင်၍ မင်း၏အပါး၌ မပြတ်ခစားခဲ့သည်။

အနော်ရထာမင်းကြီးသည် တရုတ်ပြည်မှအပြန်တွင် မောပြည်သို့ဝင်၏။ မောပြည်မှတစ်ဆင့် ခရီးဆက်လက်ကြွချီ

www.burmeseclassic.com



လာရာ ကျော်စည်အရည်သို့ရောက်လျှင် ဘုရားတည်တော်မူ၍ ဆုတောင်းပြည့်စေတီဟုသမုတ်၏။

ထိုခရီးတွင် ရွှေဖျဉ်းညီနောင်ကို ယုံကြည်တော်မမူ၍ ဝါးရင်းတုတ်အရပ်၌ ကွပ်မျက်တော်မူရာ ထိုအရပ်ကို ယခုတိုင် ကွပ်ရာညောင်ပင်ဟု တွင်လေသည်။

ကွပ်မျက်ခံရသော ရွှေဖျဉ်းညီနောင်တို့သည် နတ်ဖြစ်၍ အနော်ရထာမင်းထံမှ ဆုလာဘ်တောင်းခံခဲ့ကြသည်။ လူ့ဘဝက ဘုရင့်အမှုတော်ကို ကျေပွန်အောင်ထမ်းခဲ့သော်လည်း ကျေးဇူးမခံစားခဲ့ကြရ၍ နတ်ဘဝတွင် အပိုင်စား ချီးမြှင့်ပေးပါရန် တောင်းခံကြခြင်းဖြစ်သည်။

အနော်ရထာမင်းသည် ရွှေဖျဉ်းညီနောင် နတ်နှစ်ပါးအတွက် အပိုင်စားပေးရန် နယ်မြေသတ်မှတ်၍ခွင့်ပြုခဲ့သည်။

တောင်ပြုန်းရွာရှိ ဆုတောင်းပြည့်ဘုရားအနီးတွင် ရွှေဖျဉ်းညီနောင်နှစ်ပါးအတွက် ကွန်းနန်းဆောက်၍ ကျော်စည်တစ်တန်းနေသူတို့ ပူဇော်ရာဖြစ်စေရန် အမိန့်တော်ချမှတ်ခဲ့သည်။ ထို့ပြင် ထီးပေါင်းကားနယ်ကား . . .

-အရှေ့ကိုလားသော် ကျောက်ဆီမီးလက်၊ နွားလားတောင်ရိုးမ။

-တောင်ကိုလားသော် ဘုရားရွှေကြက်ယက်။

-အနောက်ကိုလားသော် ဧရာဝတီမြစ်။

၎င်းအတွင်း (၂၄)ရွာကို ရွှေဖျဉ်းညီနောင်အား အပိုင်





စားပေးသနားတော်မူလိုက်သည်ဟု မိန့်တော်မူလေလျှင် အမတ်တို့လည်း အမိန့်တော်အတိုင်း ကွန်းနန်းများဆောက်လုပ်၍ နတ်ရုပ်များထုလုပ်ထားရှိလေသည်။

ထိုသောအခါမှစ၍ ယနေ့ထိတိုင် ရွှေဖျဉ်းနောင်တော်ကို "မင်းကြီး"၊ ရွှေဖျဉ်းညီတော်ကို "မင်းလေး" ဟူသော အမည်သစ်များဖြင့် နတ်ယုံကြည်သူတို့၏ ကိုးကွယ်ရာဖြစ်ခဲ့ပေသည်။

အနော်ရထာခေတ်မှစ၍ ကိုးကွယ်ခဲ့သော မင်းညီနောင်နတ်ကို ညောင်ရမ်းခေတ်တွင်လည်း ကိုးကွယ်ပ,သခဲ့ကြသည်။

ခေတ်အဆက်ဆက် ကိုးကွယ်လာခဲ့ကြရာ ရတနာပုံခေတ်တွင်လည်း တောင်ပြုန်းမင်းနှစ်ပါးအား ဝါခေါင်လတွင် ရွှေနန်းတော်မှ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် တာဝန်ယူဆောင်ရွက်ပူဇော်ပ,သခဲ့ကြသည်။

တောင်ပြုန်းညီနောင်နှင့် မယ်တော်၊ နှမတော်တို့သို့ တင်ကြားရန် အတင်တော်အထည်အလိပ်များကို နတ်အုပ်နတ်ထိန်းတို့သို့ပေးအပ်ပြီး နတ်ကွန်းရောက် တင်ကြားပ,သစေရသည်ဟူ၍ မန္တလေးရတနာပုံရာဇဝင်တော်တွင် ပါရှိသည်။

ညောင်ရမ်းခေတ်နှင့် ရတနာပုံခေတ်တို့၌ တောင်ပြုန်းမင်းနှစ်ပါးအား အောက်ပါအတိုင်း ပူဇော်ပ,သသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။

၁။ ကြက်ဝက်တိရစ္ဆာန်အသားများဖြင့်မပ,သရ။

၂။ အရက်သေစာ မပ,သရ။

၃။ အချိုအဆိမ့် မုန့်ပဲသရေစာဖြင့်သာ ပ,သရမည်။

၄။ နတ်နှစ်ပါးအတွက် ဝတ်ဇဲတော်အဟောင်းအသစ်လဲရန် ပုဆိုးခါသာအထည်အလိပ်များ ဆက်သရမည်။

ဘုရင့်မှူးမတ်များသည် နတ်နန်းအနီးရှိ အတင်တော်ကုန်းတွင် နေရာယူလျက် ဝတ်လဲတော်ရာကျ(၃)အုပ်၊ ဘောင်းတော်ကျ(၃)အုပ်၊ ပိတ်နီ(၃)အုပ်၊ ခေါင်းပေါင်းဖြူ(၃)အုပ်၊ ရေစင်တော်ဖိုးငွေ(၃)ပိဿာတို့အား နှစ်စဉ် ဝါခေါင်လဆန်း(၁၄)ရက်နေ့တွင် လာရောက်လှူဒါန်းတတ်ကြသည်။

တောင်ပြုန်းနတ်သဘင်ပွဲ ပီပီပြင်ပြင်ဖြစ်လာသော ကုန်းဘောင်ခေတ်တွင် ဝါခေါင်လပြည့်နေ့မတိုင်မီတွင် ပွဲတော်ကိုကျင်းပကြပြီး လပြည့်နေ့တွင် တောင်ပြုန်းပွဲအား အဆုံးသတ်လေ့ရှိပါသည်။

မတ္တရာမြို့နယ်အတွင်းပါဝင်သည့် တောင်ပြုန်းအရပ်ကား မန္တလေး-မတ္တရာသွားကားလမ်းပေါ်တွင် တည်ရှိ မန္တလေးမှ (၉)မိုင်ခန့်ဝေးပြီး ကားလမ်း၊ ရထားလမ်း ရှိသည်။

အနော်ရထာမင်းကြီး၏ ကုသိုလ်တော်ဖြစ်သည့် တောင်ပြုန်းအရပ်တွင်ရှိသော ဆုတောင်းပြည့်ဘုရားပွဲတော်





တို့ ဝါခေါင်လဆန်း (၈)ရက်မှစတင်ကျင်းပ၍ လပြည့်နေ့တွင် ပွဲသိမ်းလေ့ရှိသည်။ ဘုရားပွဲဖြစ်သော်လည်း ဘုရားပွဲအနေဖြင့်မထင်ရှားဘဲ နတ်ပွဲအဖြစ်ဖြင့်သာ ပေါ်လွင်ထင်ရှား လူသိများလျက်ရှိပေသည်။

တောင်ပြုန်းနတ်ပွဲလာ ပရိသတ်များမှာ အနယ်နယ်မှ နတ်ထိန်း၊ နတ်အုပ်၊ နတ်ကတော်ကနားစီးများ၊ နတ်ယုံကြည်ကိုးကွယ်သူများ၊ ဈေးသည်များနှင့် အပျော်ကြူးလိုကြသူများဖြစ်ပြီး ပွဲတော်လာပရိတ်သတ် များပြားလှသည်။

တောင်ပြုန်းနတ်ပွဲတွင် နတ်ပေါင်းစုံတို့ စုပေါင်းရောက်ရှိကြပြီး နတ်ညီလာခံကျင်းပလေ့ရှိသည်ဟု နတ်ယုံကြည်သူတို့က ယုံကြည်ပြောဆိုကြသည်။

တောင်ပြုန်းပွဲနှင့် ရတနာ့ဂူပွဲဆက်စပ်မှုရှိပုံမှာ ဤသို့ဖြစ်လေသည်။

ပုပ္ပားမယ်တော်ကြီး (မယ်ဝဏ္ဏ)သည် နှစ်စဉ်နှစ်တိုင်း သားတော်နှစ်ပါး၏ နတ်ပွဲကို လာရောက်ချီးမြှောက်လေ့ရှိသည်။ တောင်ပြုန်းနတ်ပွဲပြီး၍ ပုပ္ပားသို့အပြန်ခရီးတွင် အမရပူရအနီးရှိ ရတနာ့ဂူဘုရားတွင် စခန်းထောက်အဖြစ် ခွန်းထောက်ရပ်နားလေ့ရှိခြင်းကြောင့် ရတနာ့ဂူနတ်ပွဲကို ကျင်းပရခြင်းဖြစ်သည်။

တောင်ပြုန်းမင်းနှစ်ပါးကို နှစ်စဉ်အောက်ပါအစီအစဉ်အတိုင်း ကျင်းပလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

-ဝါခေါင်လဆန်း(၈)ရက် နတ်နန်းဖွင့်ပွဲအကြိုအဖြစ် မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာမှ ရှာသူရှာသားများ နတ်ပ,သပန်းဆက်ကြသည်။

-ဝါခေါင်လဆန်း(၁၀)ရက် ညနေပိုင်းတွင် မင်းနှစ်ပါးနန်း၌ နတ်ကြီးငါးပါးပင့်၍ နတ်ညီလာခံကျင်းပရန်အတွက် ဆိုင်းသံဖြင့် စတင်တီးမှုတ် အချက်ပေးလေ့ရှိသည်။ ထိုသို့ နန်းကြီးမှ ဆိုင်းသံဖြင့် စတင်တီးမှုတ်အချက်ပေးမှ ကျန်သည့် နတ်များက သီဆိုတီးမှုတ်ကြရသည်။ မင်းနှစ်ပါးနန်း၏အရင် (သို့မဟုတ်) ပြိုင်လျက် နတ်ဆိုင်းမတီးရပေ။

-ဝါခေါင်လဆန်း(၁၁)ရက်တွင် မင်းနှစ်ပါးချိုးရေတော်သုံးပွဲ ကျင်းပသည်။ တောင်ပြုန်းပွဲ၏ ကြက်ပျံမကျ အစည်ကားဆုံးရက်များ ဖြစ်သည်။

-ဝါခေါင်လဆန်း(၁၃)ရက်နေ့တွင် ထိမ်ခုတ်ပွဲကျင်းပသည်။ မင်းနှစ်ပါးအား တိုင်တည်အမိန့်ခံ၍ တစ်ချက်တည်းနှင့် ဓါးဖြင့်အပြတ်ခုတ်ရသော ထိမ်ပင်အသားကို ယုံကြည်သူများက အလုအယက်ယူငင်လျက်. . စီးပွားလာဘ်လာဘဖြစ်ထွန်းပြီး ဘေးမသီရန်မခ ကြံသမျှအောင်မြင်စေရန်. . အဆောင်ရုပ်ထု လုပ်ဆောင်ထားလေ့ရှိသည်။

-ဝါခေါင်လဆန်း(၁၄)ရက်နေ့လယ်ပိုင်းတွင် မင်းနှစ်ပါး သောက်တော်ကြူးဖို့ အမြည်းအတွက် တစ်ပြိုင်တည်းမိအောင် ဖမ်းထားသည့် အဖို,အမ ယုန်ကင်နှစ်ခုကို ယုန်တော်





ဆက်နန်းမှ မင်းနှစ်ပါးနန်းသို့ ဆိုင်ရာပိုင်ရာ ကွန်းထိန်းများက သွားရောက်ဆက်သကြသည်။

-ဝါခေါင်လပြည့်နေ့တွင်မူ မင်းနှစ်ပါးအားရည်စူး၍ ပင့်သံဃာအရှင်မြတ်တို့အား ဆွမ်းကြီးလောင်းပွဲ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပကြကာ တောင်ပြုန်းမင်းနှစ်ပါး ပ,သသည့်ပွဲတော်အား အဆုံးသတ်အောင်ပွဲခံသောနေ့ဖြစ်သည်။

နတ်တော်လဆန်း(၁၀)ရက်နေ့၌ ဂန္ဓာရပြည်သို့ စစ်ချီထွက်မည့် မင်းနှစ်ပါးဦးဆောင်ကာ မြန်မာ့တပ်မတော်သားများအား ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက်၊ ငါးသေတ္တာ စသည့် ရိက္ခာခြောက်များအား စစ်လမ်းခရီးတွင် စားနပ်ရိက္ခာအဖြစ် သုံးစွဲရန် နတ်ယုံကြည်သူတို့က လာရောက်ဆက်သကြသည်။

တပေါင်းလဆန်း(၁၁)ရက်တွင် ဂန္ဓာရပြည်မှ သိကြားမင်းဆက်နှင်းသော မြဆင်းတုတော်ကို ပင့်ဆောင်လျက် အောင်ပွဲနှင့်အတူ ပြန်လာကြသည့် တောင်ပြုန်းမင်းနှစ်ပါးနှင့် စစ်သည်တို့အား လိုက်လှဲဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုကြပြီး မင်းနှစ်ပါးနှင့်စစ်သည်ရဲမက်များ အောင်ပွဲခံ၍စားသောက်နိုင်ရန် ဒံပေါက်၊ ယမကာ၊ စီးကရက်များ အလျှံပယ် လာရောက်ဆက်သကြသည်။

ကုန်းဘောင်ခေတ်သို့ရောက်သောအခါ နတ်သဘင် ဗိုပြင်ပြင်ကျင်းပပုံကို ထပ်မံဖော်ပြလိုပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်က ဝါခေါင်လပြည့်နေ့မတိုင်မီတွင် ပွဲတော်ကို ကျင်းပကြပြီး လပြည့်နေ့တွင် တောင်ပြုန်းပွဲအား အဆုံးသတ်လေ့ရှိပါသည်။

တောင်ပြုန်းပွဲတော်ပြီးစီးသွားသောအခါ နတ်ထိန်းများ၊ နတ်ကတော်များက ရတနာ့ဂူဘက်သို့ ကူးလာကြသည်။ ရတနာ့ဂူမှာ တောင်ပြုန်းပွဲတော်မှ ပုပ္ပါးသို့ပြန်ကြွမည့် ပုပ္ပါးမယ်တော်၏ ကွန်းထောက်စခန်းချပွဲအဖြစ် ကျင်းပကြခြင်းဖြစ်သည်။ တောင်ပြုန်းမင်းညီနောင်တို့ ပုပ္ပါးမယ်တော်ကို လိုက်ပို့သောပွဲဟု ဆိုကြသည်။

ရတနာ့ဂူဘုရားမှာ အင်းဝမင်းကြီးစွာလက်ထက် ဓါတ်တော်(၁၅)ဆူကို ဌာပနာပြုကာ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းပုပ္ပားမယ်တော် ကွန်းထောက်စခန်းချပွဲကို ကုန်းဘောင်ခေတ်လယ်ပိုင်း၊ စစ်ကိုင်းမင်း(ဘကြီးတော်)လက်ထက် (၁၈၂၁)ခုနှစ်က စလင်းမင်းသားကြီးဦးအို၏လူများ စတင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ပုပ္ပါးမယ်တော်ဟူသည်ကား မယ်ဝဏ္ဏပင်ဖြစ်ပါသည်။ သူ၏မူလနတ်နန်းသည် ကျောက်ပန်းတောင်းနယ် ပုပ္ပါးတောင်တွင်သာရှိသည်။ တောင်ပြုန်းမှနတ်နန်းမှာ ယာယီနတ်နန်းသာဖြစ်ပါသည်။

နတ်ကိုးကွယ်ယုံကြည်သူများက တောင်ပြုန်းတွင်





မင်းနှစ်ပါးပွဲတော်ကျင်းပနေချိန်တွင် မယ်တော်မယ်ဝဏ္ဏသည် နတ်သဘင်သို့လာရောက်တတ်သည်ဟု ယုံကြည်ကြသည်။

ပုပ္ပါးမယ်တော်နှင့်ပတ်သက်သော နတ်အချို့မှာ မယ်ခေမာနတ်နှင့် တောင်တော်သခင်မနတ်တို့ဖြစ်သည်။

မယ်ခေမာနတ်မှာ ပုဂံမှ ပုဏ္ဏားအမတ်တစ်ဦး၏ သမီးဖြစ်ပြီး ပုပ္ပါးမယ်တော်က ချစ်မြတ်နိုးသဖြင့် လိပ်ပြာနုတ်လျက် အနီးတွင်ခေါ်ယူထားသူဖြစ်သည်ဟု ဆိုပါသည်။

တောင်ပြုန်း၌ပင် တောင်တော်သခင်မနတ်လည်းရှိသည်။ ထိုနတ်ကို မမဦးနတ်ဟုလည်း ခေါ်ဆိုကြသည်။

မမဦးတာ ပြင်ဦးလွင်နှင့် မတ္တရာနယ်စပ်ရှိ သခင်မတောင်ခြေမှ အင်ကျယ်ရွာသူဖြစ်သည်။ ချောမောလှပပြီး သက္ကန်းရက်ကျွမ်းကျင်သူဖြစ်သည်။ သူမက တောင်ပြုန်းရွာမှ ကိုရင်မောင်နှင့်အိမ်ထောင်ကျကာ သျှောင်နောက်ဆံထုံးပါ ဆိုသကဲ့သို့ တောင်ပြုန်းသို့ရောက်ရှိလာခဲ့သည်။

တစ်နေ့တွင် ကိုရင်မောင်သည် မဲဇာဘက်သို့ သစ်ခုတ်သွားခိုက် ရွှေဖျဉ်းငယ်က မမဦးကို ချစ်ရေးဆိုခဲ့သည်။ သို့သော် မမဦးက ကိုရင်မောင်အပေါ် သစ္စာမဖောက်ဖျက်နိုင်ဟု ဆိုသဖြင့် ရွှေဖျဉ်းငယ်က နတ်ကျားနှင့်ကိုက်စေခဲ့ရာမှ မမဦးနတ် ဖြစ်လာခဲ့သည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်တွင် တောင်ပြုန်းနတ်နန်းအား အစဉ်အလာအရ ဆက်လက်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းရသူမှာ နတ်ထိန်းဒေါ်ခွေးဖြစ်သည်။

သီပေါမင်းလက်ထက်သို့ရောက်သောအခါ နတ်ထိန်းဒေါ်ဆွဲက ဆက်လက်ထိန်းသိမ်းတာဝန်ယူခဲ့သည်။

ကိုလိုနီခေတ်တွင်မူ ဒေါ်ဆွဲ၏သမီး ဒေါ်စိုက ဆက်လက်ထိန်းသိမ်းခဲ့ရ၏။ ယင်းနောက် နန်းထိန်းဒေါ်စိုနှင့် ဦးဖိုးတို့က ပေါက်ဖွားလာသော အဆက်အနွယ်များက ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။

မြန်မာမင်းများလက်ထက်က မင်းညီနောင်နှစ်ပါး၏ ရေစင်တော်ကိုယူကာ မြန်မာဘုရင်မိဖုရားများထံ မင်းမှုထမ်းများက ပြန်လည်ဆက်သကြရသည်။

တောင်ပြုန်းမင်းနှစ်ပါးပွဲပြင်ရာတွင် ပါဝင်ရသည့် ပစ္စည်းများမှာ အုန်းအလုံးကြီးကြီးချောချော အနာအဆာလွတ်၊ အရောင်လှလှ၊ ကြွက်မြီးကောင်းကောင်းတစ်လုံး၊ ငှက်ပျောအလုံးလှ၊ အဖီးလှ၊ အနာအဆာလွတ်ရခိုင်(သို့မဟုတ်) ဖီးကြမ်းအစိမ်း(၂)ဖီး၊ အခြံအရံပစ္စည်းများအဖြစ် သပြေ(၂)ခက်၊ စံပယ်ပန်း၊ ပွဲပြင်ဇလုံ၊ ကွမ်းယာ(၂)ယာ၊ လက်ဖက်ထုပ်(၂)ထုပ်၊ အမွှေးတိုင်(၂)တိုင်၊ ငှက်ကြီးတောင်ဓါး(၂)လက်၊ မုန့်ဖြူမုန့်နီ(၇)ချပ်စီတို့ ဖြစ်သည်။

အိန္ဒိယနိုင်ငံလုပ် အမွှေးတိုင်(၂)တိုင်ကို ပွဲအတွင်း ထွန်းညှိပါ။ တရုတ်နိုင်ငံလုပ် ပစ္စည်းများကို မသုံးရပါ။ ပြည်တွင်းပြည်ပထုတ် နံ့သာမွှေး၊ နံ့သာဖြူ/နီ၊ သနပ်ခါးရည်





သည်တို့ကို ပွဲအတွင်းသို့ သပြေခက်ဖြင့် ဆွတ်ဖျန်းပက်ရသည်။

မုန့်ဖြူမုန့်နီ(၇)ချပ်စီထည့်ထားသော ပန်းကန်ပြားတစ်ချပ်၊ အိန္ဒိယအစားအစာ ဒံပေါက်၊ ပလာတာ၊ စမူဆာ၊ ချလေဘီ၊ မလိုင်လုံး၊ မလိုင်ခဲ၊ ဗယာကြော်၊ အာလူးပူတီ၊ ခါကျာမုန့် . စသည့် ထည့်ထားသော ပန်းကန်ပြားတစ်ချပ်၊ အဖုံးဖွင့်ထားသော အချိုရည်(အရက်)(၂)ပုလင်း၊ မီးညှိပြီး ပန်းကန်ပြားတစ်ချပ်တွင် ထည့်ထားသော စီးကရက်(၂)လိပ်သည်တို့ကို ပွဲရှေ့တွင် ပြင်ဆင်ထားရပါသည်။

ကျားနှင့်ဓါးမှာ မင်းညီနောင်၏ အမှတ်အသား အဆောင်အယောင်ဖြစ်ခြင်းကြောင့် မင်းနှစ်ပါးကို ပ,သရာတွင် ကျားနှင့်ဓါးတို့ ပါဝင်ရသည်။

စီးတော်ကျားအတွက် အစားအစာအဖြစ် အမဲသားအစိမ်း(အရိုး၊ အကြော၊ အရေမပါစေရ) အသားသက်သက်ကို ပန်ကန်ပြားတစ်ချပ်တွင် တုံး၍ထည့်ပြီး ကျားအနီးတွင်ထားရမည်။ ငှက်ကြီးတောင်ဓါး(၂)လက်ကိုမူ မင်းနှစ်ပါး၏ လက်ယာဘက်တွင် တစ်လက်စီထားရပါမည်။

ပုပ္ပါးမယ်တော်ကြီးနှင့် တောင်ပြုန်းမင်းနှစ်ပါးကိုအတူထား၍ ပ,သပါက မယ်တော့်ပုံကို လက်ယာဘက်ကထား၍ မင်းနှစ်ပါးပုံကို လက်ဝဲဘက်ကထားပါ။ အချို့က မယ်တော်ပုံကို အလယ်မှာထားပြီး မင်းကြီးက လက်ယာဘက်၊ မင်းလေး



www.burmeseclassic.com

www.burmeseclassic.com



က လက်ဝဲဘက်ကရံလျက်ထား၍ ပ,သကြသည်။

မင်းကြီးမင်းလေးကို အမှုအခင်းကိစ္စများအနိုင်ရရန် စီးပွားတိုးတက်ရန် စသည့် လူမှုရေး၊ စီးပွားရေးကိစ္စများအ တွက် အဓိဋ္ဌာန်တင်၍ ပ,သပူဇော်ကြခြင်းဖြစ်သည်။

အထူးအားဖြင့် မင်းနှစ်ပါးအား ပွဲပေးဆက်သရာတွင် တစ်ပါးတည်းခွဲ၍ မပြုလုပ်ရပေ။ မင်းနှစ်ပါးအတွက် အပိုအ လိုမရှိ မျှတညီညွတ် အချိုးအစားညီစွာ ပြုလုပ်ကြရပေသည်။

အဓိဋ္ဌာန်တင်ခြင်း၊ ကတိပေးခြင်းများပြု၍ တိုင်တည် မှုပြုပြီးအောင်မြင်သည့်အခါ နတ်နှင့်နဂါးတို့ကို မလှည့်စားဘဲ ပေးထားသည့်ကတိတည်အောင် ဆောင်ရွက်ရသည်။

လိုအပ်သည်ထက်ပို၍ မင်းနှစ်ပါးထံ မတောင်းခံသ ပေ။ ထိုနည်းတူစွာ ဝန်နှင့်အားညီမျှတာဝန်ယူနိုင်သည့် က ကိုသာပေးသင့်သည်ဟု နတ်ယုံကြည်သူတို့က ဆိုကြပေသည်။

အယူအစွဲကြီးမားပြီး မင်းနှစ်ပါးကိုးကွယ်သူများ တရုတ်အမဲကို အိမ်တွင်းသို့မသွင်းကြ။ အိမ်ပေါ်တွင်မစား ကြ။ သို့သော် ပြင်ပတွင်စားခွင့်ရှိသည်ဟုဆိုကာ စားသုံး သည်။ သို့သော် စားသုံးမည့်သူသည် မင်းနှစ်ပါးထံခွင့် ကြားပြီးမှ စားသုံးခွင့်ရှိသည်။

အချို့အရပ်ဒေသတွင် ခရီးသည်တင်ယာဉ်များ ဝက်သားစိမ်း(သားစိမ်း)နှင့် ချက်ပြုတ်ပြီးဟင်းလျာများ တင်ဆောင်ခြင်းမပြုပေ။ မင်းနှစ်ပါးကို ယုံကြည်သောကြော





ရှောင်ခြင်းဖြစ်သည်။

ဝါဝင်ဝါထွက်တွင် မင်းနှစ်ပါးအား တင်မြှောက်ပ,သ သည့်ပွဲတော်ကျအား အိမ်သူအိမ်သား ဆွေမျိုးသားချင်းများ အားလုံး ဝေငှစားသုံးနိုင်သည်။

အမှုအခင်း၊ အရောင်းအဝယ်စသည့် လုပ်ငန်းတစ် ရပ်ရပ်ကို အကြောင်းပြု၍ တင်မြှောက်ပ,သသည့် ပွဲတော် ကျကိုမူ ကွန်းနန်းအလှူရှင်ပွဲတော်ဆက် ကာယကံရှင်သာ လျှင် သုံးစားခွင့်ရှိပြီး လိုရာဆန္ဒကို မင်းနှစ်ပါးထံ မြွက်ဟပြော ဆိုတောင်းနိုင်ပေသည်။

မင်းနှစ်ပါးကို မယုံကြည် မကိုးကွယ် မပ,သသူများ အား တင်မြှောက်ပ,သထားသော အစားအသောက်ကို ဝေငှ စားသောက်ခြင်းမပြုရဟုဆိုသည်။

ဤအချက်များကား တောင်ပြုန်းမင်းနှစ်ပါးအ ကြောင်း သိကောင်းစရာများဖြစ်ပေသည်။

အထက်၌ရေးသားဖော်ပြပေးခဲ့သော အကြောင်း အရာများမှာ မြန်မာပြည်တနံတလျားတွင် ကျင်းပပြုလုပ်ကြ သော ဒေသန္တရပွဲတော်များထဲတွင် ထင်ရှားလှသည့် တောင် ပြုန်းပွဲတော်နှင့် သက်ဆိုင်သောအကြောင်းအရာ အချို့ပင် ဖြစ်ပေသည်။

ကုန်းဘောင်ခေတ်၌ တောင်ပြုန်းပွဲတော်ကျင်းပခဲ့ပုံကို အနည်းငယ်ဖော်ပြပေးခဲ့ပြီးဖြစ်သလို သီပေါမင်းလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဖြစ်ခဲ့သော ထူးခြားထင်ရှားသည့် အဖြစ်အပျက် အကြောင်းအရာအချို့ကိုလည်း ဆက်လက်ရေးသားဖော်ပြပေးရပေဦးမည်။





## အခန်း - (၂)

# တောင်ပြုန်းတရားစီရင်ခြင်း

ရှေ့အခန်း၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွင်း ကျင်းပသော နတ်ကန္နားပွဲတော်များထဲတွင် တောင်ပြုန်းမင်းနှစ်ပါးပူဇော်သည့်ပွဲတော်မှာ လူအစည်ကားဆုံးပွဲတော်တစ်ခုလည်း ဖြစ်ပေသည်။

မန္တလေးကိုဗဟိုပြုပြီး အထက်အညာ၊ အောက်အရပ်ဒေသများကပါ လာရောက်ပူဇော်ရသော ပွဲကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပရာတွင်လည်း ရက်အကြာဆုံး၊ အရှည်ဆုံး နတ်ပွဲတစ်ပွဲလည်းဖြစ်ပေသည်။

မန္တလေးကိုဗဟိုပြု၍ဟု ရေးသားရာတွင် တောင်ပြုန်းပွဲတော်သို့ မန္တလေးမှတဆင့် သွားရောက်ကြသောကြောင့်လည်း ဖြစ်ပေသည်။

အောက်အရပ်ဒေသများမှ နတ်ကန္တားပေးသော လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် နတ်ကတော်(နတ်ကန္တားစီး)အဖွဲ့များမှာ တောင်ပြုန်းပွဲတော် ကျင်းပသည့်အခါ မဖြစ်မနေဆိုသလို သွားရောက်ကြရပေသည်။ ပွဲတော်ကျင်းပရာတွင် အခန်းများယူပြီး ကိုယ့်အဖွဲ့နှင့်ကိုယ် နတ်ကန္တားပေးကာ ပူဇော်ပသကြရလေသည်။

ရှေးအခါကပင် မန္တလေးမှ တောင်ပြုန်းပွဲတော် ကျင်းပသောရက်များရောက်သည့်အခါ ကားများ၊ ရထားများ ပြေးဆွဲပေးလေ့ရှိကြသည်။ ကားခေတ်၊ ရထားခေတ်မတိုင်ခင် ကုန်းဘောင်ခေတ်အထိလောက်ကတော့ မန္တလေးမှ မတ္တရာ ရောက်သည်အထိ လှေများဖြင့် သွားရောက်ကြရလေသည်။

ယခင်က မန္တလေးဈေးချိုတော်မှ တောင်ပြုန်းပွဲတော် ရောက်သည်အထိ လှေများဖြင့် သွားခဲ့ကြသည်။ ယခုအခြေအနေဖြင့်ကြည့်လျှင်တော့ ယုံနိုင်စရာ မရှိခဲ့ပါပေ။

ရှေးအခါက မန္တလေးဈေးချို အနောက်ဘက်နားမှာ ကပ်လျက်သားစီးနေသည့် ချောင်းတစ်ချောင်းရှိခဲ့ဖူးသည်။





'နဲ့ကုပ်သို'ဟုအမည်ရသော ရွှေတချောင်းမြောင်းပင် ဖြစ်လေသည်။ ထိုချောင်းမှ လှေများဖြင့် တောင်ပြုန်းပွဲတော် ရောက်သည်အထိ သွားလာ၍ရသည်။

ရွှေတချောင်းမြောင်းကို ဘိုးတော်ဘုရားလက်ထက်ကတည်းကပင် မတ္တရာကနေ အမရပူရနေပြည်တော် 'တက်သိမ်းအင်း' ရောက်သည်အထိ သွယ်ဖောက်ခဲ့ကြခြင်းဖြစ်ပေသည်။ အရှည်တာပေါင်း (၂၇၀၀)ထိ ရှည်လျားလေသည်။

ထိုမြောင်းကိုဖောက်လုပ်ခဲ့သော ရည်ရွယ်ချက်မှာ လယ်ယာမြေများကို ရေပေးဝေရန်နှင့် မတ္တရာနှင့်အမရပူရနေပြည်တော်အထိ ရေလမ်းခရီးသွားလာနိုင်ရန် ရည်ရွယ်ပြီး သွယ်ဖောက်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံခေတ်ရောက်တော့ ထိုချောင်းမှရရှိသော ရေကောင်းရေသန့်တို့ကို မတ္တရာနယ်တစ်ကျောမှာရှိသော လယ်ယာမြေများကို ရေပေးဝေနိုင်ရုံမကတော့ဘဲ မန္တလေးမှာနေကြသော မြို့သူမြို့သားများ သုံးရေချိုးရေအတွက် အသုံးပြုနိုင်ခဲ့ကြသည်။

ထို့ပြင် မတ္တရာနယ်ကထွက်သော အသီးအနှံတို့ကို လှေများဖြင့်တင်ဆောင်ယူလာပြီး မန္တလေးသို့ပို့ဆောင်ပေးနိုင်ခဲ့ကြလေသည်။

ရွှေတချောင်းမြောင်းက မန္တလေးမြို့သားတွေအတွက် ရေပေးနိုင်ရုံမကဘဲ တောင်ပြုန်းပွဲတော်ရက် ရောက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ ဈေးချိုတော်အနီးမှလှေများဖြင့် ပွဲတော်ကျင်းပရာ မတ္တရာအထိ သွားလာရာမှာလည်း အသုံးဝင်လှပေသည်။

ရနောင်မောင်မောင်တုတ်ဆိုသည်မှာ သီပေါမင်းက သဘောကျနှစ်သက်သောကြောင့် 'မင်းတစ်သက်ငါတစ်သက် ငါ့ခါးငါ့လက်ချက်နဲ့မသေစေရ' ဟု အာမခံချက်ရရှိသူတစ်ယောက်ဖြစ်သည်။

သို့သော် ရနောင်မောင်မောင်တုတ်ဆိုသည်မှာ လူတော်လူကောင်းတစ်ယောက်တော့ မဟုတ်ပေ။

ဘုရင်၏မျက်နှာသာပေးထားခြင်းခံရသူ ဖြစ်သဖြင့် စိတ်ထင်တိုင်း ဆိုးမိုက်သူတစ်ဦးဖြစ်သည်။ သူအုပ်ချုပ်သောနယ်မြေအတွင်းမှာရှိသော မိန်းမများကို လင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အတင်းသိမ်းပိုက်တတ်သူဖြစ်သည်။

မိန်းမတစ်ယောက်ကို နှစ်သက်ပြီဆိုလျှင် လက်ရှိပေါင်းသင်းနေသောလင်ယောက်ျားကို အပြစ်မရှိအပြစ်ရှာ၍ ဖမ်းဆီးသတ်ဖြတ်ကာ မိန်းမကိုသိမ်းယူတတ်သူဖြစ်သည်။

ထိုမျှယုတ်မာရက်စက်တတ်သူတစ်ယောက်ကို သီပေါဘုရင်က 'ငါ့ခါးနဲ့မသေစေရ'ဟု အာမခံချက်ပေးထားပြီး တောင်ပြုန်းပွဲတော် ကျင်းပသည့်ရက်ရောက်လျှင် ရနောင်မောင်မောင်တုတ်ကို အာဏာကုန်လွှဲပေးကာ စီမံအုပ်ချုပ်မှုပြုစေသည်။

တကယ်တော့ အရည်အချင်းရှိသည်ဖြစ်စေ၊ မရှိ





သည်ဖြစ်စေ၊ လူဆိုးလူမိုက်များပင် ဖြစ်လင့်ကစား အာဏာရှိသူနှင့် ပူးပေါင်းတတ်ပါက အခွင့်အရေးရခြင်းမှာ လူ့လောကတွင် ရှေးအဆက်ဆက်ကပင်ရှိခဲ့ပေသည်။

ရှေ့၌အပိုးကျိုးသယောင်ပြုပြီး နောက်ကွယ်၌ဆိုးချင်တိုင်းဆိုးတတ်သည့် မခုတ်တတ်သည့်ကြောင်လို လူမျိုးတွေက လောကတွင်အများကြီးရှိကြပေသည်။

ကုန်းဘောင်ခေတ်တွင် တရားစီရင်ဆုံးဖြတ်ကြရာတွင် သေးငယ်သောအမှုများကို အောက်၌ပြီးစေ၊ ကြီးသောအမှုအခင်းများကိုတော့ နေပြည်တော်မှာရှိသော လွှတ်တော်ရုံးတော် အဆင့်ဆင့်ကိုတင်ပြကာ အဆုံးအဖြတ်ခံယူကြရသည်။ တရားစီရင်ရာလွှတ်တော်ရုံးတော်တို့မှာ မန္တလေးနေပြည်တော်၌ပင် ထားရှိလေသည်။

ရှေးခေတ်က တရားစီရင်ဆုံးဖြတ်မှုများနှင့်ပတ်သက်သည့် ဗဟုသုတရနိုင်စရာများကို ထည့်သွင်းရေးသားပေးပါသည်။

တရားရုံးသို့ မည်သူမဆိုလာရောက်ပြီး မိမိနစ်နာချက်ကိုတင်ပြ၍ ရသင့်ရထိုက်သောအခွင့်အရေးကို တောင်းခံနိုင်သည်။ တရားရုံးအနေဖြင့် လူလူချင်းစကားများသည့်ဆွေမျိုးကို ကြားနာစစ်ဆေးပေးပါသည်။

အမွေမှု၊ နယ်မြေမှုတို့သည် လွှတ်တော်နှင့်ဆိုင်သည်။ ရှေ့ရုံးသည် ဆိုးခိုးသတ်ဖြတ်လုယက်မှုများနှင့် ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ နောက်ရုံးသည် နန်းတော်အနောက် မိန်းမပိုင်းဆိုင်ရာ အမှုများကို စစ်ဆေးသည်။

ရုံးစရိတ်များသည် တဖြည်းဖြည်းများများလာသည်။ ရုံးခွန်မတိုးရန် ရုံဖန်ရုံခါထုတ်ပြီးတားမြစ်သည့် အမိန့်တော်များရှိသည်။

တရားသူကြီးအချို့သည် သူမစစ်နိုင်သောအမှုများကို သတိပြု၍မရှောင်ဘဲ လက်ခံထားခြင်းများရှိလာသဖြင့် နောင် ဤသို့လက်မခံရန် သတိပေးသောအမိန့်တော်လည်း ရှိပေသည်။

ထို့ပြင် တရားလိုတရားခံ စုံညီမရှိပါက အမှုကိစ္စနှင့် ပတ်သက်၍ မည်သည့်အကြောင်းမျှမပြောရ၊ မလုပ်ရဟူ၍ အမိန့်တော်ထုတ်ရဖူးပါသည်။

တရားရုံးဆုံးဖြတ်ချက်ကိုလည်း နှစ်ဖက်ကျေနပ်လက်ခံမှ ရေးပေးရန်ဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်ကို "လက်ဖက်စား ချက်ဖြတ်ထုံး" ဟုခေါ်သည်။ ဆုံးဖြတ်ချက်ကို နှစ်စလုံးကျေနပ်သဖြင့် လက်ဖက်အတူစားခြင်းကို ဆိုလိုသည်။

တရားလိုတရားခံ နှစ်ဦးနှစ်ဖက်ညှိပြီး အမှုကို ရုံးက ရုတ်သိမ်း၍လည်းရသည်။

မိမိလက်အောက်ငယ်သားက အမှုသည်ဖြစ်နေပါက အရာရှိသည် တရားရုံးတွင် မိမိလူဘက်ကဝင်၍ ပြောဆို





ဆောင်ရွက်ခြင်းမပြုရပါ။

မည်သည့်တောင်သူလယ်သမားကိုမှ စပါးပျိုးချိန် စပါးစိုက်ချိန်မှာ ရုံးတော်သို့ တရားခံအဖြစ်ဖြစ်စေ၊ အမှုအတွက် သက်သေခံရန်အတွက်ဖြစ်စေ မဆင့်ခေါ်ရဟူသော အမိန့်တော်များ ရှိပါသည်။

ဘုရင်တစ်ပါး၏အမိန့်တွင် စစ်မက်ကာလပြီးမှ အမှုများကိုစစ်ဆေးရန်ပါရှိသည်။

ဖော်ပြထားသည့်အချက်များအရ ထိုခေတ်ထိုအခါက လူတို့သည် အမှုကိစ္စဖြစ်လာပါက တရားရုံးတင်ခြင်းထက် လူကြီးသူမနှင့်သာ ဖြန်ဖြေကြေအေးမှုကို သဘောတူ သက်ခံခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

ရှင်ဘုရင်သည် ရုံးတော်ကို မလာကောင်းလားဟူ၍ အပြစ်မယူပေ။ လက်ရောက်ကျူးလွန်သည့် အပြစ်မျိုးကိုပင် လျှင် ရုံးမတင်၍ဖြစ်သည်။ လူကြီးများ၏ရှေ့မှာ "နောင်ဒါမျိုးမဖြစ်စေရပါဘူး. . "ဟု ခန်ဝံကတိပေးပါက အပြစ်ဒဏ်မခံရဘဲ လွှတ်ပေးခြင်းကို တွေ့ရတတ်ပါသည်။

အမိန့်တော်ရရှေ့နေများကို ရုံးလိုက်ခွင့်ပြုထားပါသည်။ သို့သော် အမှုသည်တစ်ယောက်အတွက် ရှေ့နေနှစ်ဦးကို လိုက်ခွင့်မပြုခဲ့ပေ။

ထိုခေတ်က ရှေ့နေကို မြို့ပြင်မှာ ရပ်ကွက်သီးခြားပေးပြီး နေထိုင်စေသည်။ လူသာမန်နှင့် ခွဲလို့ရစေရန် ရှေ့နေ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း ဦးထုပ်ချွန်ဆောင်းရသည်။ အရိုးဝါနှင့်ယပ်တောင် ကိုင်ရသည်။ လွယ်အိတ်လွယ်ထားရသည်။ ရှေ့နေခအဖြစ် အမှုသည်ထံမှ ကြေးသုံးကျပ်ခွဲသား ယူခွင့်ရှိသည်။

ရှေ့နေသည် တရားခွင်တွင် မမှုသတ်စကားကလွဲ၍ စကားတတ်တိုင်း မပြောရပေ။ စကားများများပြောလွန်းပါက တရားသူကြီးက ရှေ့နေကို ကြိမ်ဒဏ်အချက်တစ်ရာခံစေဟု အပြစ်ပေးနိုင်သည်။ အကယ်၍ ရှေ့နေက ရုံးတော်ကိုမထီမဲ့မြင်ပြုပါက ပြည်နှင်ဒဏ်ပေးနိုင်သည်။

တရားအဆုံးအဖြတ်ကို မကျေနပ်သဖြင့် အယူခံဝင်ချင်ပါက ရှေ့နေအနေဖြင့် အယူခံလွှာကို ရေးပေးခွင့်ရသည်။ အယူခံလွှာကိုပူးတွဲပြီး အထက်ရုံးကိုတင်ရသည်။ ရှေ့နေလိုက်ခွင့်ရသည့်အခါ ကျမ်းသစ္စာကျိန်ရသည်။

ထိုခေတ်တွင် ရာဇဒဏ်ရှစ်မျိုးရှိသည်။ ၎င်းတို့မှာ သတ်၊ ဖြတ်၊ ကွက်၊ မှတ်၊ ဖြည့်၊ ထည့်၊ ပို့၊ အပ် တို့ဖြစ်သည်။ ဆိုလိုသည်မှာ. . .

၁။ သတ် = အဆုံးစီရင်ခြင်း။
၂။ ဖြတ် = လက်ကိုဖြတ်ခြင်း။
၃။ ကွက် = ပါးပေါ်မှာဆေးအနက်နှင့်အကွက်အဝိုင်း ထိုးမှတ်ပြီး လူသစ်အဖြစ် အမှုထမ်းစေခြင်း
၄။ မှတ် = နဖူးပေါ်၊ ရင်ဘတ်ပေါ်၊ လက်မောင်းပေါ်မှာ မည်သည့်အပြစ်ကိုကျူးလွန်သူဟူ၍ ဆေးနက်နှင့်စာတန်းထိုးခံရခြင်း။
၅။ ဖြည့် = ထောင်းခြင်း၊ အမှုထမ်း၊ ဝင့်သီးအမှုထမ်း၊ ဗိုင်းတာအမှုထမ်း၊ လမိုင်းအမှုထမ်းအစရှိသော ဖြည့်ထည့်ခြင်း။
၆။ ထည့် = အဝေးအလံတပ်ထွက်သည့်အခါ ထည့် ထည့်လိုက်ခြင်း။
၇။ ပို့ = မိုးကောင်း၊ ဗန်းမော်၊ မဲဇာ၊ ရွှေလီ သစ်တော လေးရပ်သို့ပို့ခြင်း။
၈။ အပ် = ညီတော်၊ သားတော်၊ တူတော်၊ မင်းညီမင်းသား၊ အမှုအမတ်တွေကိုမယုံသဖြင့် အရာကနှုတ်ပယ်ပြီး ဝန်ကြီး၊ အတွင်းဝန်၊ မြို့ဝန်၊ ဝန်ထောက်၊ ထောင်မှူးများထံတွင် ထိန်းသိမ်းစောင့်ရှောက်ပေးရန် အပ်ခြင်းမျိုးလည်း ရှိနိုင်သည်။ ခြေကျဉ်းမခွဲမှုမျိုးလည်း ရှိနိုင်သည်။

ဗဒုံမင်း၏လက်ထက်တွင် အမှုအမတ်များသည် ဗြာဟ္မဏများကဲ့သို့ စလွယ်ဆင်ပြီး အမှုကိစ္စကိုဆောင်ရွက်ကြသည်။ အမှုအကဲဖြစ်ပါက စလွယ်ကြိုးသုံးသွယ်၊ ခြောက်သွယ်၊ ကိုးသွယ်၊ ဝန်ကြီးတစ်ဆယ့်နှစ်သွယ်၊ မင်းညီမင်းသားတစ်ဆယ့်ငါးသွယ်၊ တစ်ဆယ့်ရှစ်သွယ်၊ အိမ်ရှေ့မင်းသားနှစ်ဆယ့်တစ်သွယ်၊ ရှင်ဘုရင်သည် နှစ်ဆယ့်လေးသွယ် လွယ်




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

ရသည်။

ထိုစလွယ်သည် ဝတ်ဆင်ထားသူတို့ကို မည်သည့်အလုပ်ကိုလုပ်လုပ် ဖြောင့်ဖြောင့်မှန်မှန်လုပ်ရန် အမြဲသတိပေးနေလိမ့်မည်ဟု ယူဆသည်။

ထိုခေတ်ကချမှတ်သောအမှုနှင့် ပြစ်ဒဏ်များကို တွဲ၍ဖော်ပြပါမည်။

ရာထူးအရှိန်ဖြင့် မတော်မတရားပြုလုပ်ခြင်း၊ မိုးကောင်း၊ ဗန်းမော်၊ မဲဇာ၊ ရွှေလီသစ်တောလေးရပ်ပို့။

မယားငယ်နေတဲ့ယောက်ျားကို စစ်ထွက်တဲ့တပ်မှာ ထည့်စေ။ ပေါ့လျော့သဖြင့် တရားခံအချုပ်မှလွတ်ခြင်း တာဝန်ခံအရာရှိကိုသတ်။

ပိဋကတ်မီးထဲပါလျှင် (မီးလောင်လျှင်) ကျောင်းဘုန်းကြီးတစ်ပါးနှင့် အမတ်ကြီးတစ်ဦးအားကွပ်မျက်။

လက်ရောက်မှုကျူးလွန်လျှင် မြေဆုံးကိုပို့။

ရာဇဝတ်မှုကျူးလွန်သူကို လွတ်မြောက်သွားအောင် ကူညီသူကို ကြိမ်ဒဏ်တစ်ရာခတ်။

ပြည်နှင်ဒဏ်ကျနေသူ ပြန်မခေါ်ဘဲရောက်လာပါက ကွက်မျက်။ ကန်ဘောင်ကိုချိုးဖောက်သူ မီးတိုက်သတ်။

ရောင်းဝယ်ရာ၌ စဉ်းလဲသူ(မကောင်းမှုပြုသူ၊ လိမ်ညာသူ) ဂန့်ဂေါကိုနှင်။

စစ်မှုမထမ်းလိုသဖြင့်ရှောင်တိမ်းသူ ဒဏ်ငွေ(၁၅၀)





ဆေးဆောင်စေ။

မကူမညီနေသူ (ဝန်ထောက်)နေလှန်း။

စစ်သည်သူရဲ ပြည့်အောင်မစုဆောင်းနိုင်ပါက တပ်သားစုဆောင်းသောဗိုလ်ကိုကွပ်မျက်၊ ရာထူးမှမနုတ်ပယ်။

ဘုရားပွဲရန်ဖြစ် ကွပ်မျက်။

ငါးမျှားရရေကန်၌ငါးမျှားမှု ဗိုလ်ကိုကွပ်မျက်။

အကြံဉာဏ်မကောင်းဘဲပေးမိပါက နေလှန်း။

ဖောင်တော်ပေါ်၌ ကာမကျူးလွန်သူယောက်ျားကို သစ်တောပို့ မိန်းမကိုစုကြမ်းမှာသွင်း။

မိစ္ဆာဒိဋ္ဌိ(အယူမှားသူ)သစ်တောပို့၊ ကွပ်မျက်။

အမတ် အဆုံးအဖြတ်မပေးတတ်၊ မပေးဝံ့ နေလှန်း။

ရှေ့နေက တရားသူကြီး အဆုံးအဖြတ်မှားအောင်ပြုလုပ်ပါက တောပို့။

စားဖို့အမဲပေါ်လျှင် ကွပ်မျက်။

လင်ကိုသတ်သူမယား အပြစ်မှလွတ်။

မယားကိုသတ်သူလင် အပြစ်မှလွတ်။

ရန်သူကိုနိုင်အောင် ဆေးအစီရင်သုံးက ထောင်ပို့။

လူသတ်လျှင် သေစားသေစေ။

မုဒိမ်းကျင့်က တောပို့။

လမိုင်းထွက်ပြေးသူ အကျဉ်းချ။

မြို့ရွာကိုမီးတိုက်သူ မီးတိုက်သတ်။


www.burmeseclassic.com

www.burmeseclassic.com



မြေမှုတွင် မမှန်သည့်ဘက်မှပံ့ပိုးသူ လက်ဖြတ်၊ လျှာဖြတ် သစ်တောပို့။

လာဘ်စား၊ ငွေရှည်ကျိုပြီး အာခေါင်မှာလောင်း၊ စားယူတဲ့ငွေကိုပြန်ပေးစေ။

လျှို့ဝှက်ချက်ကိုစာဖြင့်ရေးမှတ် လက်ဖြတ်။

စကားများတဲ့မိန်းမ အာကိုဟပ်။

ပိတ်ပင်ချက်ကိုပြောမိလျှင် တောပို့။

ခိုးမှုပြုလျှင် ကွပ်မျက်။ ယောက်ျားကိုတပ်ထဲထည့်၊ မိန်းမဆိုလျှင် စုကြမ်းမှာထည့်။

စုနိမ့်က စုမြင့်သို့ကိုယ့်ဘာသာပြောင်းလျှင်ကွပ်မျက်။

ငွေညံ့(ငွေတု)သုံးသူ ဂန့်ဂေါ၊ ကလောသို့နယ်နှင်။

ရုံးမှုဆိုင်ရာစာကို အိမ်မှာရေးလျှင် လက်ဖြတ်။

စသောပြစ်ဒဏ်နှင့် ပြစ်မှုအစီအရင်များကို တွေ့ရသည်။ အချို့ထိုက်တန်သောပြစ်ဒဏ်ဖြစ်ပြီး အချို့မထိုက်တန်သောပြစ်မှုအချို့လည်း တွေ့ရပေသည်။

လာဘ်စားသူကို ငွေရှည်ကျိုပြီး အာခေါင်လောင်းထည့်ပြီး စားယူတဲ့ငွေပြန်ပေးစေဟူသောပြစ်မှုမှာ ထိုက်တန်သောစီရင်မှုဖြစ်ပြီး၊ ပိဋကတ်သုံးပုံမီးလောင်သဖြင့် ဘုန်းကြီးတစ်ပါးနှင့် အမတ်တစ်ဦးကိုသတ်ဖြတ်စေရန် စီရင်သောပြစ်မှုမျိုးမှာ မထိုက်တန်ပေ။

ထားပါတော့. . .။ ထိုအကြောင်းများက သက်ဦး





ဆံပိုင် ဘုရင်စနစ်က စီရင်ထုံးများဖြစ်သောကြောင့် ပြောစရာလည်း မလိုတော့ပါချေ။

ကုန်းဘောင်ခေတ် သီပေါဘုရင်လက်ထက်က တောင်ပြုန်းပွဲတော်ကျင်းပသော အချိန်ကာလတွင် ရနောင်မောင်မောင်တုတ်လက်သို့ ဝက္ကက်အပ်ကာ စီမံအုပ်ချုပ်စေသည်။

ရနောင်မောင်မောင်တုတ်က နေပြည်တော်မှာ ရုံးထိုင်ခြင်းမဟုတ်ဘဲ တောင်ပြုန်းပွဲကျင်းပရာ၌ ရုံးထိုင်ပြီး အပြစ်ရှိသူတို့ကို စီရင်ဆုံးဖြတ် အပြစ်ပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ အရေးပေါ်တရားရုံးထားရခြင်းမှာလည်း အကြောင်းရှိပေသည်။

ရှေးခေတ်ရတနာပုံနေပြည်တော် ကောင်းစားစဉ်အချိန်ကာလကတည်းက တောင်ပြုန်းပွဲနှင့်ပတ်သက်လာလျှင် အပျော်ကြူးသောပွဲတစ်ပွဲအဖြစ် ထင်ရှားပါသည်။

မူးယစ်ရမ်းကားမှုတွေက အမြောက်အများ၊ မူးယစ်ရမ်းကားမှုကို အကြောင်းပြုပြီး ခိုးဝှက်မှုတွေ၊ လုယက်တိုက်ခိုက်မှုတွေ၊ အချင်းချင်းသော်လည်းကောင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့သော်လည်းကောင်း ခိုက်ရန်ဖြစ်ပွားမှုတွေ၊ သတ်ဖြတ်မှုတွေအထိ ဖြစ်ပေါ်လေ့ရှိသည်။

အဆိုးဆုံးကတော့ ပွဲတော်ရက်တွင် မိန်းမပျိုများ၊ အမျိုးသမီးများအား ကာယိန္ဒြေပျက်ပြားအောင် နှောက်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ပြုမူမှုများလည်း အများအပြားရှိကြလေသည်။

အရက်၊ ထန်းရေ စသည်တို့မူးလာလျှင် ထိုကဲ့သို့အမူ မျိုးကတော့ နေရာမရွေး၊ အချိန်အခါမရွေး ပေါ်ပေါက်စမြဲ ပင်ဖြစ်သည်။ ထိုသူများကို ဖမ်းဆီးမိပြီး ရနောင်မောင်မောင် တုတ် ရုံးထိုင်သောတရားရုံး ရောက်လာလျှင်တော့ ထွေထွေ ထူးထူး စစ်ကြောမေးမြန်းခြင်းမပြုဘဲ တစ်ချက်လွှတ်အမိန့် သာ ပေးလေ့ရှိသည်။

တရားနည်းလမ်းကျစွာ ဥပဒေများနှင့်အညီ မှ သတ်၊ ရာဇသတ်များဖြင့် စီရင်ဆုံးဖြတ်ခြင်းမျိုး မဟုတ်ဘဲ ရနောင်မောင် မောင်တုတ်အမိန့်တစ်ခုတည်းနှင့်ပင် ဆုံးဖြတ် အပြစ်ပေးခြင်းပင် ဖြစ်သည်။

အမိန့်ကား များများမဟုတ်ပေ။

တစ်ခုတည်း၊ တစ်မျိုးတည်းသာ ရှိလေသည်။

"ပွဲတော်ကိုနှောက်ယှက်သူကို သတ်စေ"

ဟူသောအမိန့်ပင်ဖြစ်သည်။

ရာဇဝတ်သင့်သူများအား ထိုကဲ့သို့သတ်ပြီးပါက ဒီ အတိုင်းသင့်တော်သောနေရာ၌ မြေမြှုပ်ခြင်းမဟုတ်ပေ။

အလောင်းကိုရင်ခွဲပြီး အတွင်းကလီစာတွေကိုသာ ထုတ်ပြီး ဓတော်ရာမှာမြှုပ်ကြခြင်းဖြစ်သည်။

လူသေကောင်ကိုတော့ ကားစင်မှာ ခြေကားရား လက်ကားရားနှင့်တင်ပြီး တစ်ကိုယ်လုံးရေနံချေးများသုပ်ကာ





လူသွားလူလာများသော ရွှေတချောင်းမြောင်းကမ်းစပ်များ တွင် စိုက်ထူထားကြလေသည်။

ကားစင်တင်ထားသောလူသေကောင်ကို ရေနံချေး သုတ်ကာ ကမ်းစပ်တွင်ထောင်ထားခြင်းဖြစ်ရာ ညအချိန်သွား လာသူတို့မြင်ရပါက ထိတ်လန့်ကြောက်ရွံ့စရာပင်ဖြစ်ပေ သည်။

ရနောင်မောင်မောင်တုတ်ကတော့ ထိုမြင်ကွင်းကို တွေ့မြင်ရလျှင် နောက်လူတွေမဆိုးဝံ့၊ မခိုက်ဝံ့အောင် ပြသ ထားခြင်း ဖြစ်သော်လည်း အခြားပွဲတော်လာသူတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းပေတော့သည်။

ပွဲတော်ရက်ရောက်လျှင် မန္တလေးအပါအဝင် အခြား ရပ်ဝေးရပ်နီးတွင်နေကြသောသူတို့လည်း ရွှေတချောင်း မြောင်းအတိုင်း လှေများဖြင့်လာကြရာ မြောင်း၏ကမ်းနံ ဘေး တစ်ဖက်တစ်ချက်တွင် ကားစင်တင်ထားသောအ လောင်းကြီးများကိုတွေ့ရလျှင် များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ကြရပေသည်။

လှေပေါ်တွင် ဆိုင်းသံဗုံသံများနှင့် ဖီးလိမ်းပြင်ဆင် လာကြသော မိန်းမယောကျ်ားတို့သည် မန္တလေးမြို့တော် နယ်နိမိတ် အိုးဖိုရပ်လွန်သည်နှင့် ရွှေတချောင်းမြောင်း ရောက်သောအခါ ဟိုးအဝေးမှာ ကားစင်ကြီးများဖြင့်တင် ထားသော အလောင်းကောင်များကို လှမ်းမြင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှအပျော်စိတ်ကလေးများ ချက်ခြင်းပျောက်သွားပြီး ကြောက်ရွံ့စိတ်များဝင်လာကာ ပေါင်းမိုးထဲဝင်ကာ မျက်နှာဝှက်ထားကြရလေသည်။

ရနောင်မောင်မောင်တုတ်ကတော့ သူ့ကိုမဖိဆန်ဝံ့အောင် သူ့အာဏာစက်ဖြန့်ကြက်စေရန် ထိုကဲ့သို့ ရက်ရက်စက်စက် စီမံခဲ့သော်လည်း ပျော်ရွှင်စရာကောင်းသော တောင်ပြုန်းပွဲတော်ကိုတော့ ထိခိုက်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ရှေးအခါက တောင်ပြုန်းပွဲတော်ရက်အတွင်းမှာ ဖြစ်ပျက်ခဲ့သောအမှုအခင်းများကို နေပြည်တော်ရောက်သည်အထိ သယ်ယူမလာစေရဘဲ ထိုရုံးမှာပင် အပြီးအပြတ်စီရင်ကြရသည်။

တောင်ပြုန်းပွဲတော်ရက်အတွင်းမှာပဲ အပြီးစီရင်ရသဖြင့် "တောင်ပြုန်းတရားစီရင်ခြင်း" ဟုခေါ်ဝေါ်လေ့ရှိကြသည်။

အမှုအခင်းတစ်ခုခုဖြစ်လာပြီး တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ တစ်ချက်လွှတ်အမိန့်ဖြင့် စီရင်ခြင်းများကို "တောင်ပြုန်းတရားစီရင်ခြင်း" ဟု နောက်ပိုင်းပြောစမှတ်ပြုခဲ့ကြသည်။

မောင်မောင်တုတ်လက်ထက်ကတည်းက စတင်ခဲ့တဲ့ တောင်ပြုန်းတရားစီရင်ခြင်းမှာ နောက်ပိုင်းနှစ်တွေကြာ





ခေတ်ကာလတွေ ပြောင်းလာခဲ့သော်လည်း ဆက်လက်ရှင်သန်လျက်ပင်ရှိနေခဲ့ပေသည်။

အာဏာရှိသူ၊ လက်နက်ရှိသူတို့က သာမန်ပြည်သူပြည်သားများကို တစ်ချက်လွှတ်အမိန့်အာဏာများဖြင့် စီရင်ဆုံးဖြတ်ကာ အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်များမှာ (၁၉၄၈)ခု မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်း ကျေးလက်တောရွာများ၌ မြောက်များစွာပေါ်ပေါက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း - (၃)

# ပြင်ဒရယ်သစ်တောမှ ရက်စက်မှုများ

အခါ ချိန်ကာလမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပြီး နောက်ပိုင်းကာလဖြစ်သည်။ တိတိကျကျရေးသားရလျှင် (၁၉၄၈)ခုနှစ် နောက်ပိုင်းကာလဖြစ်ပေသည်။

လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရောင်စုံသောင်းကျန်းသူတို့ စခန်းချရာနေရာများ ဖြစ်ခဲ့လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဧရာဝတီတိုင်း(ယခုတိုင်းဒေသကြီး) အတွင်း၌ အများဆုံးရှိကြလေသည်။

ကရင်သောင်းကျန်းသူများ၊ အလံနီကွန်မြူနစ်များ၊ အလံဖြူကွန်မြူနစ်များ၊ ရဲဘော်ဖြူ၊ ရဲဘော်နီ စသည်ဖြင့် ရောင်စုံသောင်းကျန်းသူတို့မှာ ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသများတွင် ခြေကုပ်ယူပြီး ပြည်သူလူထုကို ဒုက္ခပေးနှိပ်စက်ခဲ့ကြလေသည်။

ဧရာဝတီတိုင်းအတွင်း၌ ဒီရေသစ်တောကြီးများပေါသဖြင့်လည်း ၎င်းတို့အတွက် နေထိုင်ကျက်စားရာ နေရာကောင်းဖြစ်သည်။

ထို့ပြင် ဆန်စပါးအထွက်များခြင်း၊ သားငါးပုစွန်၊ ငပိ၊ ငါးခြောက်၊ ပုစွန်ခြောက်စသည်တို့ အထွက်များခြင်းတို့ကြောင့် စားနပ်ရိက္ခာပေါကြွယ်ဝသော အရပ်ဒေသလည်းဖြစ်သည်။

ပုန်းခိုစရာ သစ်တောကြီးများရှိခြင်း၊ စားနပ်ရိက္ခာပေါများခြင်းတို့ကြောင့် ဧရာဝတီတိုင်းအတွင်းရှိ မြစ်ဝကျွန်းပေါ်ဒေသများတွင် ရောင်စုံသောင်းကျန်းသူတို့ အဖွဲ့ပေါင်းများစွာ မှီခိုကျက်စားနေကြခြင်းဖြစ်ပေသည်။

မှတ်တမ်းများအရ (၁၉၄၈)ခု လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းမှစခဲ့ပြီး (၁၉၇၃)ခုနှစ်တိုင် အနှစ်(၂၀)ထိအောင် မြစ်ဝကျွန်းပေါ်ဒေသများတွင် နေထိုင်ကျက်စားခဲ့ကြပေသည်။





ထိုအချိန်က မြစ်ဝကျွန်းပေါ်ဒေသတွင်နေထိုင်ကြသော ရွာများ၊ လယ်သမား၊ အလုပ်သမားတို့မှာ ရောင်စုံသောင်းကျန်းသူများ နှိပ်စက်မှုဒဏ်ကို ကျောကော့နေအောင် ခံခဲ့ကြရလေသည်။

စိတ်မထင်လျှင်မထင်သလို ကျေးရွာများသို့ရောက်လာပြီး ဆက်ကြေးတောင်းခြင်း၊ တစ်ရွာလုံးမီးရှို့ဖျက်ဆီးခြင်း၊ ရွာလုံးကျွတ် လူများကိုဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆန်စက်များကို မီးရှို့ဖျက်ဆီးခြင်း၊ အစိုးရပိုင်ပစ္စည်းမှန်သမျှ ဖျက်ဆီးခြင်း၊ ငွေ၊ ဆန်စပါးစသည်တို့ကို လုယက်ယူငင်ခြင်းများ ပြုလုပ်ကြသည်။

ထို့ပြင် အုပ်ချုပ်ရေးနည်းသောမြို့ငယ်များ (အများအားဖြင့်တော့ သစ်တောကြီးများနှင့်နီးသော မြို့ငယ်များ) အထိ တက်လာပြီး ရဲစခန်း၊ ကင်းစခန်းများကို တိုက်ခိုက်ခြင်း၊ ဆန်စက်နှင့် စပါးသိုလှောင်သော ဂိုဒေါင်တို့ကိုမီးရှို့ခြင်း၊ မြို့သူမြို့သားအိမ်များကို မီးရှို့ပြီး ရသမျှပစ္စည်းများကို သယ်ဆောင်သွားကြလေသည်။

မြစ်ဝကျွန်းပေါ်တွင် ပြေးဆွဲနေသော သင်္ဘောကြီးငယ်တို့ကိုလည်း ၎င်းတို့ကျေနပ်လောက်အောင် ဆက်ကြေးပေးပါက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်အချိန်အခါက ကျေးလက်တောရွာများ၌ နေထိုင်ကြသည့် လယ်သမား၊ အလုပ်သမားများသာမကဘဲ မြို့ငယ်ကလေးများ၌နေကြသော ကုန်သည်၊ ပွဲစား၊ စီးပွားရေးလုပ်ငန်းရှင်တို့လည်း အထိနာခဲ့ကြသည်။

ဆန်စက်များ၊ စပါးသိုလှောင်သည့်ဂိုဒေါင်များ မီးရှို့ခံရခြင်း၊ မြစ်ချောင်းများအတွင်းပြေးဆဲနေသော ခရီးသည်တင် သင်္ဘောများနှင့်ဆန်စပါးစသော ကုန်ပစ္စည်း တင်ဆောင်လာကြသည့် သင်္ဘောများ၊ လှေကြီးလှေငယ်များ ဖျက်ဆီးနှစ်မြှုပ်ခြင်းကို ခံခဲ့ကြရပေသည်။

ရောင်စုံသောင်းကျန်းသူများက လူအင်အား၊ လက်နက်အင်အားများပြီး အင်အားတောင့်တင်းသောကြောင့် အတော်များများမှာ ၎င်းတို့နှိပ်စက်သမျှ ခံကြရပေ၏။

ဆက်ကြေးမပေးသည့်ရွာများ၊ ၎င်းတို့တောင်းသော စားနပ်ရိက္ခာ ပြည့်ဝအောင်မပေးသောရွာများနှင့် ၎င်းတို့ကို တော်လှန်ပုန်ကန်ရန် ကြံစည်မှုပြုသော ရွာများရှိလျှင် ထိုရွာများကို တစ်ရွာလုံးမီးရှို့ပစ်တတ်သည်။

ထို့ပြင် ဦးဆောင်သူ၊ တာဝန်ရှိသူများကို ဖမ်းခေါ်သွားကာ သတ်ဖြတ်ပစ်လေ့ရှိသည်။

အချို့ရွာများတွင် သတ်ပြီးသောအလောင်းများကို အများမြင်သာစေရန် ရွာထိပ်သစ်ပင်များ၌သော်လည်းကောင်း၊ မြစ်ကမ်းနံဘေးရှိ သစ်ပင်များ၌သော်လည်းကော





ကြိုးများဖြင့် ဆွဲပြထားသည်။ အချို့လည်း သတ်ပြီးသောအလောင်းများကို သစ်ပင်၌ ကြိုးချည်ထားခဲ့သည်။

အချို့ရွာများမှာတော့ သတ်ဖြတ်ပြီးသောအလောင်းများကို ဦးခေါင်းဖြတ်ပြီးနောက် ထိုဦးခေါင်းများကို ဝါးချွန်ဖြင့်ထိုးပြီး ရွာထိပ်၌သော်လည်းကောင်း၊ လူသွားလူလာများသော မြစ်ကမ်းစပ်များ၌သော်လည်းကောင်း စိုက်ထားတတ်ကြလေသည်။

သို့ကြောင့်. . ကုန်းဘောင်ခေတ်က ရနောင်မောင်မောင်တုတ်စီရင်ခဲ့သော "တောင်ပြုန်းတရားစီရင်နည်း" မှာ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ ဖြစ်ပေါ်ခဲ့ပေသေးသည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသများမှာ လယ်တစ်ကွက်၊ သစ်တောတစ်တောသာခြားပြီး ရွာချင်းဆက်မျှ ရှိနေကြရာ ရွာတစ်ရွာမှာ အဖြစ်ဆိုးတစ်ခုနှင့် ကြုံတွေ့ရပြီဆိုလျှင် အခြားရွာများက နေ့ချင်းညချင်းဆိုသလို သိကြရသည်။

ရွာချင်းနီးသောကြောင့် ရွာတစ်ရွာကိုမီးရှို့လျှင် မီးခိုးရောင်များမြင်တွေ့ရသည်။ လူများသတ်ဖြတ်လျှင် အော်သံတစ်သံ၊ ကယ်ပါယူပါအသံများကိုပင် ကြားကြရသည်။

သို့သော် တစ်ရွာနှင့်တစ်ရွာ အကူအညီမပေးနိုင်ကြပေ။ အကယ်၍အကူအညီပေးမိပါက ထိုရွာပါ အနှိပ်စက်ခံရသည် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကူအညီမပေးနိုင်ကြသော်လည်း အခြေအနေငြိမ်သက်သွားသောအခါမှာတော့ တစ်ရွာနှင့်တစ်ရွာ သတင်းမေးရန်အတွက် သွားလေ့ရှိကြသည်။

ထိုနေရာရောက်သည်နှင့် အနိဋ္ဌာရုံမြင်ကွင်းများကသာ ဆီးကြိုနေကြလေသည်။

မီးလောင်ထားသဖြင့် ပြာပုံဘဝရောက်နေသော မြင်ကွင်းများ၊ အသတ်ခံထားရသော လူသေအလောင်းများကို သစ်ပင်၌ကြိုးဖြင့်ချည်၍သော်လည်းကောင်း၊ သစ်ပင်များ၌ ကြိုးဖြင့်တွဲလောင်းဆွဲထား၍သော်လည်းကောင်း၊

ဦးခေါင်းပြတ်များကို ဝါးချွန်ဖြင့်ထိုး၍ စီတန်းထားသော မြင်ကွင်းများကိုသော်လည်းကောင်း တွေ့မြင်ကြရသည်။

ထို့ပြင် ‌ ရှိသမျှဝမ်းစာစပါး၊ ဆန်တို့ကိုယူသွားခြင်း ဝမ်းစာထားသော ငပိ၊ ငါးခြောက်တို့ကိုယူဆောင်သွားခြင်း ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲစသည်တို့ကို ဖမ်းယူသွားသည်ဆိုသော သတင်းဆိုးများကိုသာ မြင်ရကြားရကြပေသည်။

အထက်၌ ရေးသားဖော်ပြပေးခဲ့သော အကြောင်းများမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပြီး နောက်ပိုင်းကာလများတွင် ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်အရပ်ဒေသများတွင် ရောင်စုံသောင်းကျန်းသူတို့ နှိပ်စက်ခဲ့သောအကြောင်းများကို သင့်တော်သလောက်သာ ရေးသားဖော်ပြပေးခဲ့ခြင်းဖြစ်ပေ





သည်။ အကယ်၍သာ ပြည့်စုံအောင်ရေးသားဖော်ပြပေးပါက စာအုပ်တစ်အုပ်စာ ရှိပေလိမ့်မည်။

ထိုအချိန်ကာလက မြစ်ဝကျွန်းပေါ်ဒေသများတွင် သစ်တောကြီးများသာ ဖုံးလွှမ်းထားပြီး လူနေထိုင်မှုလည်း များလှသေးပေ။

ဘိုကလေး(ယခင်ဗိုလ်ကလေး)မြို့ အောက်ပိုင်းဒေသများဆိုလျှင် ကျွန်းညိုကြီးနေရာလောက်မှစပြီး အောက်ဘက် ကဒုံကနိရောက်သည်အထိ သစ်တောကြီးများသာ ဖုံးလွှမ်းထားပေသည်။

လွတ်လပ်ရေးရခဲ့ပြီးစအချိန်လောက်က ဘိုကလေးမြို့ အောက်ဖက်ကျွန်းညိုကြီး၌ သစ်တောကြီးများရှိနေသေးသည် ဆိုသော်လည်း ကျေးရွာစုကလေးများ ရှိစပြုလာပေသည်။

ကျွန်းညိုကြီးများဆုံးသွားပြီး ဖောင်ဝင်မြစ်ကိုကူးသွားလျှင်တော့ ပြင်ဒရယ်သစ်တောကြီးများသို့ ရောက်သွားပြီး ည်သည့်ရွာမှ မရှိတော့ပေ။

(ယခုတော့ ရွာများ၊ လယ်များဖြစ်နေကြပေပြီ။ သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ထားသော မိန်းမလှကျွန်းလောက်သာ လူနေထိုင်ခြင်းမရှိသေးဘဲ အခြားနေရာများမှာတော့ ရွာများဖြစ်နေကြပေပြီ။)

ရှေးအခါက ပြင်ဒရယ်သစ်တောကြီးများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးမည်ပြောမည်ဆိုလျှင် လွှမ်းလောက်စရာဖြစ်သည်။ ကမ်း
ခြေတလျှောက်တွင် စိမ်းညို့နေသော ဗျူးခြေထောက်တော
များ၊ လမုတောများ၊ ကနစိုသစ်တောများ၊ သရေဖျက်
တော၊ သင်ပေါင်းဖျက်တော၊ မဒမဖျက်တောများအပြင် သ
မှည့်ပင်၊ ကန့်ပလာပင်၊ လဖပင်၊ ကျနပင်တို့က လူတို့မပေါက်
သာအောင် ရှိခဲ့ကြသည်။

ဗြိတိသျှအစိုးရလက်ထက်က သစ်ခုတ်သူများကို
လိုင်စင်ဖြင့် အကန့်အသတ်ပြုကာ ခုတ်လှဲခွင့်ပြုခဲ့သော
ကြောင့် သစ်တောကြီးများ မပြုန်းတီးခဲ့ပေ။

လွတ်လပ်ရေးရပြီးနောက်မှာတော့ အုပ်ချုပ်ရေး
ကင်းမဲ့သွားသော သစ်တောကြီးများအတွင်းသို့ သစ်ခုတ်ယူ
လိုသူများ ရောက်လာကြပြီး စိတ်ထင်တိုင်းခုတ်လှဲခဲ့ကြလေ
သည်။

ထိုအချိန်က သစ်တောဌာနမှ တာဝန်ယူထားသော်
လည်း သစ်တောကြီးများအတွင်းတွင် ရောင်စုံသောင်းကျန်း
သူများက ခြေကုတ်ယူထားသောကြောင့် မဆင်းဝံ့ကြပေ။

(၁၉၄၈)ခုနှစ်နောက်ပိုင်းကာလက သစ်တောများအ
တွင်း ဝင်ရောက်သူအများဆုံးမှာ ကနစိုထင်းဖြတ်သူများဖြစ်
ကြသည်။ လှေကြီးလှေငယ်တို့ဖြင့် သစ်တောအတွင်းသို့ လာ
ရောက်ကာ ထင်းအဖြစ်အသုံးပြုသော ကနစိုသစ်များကို
ဖြတ်လှဲယူကြလေသည်။





ထိုသို့သစ်တောများအတွင်း ထင်းဖြတ်ရန် လာ
ရောက်ကြသူတို့မှာ အစိုးရသစ်တောရုံးသို့ လိုင်စင်ဆောင်ဖို့
ဆက် တောတွင်းဝင်ရောက်ပါက သောင်းကျန်းသူများ လာ
ကောက်သော ဆက်ကြေးပေးရန်ငွေကိုသာ ဦးစားပေး ယူ
ဆောင်သွားကြသည်။

သစ်တောထဲတွင် စခန်းချနေသော သောင်းကျန်းသူ
များက လှေငယ်ကလေးများဖြင့် တစ်ချောင်းဝင်တစ်ချောင်း
ထွက် လှည့်လည်သွားလာကာ ထင်းဖြတ်သည့်လှေများတွေ့
သွင် အခွန်ကောက်လေ့ရှိသည်။

ငါးဖမ်းသောလှေငယ်ကလေးများမှ စပါးတင်းတစ်
ထောင်ကျော်ခန့်ပါသော လှေကြီးများအထိ အခွန်ငွေကောက်
ယူကြသည်။ အမှန်တော့ ဆက်ကြေးကောက်ခံယူခြင်းပင်
ဖြစ်သည်။

ထိုကဲ့သို့လာရောက်ကောက်ခံစဉ် ငွေမပေးနိုင်ပါက
ရှိသည့်စားနပ်ရိက္ခာများ၊ ပစ္စည်းကိရိယာများ ယူဆောင်သွား
လေ့ရှိကြသည်။

စိတ်မထင်ပါက လူကိုအန္တရာယ်ပြုခြင်း၊ လှေကိုပါနှစ်
မြှုပ်ပစ်ခြင်းများ ပြုလုပ်တတ်ကြလေသည်။

အစိုးရသစ်တောရုံးမှ တောခေါင်း၊ တောအုပ်များက
လိုင်စင်မရှိသော သစ်တင်လှေများကို ဖမ်းဆီးမိပါက အနည်း
ဆုံး ဒဏ်ငွေဆောင်ခိုင်းခြင်းနှင့် အများဆုံး လှေပေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာသော သစ်တောထွက်ပစ္စည်းများကို သိမ်းယူခြင်းများလောက်သာ အပြစ်ပေးလေ့ရှိသည်။ လူကိုအန္တရာယ်မပေးတတ်ကြပေ။

သောင်းကျန်းသူများကတော့ ၎င်းတို့တောင်းသောဆက်ကြေးငွေကို မပေးဆောင်ပါက လူကိုပါအန္တရာယ်ပေးကြသဖြင့် သစ်တောဆင်းသောလူတိုင်း များစွာကြောက်ရွံ့ကြရသည်။ ထိုအတွက် ငွေကိုမမေ့မလျော့ ယူဆောင်သွားကြရသည်။

လှေသေးလျှင် တစ်ကျပ်၊ နှစ်ကျပ်၊ သုံးကျပ် စသည်ဖြင့် ပေးဆောင်ရပြီး လှေကြီးများဆိုလျှင် ငါးကျပ်၊ တစ်ဆယ်အထိ ဆက်ကြေးပေးကြရသည်။

ဆက်ကြေးလိုက်ကောက်သော လှေများပေါ်တွင် သုံးယောက်ခန့်ပါလာကြပြီး အများအားဖြင့်တော့ ကရင်လူမျိုး များလေသည်။

၎င်းတို့က တွေ့သမျှလှေကို ဆက်ကြေးကောက်ခြင်းဖြစ်ရာ ငါးဖမ်းသောလှေတွေ့လျှင် ငါးယူထားသည်။ ပုဇွန်ဖမ်းသော လှေတွေ့လျှင် ဟင်းစားအတွက် ပုဇွန်ယူထားကြသည်။

အမဲလိုက်သောလှေများနှင့်တွေ့လျှင် ရထားသောအမဲသားငါးတို့ကို ဟင်းစားအဖြစ်တောင်းယူလာကြသည်။

တစ်ခါတစ်ရံလည်း တောထဲ၌သွားရင်းလာရင်း





မျောက်အုပ်များနှင့်တွေ့သောအခါ သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီး ယူလာကြသည်။

ထိုအချိန်က. . . တောသို့ထင်းဖြတ်ဆင်းကြသောဘောက်တူကြီးများမှာ စပါးတစ်ထောင်ကျော်၊ နှစ်ထောင်ကျော် ဝန်ပါသောလှေကြီးများဖြစ်သောကြောင့် အိမ်တစ်လုံးစာလောက် ကျယ်ဝန်းကြသည်။

ထိုကဲ့သို့သောလှေမျိုးတွေ့ပါက သောင်းကျန်းသူများက ထိုလှေ၌ဝင်ရောက်ပြီး စတည်းချကြတော့သည်။

အများအားဖြင့်တော့ ထိုလှေကြီးမျိုးတွင် ထမင်းချက်၊ လှေစောင့်များပါလာတတ်ရာ ထိုလူများကို ထမင်းဟင်း ချက်ခိုင်းကြတော့သည်။

"ထမင်းချက်ပေးပါ ဒီမှာ ငါးပုဇွန်တွေပါလာတယ်"

"တောဝက်သားတွေပါတယ် ဟင်းချက်ပေးပါ. ."

"ဒီမှာမျောက်တစ်ကောင်ရလာတယ်၊ မျောက်ချေးခါးဟင်းချက်ပေးပါ. . ."

ဟု ခိုင်းစေတတ်သည်။

မျောက်ချေးခါးဟင်းဆိုသည်မှာ မျောက်ဝမ်းဗိုက်ထဲမှ အူများချေးများကိုမထုတ်ဘဲ ရောနှောချက်ခိုင်းခြင်း ဖြစ်သည်။ လှေပေါ်မှာရှိသောလူများကလည်း ၎င်းတို့မှာကြားသည့်အတိုင်း ချက်ပြုတ်ပေးရသည်။ ထမင်းဟင်းချက်နေသောအချိန်တွင် သေနတ်များကိုခေါင်းအုံးပြီး အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးပင် စောင့်ကြသည်။ ဟင်းချက်သောအခါမှာလည်း ဆီပြန်သည်အထိ၊ နူးနပ်သည်အထိ မစောင့်ဘဲ ဟင်းအိုးတစ်ပွက်၊ နှစ်ပွက် ဆူလာသည်နှင့် မီးဖိုပေါ်မှချကာ စားသောက်လေ့ရှိကြသည်။

ထိုမျှလောက်အထိ စရိုက်ကြမ်းကြလေသည်။

စားသောက်ပြီးဝမ်းဝသည်နှင့် ဟင်းကျန်ထမင်းကျန်များကို ဒီအတိုင်းထားခဲ့ပြီး ပြန်ထွက်သွားတတ်ကြသည်၊ ၎င်းတို့ထွက်သွားပြီးနောက် ကျန်သောဟင်းများကို လှေရှင်က နူးနပ်အောင်ပြန်ချက်ပြုတ်ပြီးမှ စားသောက်ကြရသည်၊

ဆက်ကြေးကောက်ခံရာ၌ အဆင်မပြေ၍သော်လည်းကောင်း၊ ထမင်းဟင်းချက်ခိုင်းတာကို စိတ်တိုင်းမကျ၍သော်လည်းကောင်း၊ လှေကိုနှစ်မြုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ လှေပေါ်မှာရှိသောလူကို သတ်ဖြတ်ပြီး သစ်ပင်၌ဆွဲ၍သော်လည်းကောင်း၊ ရွက်တိုင်၌ ကြိုးဖြင့်ဆွဲ၍သော်လည်းကောင်း အခြားလူများမြင်သာအောင် ပြုလုပ်ထားခဲ့တတ်သည်။

ထိုသို့ပြုလုပ်ပုံများမှာ. . . ရတနာပုံခေတ်အခါက ရနောင်မောင်မောင်တုတ် စီရင်သော "တောင်ပြုန်းတရားစီရင်နည်း"နှင့် များစွာပင်ဆင်တူလှပေတော့သည်။





## အခန်း - (၄)

# တောစပ်မှ ဦးခေါင်းပြတ်နှစ်လုံး

ယခုရေးသားသောဝတ္ထု ဖြစ်ပျက်ခဲ့သော အချိန်ကာလမှာ (၁၉၄၈)ခုနှစ် နောက်ပိုင်းကာလဖြစ်ပေရာ. . ထိုအချိန်ကာလမတိုင်ခင် ကိုလိုနီနယ်ချဲ့ခေတ်မှ မလွတ်မြောက်ကြသေးသော (၁၉၀၀)ပြည့်နှစ် နောက်ပိုင်းကာလများတွင် ပင်လယ်ကမ်းခြေ၌ ရွာကြီးရွာငယ်များ ရှိနေနှင့်ကြပြီဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗိုလ်ကလေးမြို့အောက်ပိုင်းဒေသများတွင် လူနေအိမ်ခြေ သိပ်မများသော ရွာကြီးရွာငယ်အချို့လောက်သာ ရှိသေးသော်လည်း ပင်လယ်ပိုင်းဒေသများမှာတော့ အိမ်ခြေပေါင်းသုံးလေးရာခန့်များသော ရွာကြီးများပေါ်ပေါက်ခဲ့နှင့်ပေပြီ။

ထိုရွာသုံးရွာမှာ ကဒုံကနိရွာ၊ ဇရာရွာနှင့် ဖောင်ဝင်မြစ် အရှေ့ဘက်ကမ်း၌ရှိသော အမာရွာတို့ပင် ဖြစ်ကြလေသည်။ (ထိုရွာသုံးရွာမှာ ယခုမျက်မှောက်ကာလမှာတော့ ရွာအဆင့်မကတော့ဘဲ မြို့ငယ်ကလေးများအဆင့်သို့ရောက်ရှိကာ တိုးတက်စည်ကားနေကြပေပြီ။)

မှတ်တမ်းများကိုကြည့်ပါက ထိုရွာများ ပေါ်ပေါက်ခဲ့သည့်သက်တမ်းမှာ နှစ်ပေါင်းနှစ်ရာကျော်ခန့် ရှိကြပေသည်။

အင်္ဂလိပ်တို့၏ ဒုတိယကျူးကျော်စစ်ပွဲ (၁၈၅၂)-(၁၂၁၄) နောက်ပိုင်းမှပေါ်ထွန်းလာသော ရွာဖြစ်သည်ဟု ယူဆကြသည်။

(၁၉၁၂)ခုနှစ် အစိုးရပုံနှိပ်တိုက်မှ ထုတ်ဝေသော ဘားမားဂေးဇက်တီးယား(ဖျာပုံခရိုင်) စာအုပ်တွင် (၁၉၁၁) ခုနှစ် ဘိုကလေးမြို့နယ်၏ မြို့၊ ကျေးရွာများနှင့် လူဦးရေသန်းခေါင်းစာရင်းဇယား၌ ဘိုကလေးမြို့နယ်တွင် ရွာပေါင်း (၆၈)ရွာပါဝင်ရာ ဇရာရွာကို (၆၀)မြောက်ရွာအဖြစ် ဖော်ပြထားပါသည်။

ထိုစာရင်းဇယားအရ (၁၉၁၁)ခုနှစ်က ဇရာရွာတွင် အိမ်ခြေ (၁၃၁)၊ လူဦးရေ (၆၆၉)ရှိသည်ဟု စာရင်းပြထားပါသည်။

ဇရာရွာ၏အရှေ့မြောက်ရှိ ကဒုံကနိရွာမှာ အိမ်ခြေ (၃၁၂)၊ လူဦးရေ (၂၀၂၃)၊ အမာရွာမှာ အိမ်ခြေ (၃၆၇)၊ လူဦးရေ (၁၄၈၇) ဟုဖော်ပြထားသည်။ ထိုစဉ်က ဘိုကလေးမြို့မှာ အိမ်ခြေ (၅၀၁)၊ လူဦးရေ (၃၂၇၉)သာရှိပါသည်။

ထိုခေတ်က ကဒုံကနိရွာတွင် ဗိုလ်တဲရှိ၍၊ အမာရွာတွင် ရဲဌာနရှိသည်ဟု ဖော်ပြထားသည်။

ရှေးအခါက ဇရာရွာသည် မျှင်ထိုးဆိပ်မျှသာဖြစ်သည်။ ကျုံမငေး၊ ကျုံတာ၊ ဘိုကလေးစသော အနီးပတ်ဝန်းကျင်မှ ရေလုပ်သားများသည် ဆောင်းနှင့်နွေဘက်တွင် လှေများဖြင့် လာရောက်၍ ငါးပိပြုလုပ်သည့် မျှင်ကောင်ကလေးများကို ရင်တွန်းပိုက်ဖြင့် ဖမ်းယူသည့် ဆိပ်ကမ်းစခန်းနေရာဖြစ်သည်။

ထိုနေရာများသို့ လှေအစင်း (၉၀)၊ (၁၀၀)ခန့် လာရောက်ပြီး စခန်းစချ၍ မျှင်ထိုးကြသည်။ မိုးကျလျှင်စခန်းသိမ်း၍ ပြန်ကြသည်။

မူလက ထိုဒေသများသည် ပင်လယ်ဒီရေတောကြီးများဖြစ်၍ တစတစခုတ်ထွင်ရှင်းလင်းပြီး စခန်းချ







www.burmeseclassic.com

www.burmeseclassic.com



မျှင်ထိုးကြရာမှ အခြေကျနေထိုင်ကာ ရွာများဖြစ်ပေါ်လာကြသည်။

ဗိုလ်ကလေးဦးကြွယ်ရေးသားသည့် "ရန်ပြေမာန်ပြေ အောင်စကြာစေတီတော်မြတ်ကြီးနှင့် ဗိုလ်ကလေးမြို့သမိုင်း" စာအုပ်တွင် ရေးသားထားသည်ကို ကောက်နှုတ်ဖော်ပြပါမည်။

ထိုခေတ်ထိုအခါက ရှိခဲ့ကြသော ကပ္ပနန်း၊ ကဒ့်ကနီ၊ အမာ၊ ပြင်ဒရယ်နှင့် ဧရာတို့သည် မွန်ရွာကြီးများဖြစ်ကြသည်။ ယခုဘိုကလေးမြို့နယ်၊ မြင်းကကုန်း၏အရှေ့မြောက်ဘက်ယွန်းယွန်း ခူလံချောင်းနှင့် မရဲ့ချောင်း၏အတွင်းတွင် မြို့စားကြီး ဗညားဇေယျအုပ်ချုပ်သော ကျုံတုံးခေါ် မွန်မြို့ကြီးတစ်မြို့ ရှိခဲ့သည်။

သက္ကရာဇ် (၁၁၁၉)(၁၇၅၇)တွင် ပဲခူးဟံသာဝတီ မွန်နေပြည်တော်ကြီးသည် မြန်မာမင်းဦးအောင်ဇေယျလက်အောက်သို့ကျရောက်ပြီး မိမိ၏အရှင်သခင် မွန်ဘုရင် အရေးနိမ့်ကြောင်းကြားသိရသောအခါ မြို့စားကြီး ဗညားဇေယျသည် ကျုံတုံးမြို့ရိုးကြီးကို မြေလှန်မီးရှို့ဖျက်ဆီးပြီး နောက်လိုက်နောက်ပါ အခြံအရံတို့နှင့်အတူ ခုံညင်းတန်းမြစ်အတိုင်း အောက်ဘက်သို့ စုန်ဆင်းခဲ့ကြသည်။

မြို့စားကြီးဗညားဇေယျသည် ယခုဘိုကလေးမြို့ဖြစ်မည့်နေရာတွင် ညအိပ်စခန်းချရပ်နားခဲ့ပြီး ရေတပ်မှူးဗိုလ်ကလေးကို စကြာမုနိဓါတ်သားဘုရားရှင် ရုပ်တုတစ်ဆူနှင့်အတူ အခြွေအရံအချို့ကိုပါ ထားခဲ့သည်။





မြို့စားကြီးနှင့် နောက်ပါအခြွေအရံများမှာ ဘိုကလေးမြစ်အတိုင်း ပင်လယ်ဘက်သို့ ဆက်လက်စုန်ဆင်းခဲ့သည်။ မိန်းမလှကျွန်းကြီးသို့ ရောက်သောအခါ အခြေချ နားနေထိုင်ခဲ့သည်။

မြို့စားကြီးသည် မိမိနှင့်အတူပင့်ဆောင်လာခဲ့သည့် ဓါတ်သားဘုရားရှင်တစ်ဆူကို မိန်းမလှကျွန်းပေါ်တွင် ဌာပနာ၍ စေတီတည်ခဲ့သည်။

နှစ်ပေါင်းများစွာကြာ၍ မြို့စားကြီးကွယ်လွန်သောအခါ ဆွေတော်မျိုးတော်များနှင့် အခြွေအရံ နောက်လိုက်နောက်ပါတို့သည် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့၍ ရွာများတည်နေကြသည်။

ကပ္ပနန်း၊ ကဒ့်ကနီ၊ အမာ၊ ပြင်ဒရယ်၊ ဧရာ တို့သည် မွန်အမည်များဖြစ်သည်။ မွန်အမည်များကို မြန်မာအဓိပ္ပါယ်ဖွင့်ဆိုသောအခါ. .

ကပ္ပနန်းရွာသည် စစ်သားရွာ။

ကဒ့်ကနီရွာသည် အငူပေါ်တွင်ပြောင်းရွှေ့၍တည်သောရွာ။

အမာသည် အမတ်ကြီးတည်သောရွာ။

ပြင်ဒရယ်ရွာသည် ပင်လယ်ကမ်းခြေသို့ပြောင်းရွှေ့



www.burmeseclassic.com

www.burmeseclassic.com



တည်သောရွာ။

ဇရာရွာသည် တပ်ကြပ်ကြီးတည်သောရွာ ဟူ၍ဖြစ်သည်။

ဇရာရွာအနီး တောက်တာကုန်းဒေသတွင် မွန်တပ်ကြပ်ကြီး၏အဆက်အနွယ်များ တည်ဆောက်လှူဒါန်းထားခဲ့သော ရုပ်ပွားတော်၊ စေတီတော်နှင့် ကျောင်းအိုကြီးများရှိကြောင်း ဖော်ပြထားသည်။

ကဒုံကနီရွာ၏မြောက်ဘက် မရမ်းချောင်းဒေသတွင်မူ မွန်များတည်ထားခဲ့သည်ဟု ယူဆရသော အပြီးမသတ်သေးသည့် စေတီကြီးတစ်ဆူရှိပါသည်။

ယခုအခါ တောက်တာကုန်းနှင့် ထိုရွာအနီးရှိ အုန်းပင်စုရွာတို့တွင် မွန်လူမျိုးများနေထိုင်သည်ကို တွေ့ရသည်။

ဇရာရွာတွင်မူ ဗမာ၊ မွန်၊ ရခိုင်တို့အများစုနေထိုင်ပြီး ကရင်၊ တရုတ် အနည်းငယ်နေထိုင်ကြသည်။

ဇရာကျေးရွာအုပ်စုတွင် တောက်တာကုန်း၊ အုန်းပင်စု၊ တောင်ယာကြီး၊ လတာချောင်း၊ သမစိတ္တ၊ သပြေရိုး၊ သဘော့အိုင်၊ ဆေးရိုးကုန်း၊ လေးအိမ်တန်း၊ သောင်တာ၊ ဝါးတောကုန်း၊ ရွာသာယာ၊ ရေကျော်ကြီး၊ ခေါင်ကြီးကျွန်း စသည့်ရွာများ ပါဝင်သည်။

ဇရာရွာနှင့်ကဒုံကနီရွာတို့မှာ တဆက်တစပ်တည်း ရှိနေကြသည့်ရွာများပင်ဖြစ်လေသည်။





ကဒုံကနီရွာမှ ရေကျော်ချောင်းအဲ့အတိုင်းသွားပါက ဇရာရွာသို့ရောက်နိုင်သကဲ့သို့ ဇရာရွာမှလည်း ကဒုံကနီရွာသို့ ရေလမ်းကုန်းလမ်းမှ အလွယ်တကူလာနိုင်ကြသည်။

ကဒုံကနီနှင့်ဇရာရွာမှာ ရေလမ်းခရီးဖြင့်သွားပါက (၈)မိုင်ခန့်သာဝေးပြီး ကုန်းလမ်းခရီးဖြင့်သွားပါက (၇)မိုင်ခန့်သာဝေးလေသည်။

ဇရာရွာကဲ့သို့ပင် ကဒုံရွာမှာလည်း ရှေးအခါကတည်းကပင် နေထိုင်သူလူဦးရေများပြီး စည်ကားသောရွာကြီးတစ်ရွာ ဖြစ်သည်။

လိပ်သောင်ရေကျော်ချောင်းဝနှင့် ကပ္ပလီပင်လယ်ပြင်ကမ်းခြေတို့ဆုံရာ အငူစွန်းတွင်တည်ရှိသောရွာဖြစ်သည်။

အထက်၌ရေးသားခဲ့သည့်အတိုင်း. . ရှေးအခါကတော့ မျှင်ထိုးသမားတို့စခန်းချရာ အငူစွန်းဖြစ်သည်။

ကဒုံကနီရွာအပိုင်အတွင်းမှာလည်း ကျေးရွာအတော်များများ ပါဝင်ကြသည်။ ထိုရွာများထဲတွင် ကိုင်းသောင်ကျွန်းမြောက်ဘက်တွင်ရှိသော ထော်ပိုင်ချောင်းကြီးလည်း အပါအဝင်ဖြစ်သည်။

ထော်ပိုင်ချောင်းကြီးမှာ ရှေးအခါကတော့ ကနစိုသစ်တောကြီးများဖုံးလွှမ်းထားသော ပင်လယ်ကမ်းခြေဒေသပင်ဖြစ်သည်။

ရှေးအခါက လူနေထိုင်ခြင်းမရှိသော်လည်း ကဒုံ



www.burmeseclassic.com

www.burmeseclassic.com



ဧရာ၊ အမာရွာစသောနေရာများတွင် လူနေထိုင်ခြင်းများပြား လာပြီး စီးပွားရေးသမားများ အခြေစိုက်လာသောအခါ အနီး ပတ်ဝန်းကျင်တစိုက်မှာရှိကြသော ရွာကလေးများမှာလည်း တစ်စတစ်စနှင့် တိုးတက်စည်ကားလာလေတော့သည်။

ထိုရွာများတွင် ထော်ပိုင်ချောင်း (ထော်ပိုင်စစ်ဆင် ရေးဟု နာမည်ကြီးခဲ့သောချောင်း)ကြီးအတွင်း၌ ရှိကြသော မြပဂိုးရွာ၊ ထိယာလိရွာနှင့် လမုတန်းရွာတို့သည် အပါအဝင် ဖြစ်သည်။

ထိုသုံးရွာမှာ ထော်ပိုင်ချောင်းကြီးအတွင်း၌ အစဉ်အ တိုင်းတည်ရှိနေသော ရွာများဖြစ်သည်။

မြပဂိုးရွာနှင့် လမုတန်းရွာတို့တွင် လူမျိုးပေါင်းစုံတို့နေ ထိုင်ကြသော်လည်း ထိယာလိရွာတွင် တစ်ရွာလုံးကတော့ ကရင်လူမျိုးများသာ စုဝေးနေထိုင်ကြသည်။

ချောင်းရိုးအတိုင်း တည်ထားသော ရွာဖြစ်သော ကြောင့် တစ်ရွာနှင့်တစ်ရွာ ဆက်နေသကဲ့သို့ရှိပေသည်။

ထိုရွာသုံးရွာတွင် မြပဂိုးရွာကတော့ အိမ်ခြေအများ ဆုံးရှိသော ရွာဖြစ်သည်။ အိမ်ခြေတစ်ရာနီးပါးရှိပြီး သူကြီး အုပ်ချုပ်သောရွာဖြစ်သည်။

ထိယာလိရွာနှင့် လမုတန်းရွာနှစ်ရွာကတော့ အိမ် ခြေလေးငါးဆယ်လောက်သာရှိသဖြင့် ရွာခေါင်းတစ်ဦးစီသာ စီမံအုပ်ချုပ်ကြလေသည်။





ထိုရွာများတွင်နေကြသူများမှာ သားငါးရှာဖွေသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

အချို့လည်းရွာနှင့်နီးသောနေရာများတွင် မြေကွက် များဖော်ပြီး ဝမ်းစာရစေရန် စပါးစိုက်ပျိုးကြလေသည်။

နီမောင်တို့မိသားစုက 'မြပဂိုး'ရွာတွင် အခြေချနေ ထိုင်ကြသူများဖြစ်သည်။

၎င်းတို့မိသားစုတွင် မိခင်ဖခင်တို့ဖြစ်သော ဦးဘရှိန် နှင့် ဒေါ်ကျင်မေတို့အပြင် သားနှစ်ယောက်ရှိကြလေသည်။ နီမောင်က (၂၅)နှစ်ခန့်ရှိနေပြီး၊ ညီဖြစ်သူ 'ရင်မောင်'က (၁၈)နှစ်ခန့်သာရှိပေသေးသည်။

နီမောင်တို့နေသောရွာမှာ တောနှင့်သော်လည်း ကောင်း မြစ်ချောင်းများနှင့်သော်လည်းကောင်း၊ ပင်လယ်ပြင် နှင့်သော်လည်းကောင်း နီးသဖြင့် သားငါးပေါများလှသည်။

တောများထဲတွင် ဆတ်၊ ဒရယ်၊ တောဝက်စသော တောတိရစ္ဆာန်များ ပေါလှသည်။ အမဲလိုက်သူတို့က ဝေးဝေး သွားစရာမလိုဘဲ ထိုအနီးတဝိုက်မှာ လိုက်လံရှာဖွေရုံဖြင့် သားကောင်များရနိုင်ပေသည်။

ထိုအတူ မြစ်ချောင်းများအတွင်း သားငါးရှာလျှင် လည်း လုပ်ငန်းမရှားပေ။ ငွေကြေးတတ်နိုင်သူတို့က ကတ္တူ လှေ၊ စက်လှေတို့ဖြင့် ပင်လယ်ပြင်ထွက်ကာ ငါးပုဇွန်ဖမ်းဆီး ခြင်း စန္ဒားထောင်ခြင်း၊ ဂါးဖောင်ထောင်ခြင်း စသောလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရန်အတွက် လှေတစင်းဖြင့်လာရောက်ကြရာ နေဝင်ခ်
နီးတော့ လဖပင်မြစ်ဆိပ်ဘက်သို့ ရောက်လာကြလေသည်။

တစ်နေရာရောက်တော့ ချောင်းပေါက်ဝတစ်ခုထိ
တွင် ထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို တွေ့
ရလေသည်။

"အစ်ကို. . . ဟိုမှာ. . ."

လှေပဲ့ပိုင်းမှ ခတ်တက်ခတ်နေသော ရင်မောင်
အသံပြုသဖြင့် လှေဝမ်းအလယ်တွင် ပိုက်ပေါက်များကို ချု
ဖြင့်ဖာနေသောနီမောင်က မော့ကြည့်လိုက်လေသည်။

"ဘာလဲ. ."

"ဟို. . . ကမ်းပေါ်မှာ. ."

ရင်မောင်ကဆက်မပြောသဖြင့် နီမောင် လုပ်လက်
အလုပ်ကိုရပ်ကာ သူကြည့်နေသော ကမ်းဘက်သို့ လှ
ကြည့်လိုက်လေသည်။

"ဟင်. ."

မြင်ကွင်းက မကောင်းလှပေ။

ချောင်းကမ်းစပ်ထိပ် လမုတောများရှင်းသောနေ
တွင် လူဦးခေါင်းပြတ်နှစ်လုံးကို ဝါးချွန်ဖြင့်ထိုးပြီးထောင်
ခြင်းဖြစ်သည်။ နေဝင်ချိန်ရောက်နေပြီဖြစ်သော်လည်း အ
လင်းရောင်အချို့က ကျန်နေပေသေးရာ မြင်ကွင်းက ကော
စွာမြင်နေရသေးသည်။





ခေါင်းပြတ်များမှာ ယောကျ်ားဦးခေါင်းတစ်လုံး၊
မိန်းမဦးခေါင်းတစ်လုံးဖြစ်သည်။ မြစ်ဘက်သို့ မျက်နှာလှည့်
ထားသောကြောင့် ကြောက်စရာကောင်းသော ၎င်းတို့မျက်
နှာများကို ပိုးတဝါးလှမ်းမြင်နေရသည်။

ထိုနေရာရောက်တော့ ရင်မောင်က ခတ်တက်ကို
အရှိန်လျှော့ချလိုက်သည်။

"သောင်းကျန်းသူတွေ သတ်သွားတာဖြစ်မယ်"

ရင်မောင်က နောက်ဘက်မှတိုးတိုးလှမ်းပြောသည်။

"ဟုတ်မှာပေါ့ကွာ. . မြင်ရတာနဲ့တင် စိတ်မကောင်း
စရာကောင်းလိုက်တာ. ."

"အဲဒါထက် အခုညဘဝင်းပိတ်မှာ ဒီသောင်ထိပ်မှာမ
ဟုတ်လားအစ်ကို. ."

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်. ."

"ဒီနေရာမှာပိတ်ရင်တော့ အခြောက်အလှန့် ခံရဦး
မှာပဲ. . တခြားနေရာမှာရွှေ့ပြီး ပိတ်လို့မဖြစ်ဘူးလား
အစ်ကို"

ညီဖြစ်သူစကားကြားတော့ နီမောင်က သက်ပြင်း
ချလိုက်သည်။

"ရေလုပ်ငန်းလုပ်တယ်ဆိုတာ ဘယ်အလုပ်ပဲလုပ်
သူ့ဂုဏ်နဲ့သူ၊ သူ့နေရာနဲ့သူ လုပ်ရတယ်ကွ၊ နေရာ



www.burmeseclassic.com

www.burmeseclassic.com



သော လက်ဘက်ရည်အိုးတို့ကို တောင်းတစ်လုံးထဲသို့ထည့်ကာ အဝတ်ဖြင့် ဖုံးပေးလိုက်ခြင်းဖြစ်သည်။

ထိုတောင်းထဲမှာပင် သံပန်းကန်ပြားနှစ်ချပ်၊ ဖွန်းလက်ဘက်ရည်သောက်ရန် ပန်းကန်လုံးတို့ကိုလည်း ထည့်ပေးလိုက်သည်။

မိခင်ထည့်ပေးသော ပစ္စည်းများကို လှေထဲချပြီးနောက် ညနေစောင်းချိန်တွင် ညီအစ်ကိုနှစ်ယောက် လှေဖြင့်ထွက်ခဲ့ကြလေသည်။

ဘဝင်းပိတ်သောအလုပ်မှာ ချောင်းထဲဝင်စရာမလိုဘဲ မြစ်ကမ်းပါးတလျှောက်တွင် အလျှားလိုက်ပိတ်ရသောလုပ်ငန်းဖြစ်သဖြင့် ငါးပုဇွန်အရများတတ်သည့် လဗပင်မြစ်ကမ်းဘက်သို့ ဦးတည်ထွက်လာကြလေသည်။

အချိန်ကာလမှာ (၁၉၄၈)ခုနှစ်နောက်ပိုင်း ဆောင်းဝင်ပြီးစအချိန် ဖြစ်လေသည်။ (၁၃၀၉)ခု ပြာသိုလ ဆောင်းရာသီရောက်ပြီဖြစ်သောကြောင့် နေဝင်ကာနီးအချိန် ရောက်သည်နှင့် မြစ်ပြင်တဝိုက်မှာ မြူနှင်းများဝေ့ဆိုင်းလာလေသည်။ အအေးဓါတ်ကလည်း များလာလေသည်။

လဗပင်မြစ်ကမ်းမှာ ပတ်ဝန်းကျင်၌ချောင်းများပေါသည့်အပြင် ချိုင့်များ၊ သောင်ပြန့်သောင်တန်းများ ကောင်းသဖြင့် ဘဝင်းပိတ်သောအခါ ငါးပုဇွန်အရများလေသည်။

ထိုနေရာတဝိုက်တွင်ရှိသော ချောင်းများအတွင်း၌





နေထိုင်ကြသော ရွာငယ်ကလေးများရှိကြသည်။ အချို့လည်း သေးငါးအိမ်စုပြီး ရွာတည်ထားခြင်းဖြစ်ပြီး အချို့လည်း နှစ်ဆယ်ခန့်ရှိသောရွာများဖြစ်သည်။

ထိုရွာများ၌နေကြသူတို့မှာ ကရင်လူမျိုး အများဆုံးဖြစ်ပြီး မွန်လူမျိုးအချို့နှင့် ဗမာလူမျိုးအချို့လည်း နေထိုင်ကြသေးသည်။

ထိုရွာငယ်ကလေးများတွင် နေထိုင်ကြသူအများစုမှာ အမဲလိုက်ခြင်း၊ သားငါးရှာခြင်း စသောအလုပ်များ လုပ်ကိုင်စားသောက်ကြရသူများ ဖြစ်သောကြောင့် တစ်နေ့လုပ်တစ်နေ့စား ဘဝမျိုးဖြစ်ကြသည်။

ထိုသို့ဆင်းရဲချို့တဲ့ကြသော်လည်း နှိပ်စက်မည့်သူများက ရှိနေကြသည်။

ပြင်ဒရယ်သစ်တောနှင့် ထော်ပိုင်ချောင်းအတွင်း၌ အနှံ့ချနေကြသော ရောင်စုံသောင်းကျန်းသူများပင် ဖြစ်ကြသေးသည်။ သောင်းကျန်းသူများကတော့ ဆင်းရဲတာချမ်းသာတာ နားမလည်ကြဘဲ. . ရောက်လာသည်နှင့် ငွေနှင့်စားသောက်စရာများ တောင်းရမ်းယူပြီးမှသာ ပြန်သွားကြလေသည်။

၎င်းတို့လိုချင်တာမရပါက စိတ်မထင်လျှင် သတ်ဖြတ်များတတ်ကြသေးသည်။

ယခုလည်း နီမောင်တို့ညီအစ်ကိုနှစ်ယောက် ဘဝင်း



www.burmeseclassic.com

www.burmeseclassic.com

နင်းကြီးများကို လုပ်ကိုင်ကြသည်။

ထိုလုပ်ငန်းလုပ်သူအများစုမှာ ကဒုံကနီ၊ ဇရော၊ အမာ၊ ဆိပ်မ စသောနေရာများမှ အထွက်များကြလေသည်။

သာမန်ငါးပုဇွန်ရှာဖွေသူများကတော့ အနီးပတ်ဝန်းကျင်တဝိုက်တွင်ရှိကြသည့် ရွာကြီးရွာငယ်များ၌နေကြသည်။

ပင်လယ်နှင့်နီးသော ဒီရေတက်ရာအရပ်ဒေသများတွင် ငါးပုဇွန်ပေါလှပေရာ နည်းအမျိုးမျိုးဖြင့် ဖမ်းဆီးကြသည်။

ယင်း၊ ပိုက်များဖြင့် ချောင်းပိတ်ခြင်း၊ ဘဝင်းပိတ်ခြင်း (ဘဝင်းပိတ်ခြင်းမှာ ချောင်းထဲသို့မဝင်ဘဲ သောင်ပြင်များပေါ်၌ အလျားလိုက်ပိတ်ခြင်းဖြစ်သည်။) ပိုက်ထောင်ခြင်း၊ ငါးမျှားတန်းချခြင်း၊ ဖော့မျှောခြင်း၊ ကွန်ပစ်ခြင်း၊ မျှင်ထိုးခြင်း၊ ဝေါ်ထိုးခြင်း၊ နောက်ဆုံး ဒိုင်းဝန်းတစ်လက်ဖြင့် ငါးပုဇွန်ရှာသော အလုပ်အထိ လုပ်နိုင်လေသည်။

နီမောင်တို့ညီအစ်ကို လုပ်သောအလုပ်မှာ ဘဝင်းပိတ်ခြင်းဖြစ်သည်။

ဘဝင်းပိတ်သောအလုပ်မှာ သာမန်ငါးဖမ်းသော အလုပ်များထဲတွင် အတန်အသင့်ကြီးသော လုပ်ငန်းမျိုးဖြစ်သည်။ (ထိုခေတ်အချိန်အခါက ယခုခေတ်ကာလတွင်စီးပွားဖြစ် လုပ်ကိုင်နေကြသည့် ဂဏန်းဖမ်းခြင်း၊ ပုဇွန်တန်းချခြင်း စသောအလုပ်များကို မလုပ်ကြသေးပေ။)





ပုဇွန်ကို နည်းအမျိုးမျိုးဖြင့် ရှာဖွေဖမ်းဆီးခဲ့ကြသော်လည်း ဂဏန်းကိုတော့ မည်သူကမှ စီးပွားဖြစ်ဖမ်းယူကြခြင်း မရှိကြပေ။ ပိုက်ထောင်၊ ယင်းပိတ်သောအခါ ဂဏန်းညှပ်ခြင်ဖြင့် ပျက်စီးမှုများကြုံရသဖြင့် ဂဏန်းမှာ စီးပွားဖြစ်လုပ်သော အလုပ်များထဲတွင် မပါဝင်ပေ။

ယခုအခါမှာတော့ ဂဏန်းဖမ်းဆီးရောင်းချသောလုပ်ငန်းမှာ ထိပ်တန်းစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်သို့ ရောက်နေပေတော့သည်။

ဘဝင်းပိတ်သောလုပ်ငန်းမှာ အတန်အသင့်ကြီးသော ငါးရှာခြင်းအလုပ်မျိုးဖြစ်သဖြင့် နီမောင်တို့ညီအစ်ကို နှစ်ယောက် လုပ်သောအလုပ်ဖြင့် မိသားစုများစားလောက်သောက်လောက် ရှိကြလေသည်။

(၁၄)တောင်ခန့်အလျားရှည်သော ဘောက်တူတစ်စင်း တိုက်စိုက်ရန် ဝါးတိုင်၊ သစ်သားတိုင်များ၊ ယင်းချပ်များ၊ ကြက်များ၊ ကနော်တံ စသောအသုံးအဆောင်ပစ္စည်းများပါသည်။ ငါးပုဇွန်ထည့်ရန် ခြင်းတောင်းများ၊ ဓါး၊ လှံ၊ မှိန်း၊ တူတ် စသောလက်နက်များ၊ မီးအုပ်၊ မီးခွက်တို့ပါ အလုပ်လုပ်ရာသို့ သယ်ယူသွားကြရသည်။

၎င်းတို့ညီအစ်ကို အလုပ်ဆင်းကာနီးသောအခါ မိခင်ဖြစ်သူဒေါ်ကျင်မေက ထမင်းဟင်းများချက်ပြုတ်ကာ ထည့်ပေးသည်။ ချက်ထားသောထမင်းအိုး၊ ဟင်းအိုး၊ ကျိုအား


www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလို့မရဘူး၊ နေရာပြောင်းရင် ငါးပုဇွန်မရတတ်ဘူး. .

ထိုစကားကြားတော့ ရင်မောင်က ထွေထွေထူးထူး ထပ်မပြောတော့ဘဲ ခေါင်းပြတ်နှစ်လုံးစိုက်ထားသောနေရာနှင့် မနီးမဝေးသောင်စပ်တစ်နေရာ၌ လှေကိုဝင်ကပ်ပေးလိုက်လေသည်။

အချိန်က နေဝင်ရီတရောအချိန်ရောက်ပေပြီ။

ဝါးတိုင်ဖြင့်စိုက်ထားသော ဦးခေါင်းနှစ်လုံးအနက် မိန်းမဦးခေါင်းမှဆံပင်တို့မှာ လေတိုက်လိုက်တိုင်း တလူလူလွင့်နေကြလေသည်။





## အခန်း - (၅)

# သနားစရာကောင်းသော ဝိညာဉ်ပုံရိပ်

ရေ ထဦးရက် (လစဉ်လဆန်းဖြစ်စေ၊ လဆုတ်နက်ဖြစ်စေ (၁၁)ရက်၊ (၁၂)ရက်တို့ကို ရေထဦးရက်ဟု သတ်မှတ်ထားကြသည်။) ဖြစ်သောကြောင့် နေဝင်ချိန်ရောက်သည်နှင့် ရေစစ်သွားပေပြီ။

ကမ်းခြေတလျှောက်တွင်ရှိသော လမုတော၊ ဖျူးခြေ



www.burmeseclassic.com

www.burmeseclassic.com



အားသော ထမင်းနှင့်တင်းသာရှိသည်။ ဟင်းမရှိသော်လည်း အရေးမကြီးလှပေ။ ထမင်းရှိနေဖို့သာ အရေးကြီးသည်၊ ထမင်းရှိပါက ရှိတာနှင့် အဆာပြေစားသောက်၍ရကြသည်၊

ထို့ကြောင့် သူတို့အတွက် မနက်တစ်နပ်၊ ညနေတစ်နပ်စားရုံဖြင့် မလုံလောက်တော့ပေ။ အလုပ်လုပ်နေရင်း ဆာလျှင်ဆာသည့်အချိန် ထစားကြရလေ၏။

ခတ်တက်ခတ်လိုက်၊ လှော်လှော်လိုက်၊ ထမင်းပေါက်လိုက်၊ လွတိုက်လိုက်လျှင် စားထားသောထမင်းက ချက်ခြင်းအစာကြေသွားတတ်သည်မျိုး ဖြစ်သည်။

ယခုလည်း ညီအစ်ကိုနှစ်ယောက်စလုံး အိမ်မှာကတည်းက ညစာတစ်နပ်စားခဲ့ကြပြီဖြစ်သော်လည်း ယခု ယင်းတိုင်ပိုက်တိုင်များစိုက်ပြီးသွားတော့ နောက်တစ်နပ်ထပ်စားသောက်ကြရပြန်သည်။

ဟင်းကတော့ ထွေထွေထူးထူးမဟုတ်ပေ။

ငါးခြောက်ဟင်းနှင့် ငပိချက်တို့ပင်ဖြစ်သည်။ သို့သော် ဝမ်းဗိုက်ဆာနေသောအချိန်တွင် စားသောက်ရသဖြင့်များစွာအရသာရှိလှပေသည်။

ညီအစ်ကိုနှစ်ယောက် ထမင်းစားကာနီးတော့ ထုံးစံအတိုင်း တောပိုင်၊ ချောင်းပိုင်များကို တင်မြှောက်ကြရသည်။ ပြီးမှ စားသောက်ကြခြင်းဖြစ်၏။

ထိုသို့စားသောက်နေစဉ် ရင်မောင်ကမေးသည်။





"အစ်ကို ဟိုဘက်မှာ လက်နားယင်းတိုင်သွားစိုက်တော့ သရဲမခြောက်ဘူးလား. ."

နီမောင်က ခေါင်းခါပြလိုက်သည်။

"မခြောက်ပါဘူး. . ."

"အစိမ်းသေနေကြတာဆိုတော့ ဘယ်နည်းနဲ့မှကျွတ်ကြမှာမဟုတ်ဘူး. ."

"တကယ်လို့တွေ့တော့လည်း အမျှဝေပေးလိုက်ပေါ့ကွာ. . ."

"အမျှဝေရင် သူတို့က အန္တရာယ်မပေးကြဘူးလား"

"ပရလောကသားတွေက သူတို့ကိုအမျှဝေပေးရင်ကျေးဇူးတင်ကြတယ်၊ အန္တရာယ်မပေးကြပါဘူး. ."

"ဒါပေမယ့် ကြောက်စရာကြီး. ."

"ပရလောကသားတွေက ဒီလောက်ကြောက်ဖို့မကောင်းပါဘူးကွာ. .၊ သူတို့က အစားအစာကိုလိုချင်လို့ပဲဖြစ်ဖြစ် တစ်ခုခုလုပ်ပေးစေချင်လို့ပဲဖြစ်ဖြစ် လူတွေဆီကိုလာကြတာပါ၊ အကြောင်းမရှိရင် မလာကြပါဘူး. ."

ရင်မောင်ကတော့ ထမင်းလုပ်ကို ပါးစပ်ထဲထည့်ရင်းကြည့်နေလေသည်။

"ဒါပေမယ့် သူတို့က ရုပ်ဆင်းအင်္ဂါမတင့်တယ်ကြတော့ တွေ့လိုက်တဲ့အခါ ကြောက်စရာဖြစ်နေတာပေါ့၊ သူတို့ထက် ပိုပြီးကြောက်စရာကောင်းတာက အခုရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com



သော အလုပ်များကို ဆက်လုပ်နေသည်။

ထိုသို့လုပ်နေသော်လည်း စိတ်ကတော့ သိပ်မဖြောင့်ပေ။ အမှောင်ရိပ်သမ်းနေသောတောတွင်းမှာ ခြေသံလိုလို၊ ညည်းညူသံလိုလိုအသံများက လေတိုးသံများနှင့်ရောထွေးပြီး ကြားနေရသည်။

နီမောင်ကတော့ မကြောက်ရွံ့တတ်ပေ။

မြစ်ထဲချောင်းထဲ၊ တောထဲသွားလာနေသူများ ဖြစ်သဖြင့် သရဲသဘက်တို့နှင့် မကြာခဏတွေ့ကြုံဖူးလေသည်။

သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ မနီးမဝေးမှာထောင်ထားသော ဦးခေါင်းပြတ်ကြီးနှစ်လုံးကို လှည့်မကြည့်တော့ဘဲ မိမိလုပ်စရာရှိသောအလုပ်တို့ကိုသာ အာရုံစိုက်ပြီး ပြုလုပ်လေသည်။

ရေတက်လာသောအချိန်ရောက်တော့ ညီအစ်ကိုနှစ်ယောက်စလုံး လက်နားယင်းစိုက်ခြင်းအလုပ်တို့ကို ပြီးသွားကြသည်။ ထို့ကြောင့် လှေအတွင်းသို့ပြန်ဆင်းလာကြသည်။

သူတို့ညီအစ်ကိုနှစ်ယောက် လှေထဲပြန်ရောက်တော့ ရေကတဖြည်းဖြည်းနှင့် ပြန်တက်စပြုလာချေပြီ။ ဒီရေတိုးသံ လေတိုးသံတို့ကလည်း အတော်ပင်ကျယ်လောင်လာသည်၊ ညဦးပိုင်းအချိန်ရောက်လာပြီဖြစ်သဖြင့် လဆန်းရက်ထွက်လာသောလရောင်က အရှေ့ဘက်သစ်တောကြီးများပေါ်မှ ပေါ်ထွက်စပြုလာချေပြီ။





သစ်တောများအပေါ်သို့ လွတ်လွတ်ကျွတ်ကျွတ်မရှိသေးဘဲ သစ်ပင်ကျိုသစ်ပင်ကြားမှ ထွန်းလင်းနေရသဖြင့်လည်း မြစ်ရေပြင်နှင့်လတာပြင်များပေါ်သို့ ကွက်ကြားအလင်းရောင်အကွက်များ ကျနေလေသည်။

မြစ်ရေပြင်ပေါ်သို့ကျနေသော အလင်းရောင်များမှာ ငွေရည်၊ ငွေစက်များ ဖြန့်ကျဲထားသည်နှင့်တူပြီး ညိုညစ်နေသော သောင်ပြင်ပေါ်သို့ကျနေသော အလင်းရောင်များကတော့ အသားညိုသော အပျိုမတစ်ယောက်ပါးပြင်ပေါ်သို့ ရွှေကြယ်ငွေကြယ်များ တပ်ဆင်ထားသကဲ့သို့ပင် တူလှပေသည်။ လရောင်ကျဆင်းလာတော့ သောင်ပြင်ပေါ်မှာရှိနေကြသည့် ယာယီတွင်းများနှင့်နေကြသော ငါးဖျံနှင့်ဂဏန်းချောင်စုံတို့မှာ ဟိုမှဒီမှ သွားလာနေကြလေသည်။

ထိုမြင်ကွင်းများကတော့ ဒီရေအတက်အကျရှိသော ခင်လယ်ပိုင်းနှင့်နီးသောဒေသများတွင် နေ့စဉ်လိုလို မြင်တွေ့နေကြရသည့် မရိုးနိုင်သောရှုခင်းများပင် ဖြစ်ပေတော့သည်။

ရေတက်လာပြီဖြစ်သဖြင့် နီမောင်တို့လည်း အလုပ်အားသွားကြပြီဖြစ်သောကြောင့် လှေကြိုးကိုစိုက်ထားသော ဆင်းတိုင်တစ်တိုင်မှာချည်ထားပြီး မိခင်ဖြစ်သူထည့်ပေးလိုက်သော ထမင်းဟင်းများကို စားသောက်ရန်ပြင်ကြလေသည်။

ကျေးလက်တောရွာများ၌ နေကြသူများမှာ မြို့များကဘာလို မုန့်ပဲသွားရည်စာ စားသောက်စရာမရှိကြပေ။ ချက်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပင်တောများအတွင်းမှ ဘုတ်ငှက်အီသံများ၊ နေရာအနှံ့မှ အဆက်မပြတ်ပေါ်ထွက်လာသည်။ ထို့အတူ သောင်စပ်တလျှောက်တွင် ဒီရေတိုးသံ၊ လှိုင်းခတ်သံများ ကြားလာရသည်။ မြစ်ရေပြင်ပေါ်တွင် ငြိမ်သက်နေသောလေက ရေတက်ကာနီးတော့ တဖြူးဖြူးနှင့်တိုက်ခတ်လာသည်။

ရေတက်ဦးလေတိုက်လာသောမြစ်ရေပြင်၊ ချောင်းရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးများ ထလာသည်။

နီမောင်တို့ ညီအစ်ကိုနှစ်ယောက်ကတော့ ရေမတက်ခင်မှာပင် ဘဝင်းလက်နားတန်းခြင်း၊ ပိုက်ခြေမြှုပ်ခြင်းများ ပြုလုပ်နေကြသည်။

ဘဝင်းပိတ်သောလုပ်ငန်းမှာ သောင်ပြန့်ကျယ်ကြီးကို အလျားလိုက်ပိုက်၊ ယင်းချပ်များနှင့်ပိတ်ထားခြင်းဖြစ်ရာ ပိုက်ခြေများကို နွံထဲသို့မြှုပ်ပြီးပါက ကမ်းခြေဘက်တက်သွားသောနေရာများကို ယင်းတို၊ ယင်းရှည်များဖြင့် စိုက်ပိတ်ကြရသည်။

ထိုသို့လုပ်ရာမှာတော့ ညီအစ်ကိုနှစ်ယောက်၊ ဘေးအစွန်တစ်ဖက်တစ်ချက်စီကို နေရာခွဲပြီးလုပ်ကြရလေသည်။ ကံမကောင်းချင်တော့ ဦးခေါင်းပြတ်နှစ်လုံး စိုက်ထားသောနေရာမှာ ချောင်းဝပိုင်း လက်နားယင်းနယ်နိမိတ်အတွင်း၌ပါနေသည်။ လျှော့ဖို့တိုးဖို့ကလည်း အဆင်မပြေပေ။

ရှေ့တွင်ချောင်းရှိနေပြီး နောက်ဆုတ်ပြန်လျှင်လည်း





ချိုက်တောကြီးခံနေသည်။

ထို့ကြောင့် မူလနေရာဟောင်း (ယင်းစိုက်ရန်နေရာဖော်ထားသောနေရာ)မှာပင် လက်နားယင်းစိုက်ရန် ပြင်ရလေတော့သည်။ မတတ်သာတော့ပေ။

ထိုနေရာဘက်ကိုတော့ နီမောင်ကပင် တာဝန်ယူလုပ်ရပေသည်။ သူသည် ဓါးတလက်ကိုကိုင်ပြီး ယင်းချပ်အတိုအရှည်တို့ကိုထမ်းပြီး ကမ်းပေါ်တက်သွားသည်။

ခေါင်းပြတ်များစိုက်ထားသောတိုင်မှာ ထိုနေရာအနီးမှာပင်ရှိသည်။ ထိုနေရာရောက်ပြီးမော့ကြည့်တော့ ရုပ်ပျက်ဆင်းပျက် အသတ်ခံထားရသဖြင့် ဦးခေါင်းပြတ်နှစ်လုံး၏မျက်နှာများက ကြောက်စရာကောင်းလှပေသည်။ မျက်လုံးများက အပြင်သို့ပြူးထွက်နေပြီး ပါးစပ်ဟနေသဖြင့် လျှာကတစ်ပိုင်းတစ အပြင်သို့ ထွက်နေသည်။

မိန်းမခေါင်းမှဆံပင်များက အချို့သွေးများစွန်းပေနေပြီး အချို့ကလေတိုက်သဖြင့် တလူလူလွင့်နေသည်။

ထိုနေရာရောက်တော့ နီမောင်က အပေါ်သို့တစ်ချက်မော့ကြည့်သည်။ မှောင်စပျိုးနေသောအချိန်တွင် ဦးခေါင်းပြတ်နှစ်လုံးက သူ့ကိုကြည့်ပြီး ငုံ့ကြည့်နေသကဲ့သို့ရှိသည်။ ပထမတော့ ထိတ်လန့်သွားမိလေသည်။

သို့သော် ထိုကဲ့သို့ထိတ်လန့်နေလျှင်လည်း အလုပ်ပြီးတော့မည်မဟုတ်ဘဲ မျက်စိအကြည့်ကိုလွှဲကာ လုပ်စရာရှိ



www.burmeseclassic.com

www.burmeseclassic.com

ခဘွဲ့ကို အပြစ်မရှိအပြစ်ရှာသတ်နေတဲ့ သောင်းကျန်းသူတွေ ပဲကွ. . ”

“အင်း. . ဟုတ်တယ်. . ”

“သရဲသဘက်တွေက လူကိုသတ်ချင်မှသတ်မယ်၊ ဒါ ပေမယ့် ခေါင်းဖြတ်ပြီးတော့ အခုလိုရက်ရက်စက်စက်လုပ်ပြ ထားမှာမဟုတ်ဘူး. . . ”

“အင်း. . ဒါလည်းဟုတ်တယ်. . ”

“သူတို့က လက်နက်ရှိကြပြီးတော့ စိတ်ထားတွေက လည်းယုတ်မာရက်စက်ကြတော့ သရဲသဘက်တွေထက်ပိုပြီ ကြောက်စရာကောင်းတယ်. . ”

“သူတို့မှာ လက်နက်ရှိတယ်ဆိုပေမယ့် လူအင်အား က သိပ်မရှိပါဘူး. . အားလုံးသာညီမယ်ဆိုရင် သူတို့ကိုပြန် သတ်လို့ ရနိုင်တယ်. . . ”

ရင်မောင် လူငယ်လူရွယ်ပီပီ အားတက်သရော ပြောပြနေလေသည်။

“တစ်နေ့တော့ ဖြစ်ချင်ဖြစ်လာမှာပေါ့ကွာ. . ”

သူတို့ထမင်းစားနေစဉ်မှာပင် ရေစီးက အတော်များ လာသည်။ ရေစီးနှင့်အတူ သစ်ရွက်များ၊ သစ်ကိုင်းခြောက် များ၊ ထောင်လျက်သားမျောသည့် ဗျူးဗိုင်းတောင့်သီးများ လမုသီးမှည့်များ ပါလာသည်။

နီမောင်ကတော့ လှေနံဘေးသို့ရောက်လာသော





လမုသီးမှည့်တစ်လုံးကို လှမ်းယူလိုက်သည်။ ထို့နောက် ရေ ဆေးပြီး ငပိချက်နှင့်တို့စားလေသည်။ လမုသီးက ချဉ်သော အရသာရှိသဖြင့် ငပိချက်နှင့် များစွာလိုက်ဖက်လှပေသည်။

ထိုအချိန်မှာပင် ရေထဲမျောပါလာသော ဗျူးဗိုင်း တောင့်သီးပေါ်သို့ ငါးဖျံတစ်ကောင်က တွယ်တက်နေရာ ဗိုင်း တောင့်သီးကလှိမ့်နေသောကြောင့် ငါးဖျံကအပေါ်ရောက် လိုက် ဗိုင်းတောင့်သီးက အပေါ်ရောက်လိုက် ဖြစ်နေသည်။

“ဟိုမှာတွေ့လား ဗိုင်းတောင့်သီးနဲ့ငါးဖျံ တစ်လှည့်စီ အပေါ်ရောက်လိုက်၊ အောက်ရောက်လိုက်ဖြစ်နေတာ”

ရင်မောင်ကလှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

“သူတို့ကလက်နက်ရှိလို့ အခုအချိန်မှာငါတို့အပေါ် ရောက်နေကြပေမယ့် တစ်နေ့ကျရင် သူတို့ထက်အင်အားကြီး တဲ့လူတွေ ရောက်ချင်ရောက်လာမှာပေါ့၊ အဲ့ဒီအချိန်ကျရင် ငါတို့က သူတို့အပေါ်ရောက်ချင်ရောက်လာနိုင်ပါသေးတယ်”

နီမောင်တို့ညီအစ်ကိုမှာ စကားတပြောပြောနှင့် ထ မင်းစားကြရာ အတန်ကြာတော့ ပြီးသွားလေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန်ရောက်လာသည်နှင့် အမျှ ရေကလည်းပြည့်လာသည်။

လရောင်ကလည်း သစ်တောများအပေါ်မှ ကျော် လာပြီးဖြစ်သောကြောင့် အလင်းရောင်ပိုများလာသည်။ မြေပြင်ပေါ်မှာ ငွေရောင်ဆမ်းထားသကဲ့သို့ ဖြစ်နေပြီ။


www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာများမှာ လူသွားလူလာနည်းသောနေရာ များဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘဝ ပိတ်သောအလုပ်မှာ ရေပြည့်ချိန်ရောက်သည်အထိတော့ အလုပ်မရှိပေ။

ရေပြည့်ချိန်ရောက်တော့မှ ပိုက်ဆွဲတင်ရမည်ဖြစ် သည်။ ရေတက်၊ ရေကျအချိန်မှာ (၆)နာရီခြားသဖြင့် ည ပိုင်းက ရေတက်ခြင်းဖြစ်ရာ သန်းခေါင်ယံအချိန်ရောက်မှ ရေ ပြည့်မည်ဖြစ်၏။ သူတို့မှာ နာရီမပါပေ။

သို့သော် အချိန်မသိမှာ၊ ရေပြည့်ချိန်လွန်သွားမှာအ တွက်တော့ ပူပန်စရာမလိုပေ။

နာရီစက်ထက်ပိုပြီးစိတ်ချရသော ဘုတ်ငှက်ရှိသည်။ သံပတ်ပေးထားသောနာရီစက်ကမှ ရပ်တန့်ချင်ရပ်တန့် မည်။ ဘုတ်ငှက်ကတော့ အချိန်မလွဲပေ။

ရေတက်ကာနီးလျှင် တစ်ကြိမ်၊ ရေပြည့်ချိန်တွင်တစ် ကြိမ် အီး(အော်ခြင်း)ပေလိမ့်မည်။

ထိုအသံကိုစောင့်ရင်း ညီအစ်ကိုနှစ်ယောက် လှေ ပေါ်မှာပက်လက်လှန်လျက် နားကြလေသည်။

ရင်မောင်ကတော့ လူငယ်ဖြစ်သောကြောင့် ထမင်း စားပြီး လှေကပ်ပေါ်ကျောချလိုက်သည်နှင့် မကြာခင်မှာပင် တခေါခေါနှင့် အိပ်ပျော်သွားလေတော့သည်။

နီမောင်ကတော့ မအိပ်ဘဲ ရေပြည့်ချိန်ကိုစောင့်နေ





သည်။ လှေပေါ်မှာ ပက်လက်လှန်နေတော့ ကောင်းကင် ပေါ်မှာ သာနေသောလရောင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွား သည်။

မိုးတိမ်ကင်းသော ကောင်းကင်ပြာပြာထက်မှာ လ ရောင်က အစွမ်းကုန်ထွန်းလင်းတောက်ပနေလျက်ရှိသည်။ လရောင်တောက်ပခြင်းနှင့်အတူ အအေးဓါတ်ကလည်း ပိုများ လာသည်။ မြစ်ရေပြင်ပေါ်မှာပင် အခိုးအငွေ့များ ထနေ သည်။

နီမောင် လရောင်ကိုကြည့်နေရင်း စိတ်ကူးထဲမှာ မြဝင်းသူ၏ ပုံရိပ်များကို သတိရနေလေသည်။

မြဝင်းသူက ထိယာလိရွာတွင် နေထိုင်သူဖြစ်သည်။ မိခင်ရောဖခင်ပါ ကရင့်သွေးပါသူများဖြစ်ကြသဖြင့် သူမ သည် ကရင်လူမျိုးစစ်စစ်တစ်ယောက်ဟု မဆိုသာသော် လည်း ကရင်သွေးများသူတစ်ယောက်ဖြစ်သည်။

စကားပြောလျှင် လေသံဝဲနေပြီး၊ စိတ်ကြီးသူတစ်ဦး လည်းဖြစ်သည်။ မဟုတ်လျှင်မခံ၊ ဆတ်ဆတ်ကြဲတစ်ဦးလည်း ဖြစ်သော်လည်း မြဝင်းသူက ချောမောလှပသည်။

ပင်လယ်ပိုင်းဒေသ၌ နေထိုင်သူဖြစ်သော်လည်း အသားဖြူသည်။ မျက်လုံးမျက်ခုံးလှသည်။

သူမသည် မြဝင်းသူဟူသောနာမည်အပြင် အခြား နာမည်တစ်မျိုးလည်းရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဘ်ပလော်" ဟူသောအမည်ဖြစ်သည်။ ထိုအမည်
မှာ နတ်ဆိုးအမည်ဖြစ်သည်ဟု ကရင်လူမျိုးများက ယုံကြည်
လက်ခံကြသည်။

သို့ကြောင့် ထိုအရပ်မှာနေကြသော ကရင်လူမျိုး
တော်များများက စိတ်ကြမ်းလူကြမ်းနှင့်နေတတ်သော သူ
ကို နေဘ်ပလော်ဟုသာ ခေါ်ကြသည်။

နီမောင်တို့ကတော့ မြန်မာလိုအမည်ပေးထားသော
မြဝင်းသူ ဟူသောအမည်ကိုသာ ခေါ်ကြသည်။

မြဝင်းသူတို့နေသောရွာနှင့် နီမောင်တို့နေသောရွာ
မှာ မဝေးလှပေ။ ထော်ပိုင်ချောင်းကြီးအတွင်း၌ပင်ရှိကြ
တစ်ရွာနှင့်တစ်ရွာ ဆက်စပ်နေလေသည်။

မြဝင်းသူက အခြားယောကျ်ားလေးများနှင့် ရောနှော
နှောနှောနေလေ့မရှိသော်လည်း နီမောင်ကိုတော့ခင်သည်။
ရွာချင်းဆက်နေသဖြင့် မကြာခဏတွေ့နေကြရာ နီမောင်
မြဝင်းသူအပေါ်မှာ စိတ်ဝင်စားမှုရှိလေသည်။

နီမောင်မှာ ပက်လက်လှန်ရင်း မြဝင်းသူအကြောင်း
တွေးတောနေစဉ်မှာ တဖြည်းဖြည်းရေပြည့်ချိန် နီးလာလေပြီ
ရေပြည့်လျှင် လတာပြင်၌မြှုပ်ထားသောပိုက်များကို ဆွဲတင်
ကြရပေမည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့်ညဉ့်နက်ပိုင်းအချိန်
ရောက်လာသလို လရောင်ကလည်း ခေါင်းပေါ်ရောက်လာ





ပြီ။ ရင်မောင်တစ်ယောက်ကတော့ ထမင်းစားပြီးကတည်း
က အိပ်နေရာ ယခုအချိန်ထိမထသေးပေ။

ပိုက်ဆွဲတင်ပြီး၍ ရေကျချိန်ရောက်တော့မှ ရင်မောင်
က တစ်လှည့်စောင့်ပြီး နီမောင်က တစ်ရေးတစ်မောအိပ်ရပေ
တော့မည်။ ထိုသို့အတွေးကောင်းနေစဉ် မနီးမဝေးလမုတော
အတွင်းမှ ဆင်းလာသော ခြေသံလိုလိုကြားရသဖြင့် အတွေး
စကာ ထကြည့်လိုက်သည်။

လရောင်ရှိနေသည်ဆိုသော်လည်း လမုပင်များခံနေ
သဖြင့် ကျိုးတိုကျဲတဲသာမြင်ရသည်။ သူကြည့်လိုက်သောအ
ခါတွင် လမုတောထဲမှ လူနှစ်ယောက်ထွက်လာကြသည်။
ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်တို့ပင်ဖြစ်သည်။

နီမောင်က သရဲခြောက်နေသည်ဟုထင်သဖြင့် လှမ်း
ကြည့်နေစဉ် သူရှိသောနေရာဘက်သို့မလာဘဲ ခေါင်းပြတ်နှစ်
လုံးစိုက်ထားသောနေရာသို့ လျှောက်သွားနေကြသည်။

ဒီတော့မှသဘောပေါက်သွားလေသည်။

ထိုနှစ်ယောက်မှာ ခေါင်းဖြတ်ခံထားရသောနှစ်
ယောက်ပင် ဖြစ်ကြပေလိမ့်မည်။ တိုင်အနီးသို့ရောက်သော
အခါ ဝါးချွန်ဖြင့်ထိုးပြီးထောင်ထားသော ဦးခေါင်းပြတ်နှစ်လုံး
ကို မော့ကြည့်နေကြသည်။

သနားစရာကောင်းသောမြင်ကွင်းမျိုးဖြစ်သည်။

ဝိညာဉ်ဘဝတွင် ဦးခေါင်းရှိနေသော်လည်း လူဘဝ



www.burmeseclassic.com

www.burmeseclassic.com

တွင် ဦးခေါင်းဖြတ်ကာအသတ်ခံခဲ့ကြဟန်ဖြင့် သူတို့ဦးခေါင်းများကို ပြန်လိုချင်နေကြဟန်ရှိသည်။

အောက်မှရပ်ကာ မော့ကြည့်နေသောမျက်နှာနှင့် တိုင်ထိပ်တွင်စွပ်ထားသောဦးခေါင်းပြတ်နှစ်လုံးမှာ အတူတူပင်ဖြစ်သည်။ နီမောင်ကလည်း ငြိမ်သက်စွာထိုင်ပြီး ၎င်းတို့အခြေအနေကို အကဲခတ်ကြည့်နေလေသည်။

အတန်ကြာသည်အထိ အခြေအနေမထူးဘဲ ရှိကြည့်မြဲသာကြည့်နေကြသည်။

ထိုအခိုက်မှာပင် ရေပြည့်ချိန်ရောက်လာပြီဖြစ်သဖြင့် လေက ဝေါခနဲတိုက်လိုက်သဖြင့် ကမ်းစပ်မှာရှိသော လဲ တော၊ ဗျူးတောများ လှုပ်ခတ်သွားသည်။ မရှေးမနှောင်း မှာပင် ဘုတ်ငှက်အော်မြည်သံများက တစ်နေရာပြီးတစ်နေရာမှ အဆက်မပြတ် ပေါ်ထွက်လာလေသည်။

ဦးခေါင်းပြတ်နှစ်လုံးစိုက်ထားရာနေရာအနီးရှိ လဲပင်များပေါ်မှလည်း ဘုတ်ငှက်များအော်သံပေါ် ထွက်လာလေသည်။ ထိုအော်သံကြားသည်နှင့် တိုင်အောက်မှာရပ်နေသော ဝိညာဉ်ပုံရိပ်နှစ်ခုမှာ ဝှေ့ပါးပျောက်ကွယ်သွားကြလေတော့သည်။





# အခန်း - (၆)

# နော်ပလော် သို့မဟုတ် မြဝင်းသူ

**တစ်**နေ့သ၌ နံနက်ပိုင်းအချိန်သာသာလောက် ...င် မြပဂိုးရွာရှိသော ချောင်းကမ်းစပ်တလျှောက်တွင် ဆတ် ...ားရောင်းသောလှေတစ်စင်း ရောက်လာလေတော့သည်။

ဆတ်သားလာရောင်းသောလှေမှာ ထီယာလိရွာ ...မှလာသော လှေဖြစ်ပြီး ထိုလှေပေါ်တွင် မြဝင်းသူနှင့် ...င်ဖြစ်သူ ကရင်လေးတို့ပါသည်။ ကရင်လေးက နေ့အော်


www.burmeseclassic.com

www.burmeseclassic.com



ဖက်မှ လှေလှော်ပေးပြီး မြဝင်းသူက ဆတ်သားတောင်းနေ
တွင် ထိုင်လိုက်လာသည်။

မြဝင်းသူဖခင်ဖြစ်သူ ဦးစကောမှာ ကရင်လူမျိုးတ
ဦးဖြစ်ပြီး တောထဲ၌အမဲလိုက်ရာတွင် များစွာကျွမ်းကျင်လှ
သည်။ ကရင်လူမျိုးအတော်များများက တောင်ယာစိုက်ခြင်း၊
တိရစ္ဆာန်မွေးမြူခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းတို့ လုပ်ကိုင်
အသက်မွေးဝမ်းကျောင်းပြုသူများကြသည်။

မြဝင်းသူဖခင် ဦးစကောကတော့ အခြားအလုပ်များ
ကို စိတ်မဝင်စားဘဲ အမဲလိုက်ခြင်းအလုပ်ကိုသာ စိတ်ဝင်စား
သူဖြစ်သည်။ ထိုယာလီရွာတွင် အမဲလိုက်သောအလုပ်ဖြင့်
အသက်မွေးဝမ်းကျောင်းပြုသူများ ရှိကြသည်။ သို့သော်
ဦးစကောကိုတော့ မီသူမရှိကြပေ။

အခြားမုဆိုးများက တောထဲသွားသော်လည်း အမဲ
မရဘဲနှင့် ပြန်လာရသည်မျိုးရှိချင်ရှိမည်။

ဦးစကောကတော့ ဘယ်အခါမှ အမဲမရဘဲနှင့် ပြန်
လာရသည်မျိုးမရှိပေ။ ရောင်းဖို့ချဖို့ လောက်လောက်လား
လား သားကောင်မျိုးမရခဲ့လျှင်တောင်မှ အိမ်အတွက် ဟင်း
စားကျွေးစားရအောင် အမဲလိုက်နိုင်သူဖြစ်သည်။

သို့ကြောင့် တစ်ရွာလုံးက အမဲလိုက်သူအချင်းချင်း
ကပင် တစ်ပွဲစားဟုသတ်မှတ်ထားကြပြီး အချို့က 'တစ်ပွဲစား
စကော' ဟုခေါ်ကြသည်။





မြဝင်းသူတို့မိသားစုမှာ လေးယောက်သာရှိသည်။
မိခင် ဖခင်ဖြစ်ကြသော ဦးစကောနှင့် ဒေါ်မေဖောတို့အပြင်
မြဝင်းသူနှင့် မောင်ဖြစ်သူ ကရင်လေးတို့လေးယောက်သာ
ရှိကြသည်။

မြဝင်းသူက (၂၃)နှစ်ခန့်ရှိနေပြီး ကရင်လေးက(၁၅)
နှစ် အရွယ်သာရှိပေသေးသည်။ ထိုမိသားစုလေးယောက်မှာ
အမဲလိုက်သောအလုပ်အပြင် ဝက်၊ ကြက်၊ တိရစ္ဆာန်များမွေး
မြူထားသေးသည်။

ယခုလည်း အမဲလိုက်ရာမှရလာသော ဆတ်တစ်
ကောင်ကိုဖျက်ပြီး အသားတွဲများအား အနီးပတ်ဝန်းကျင်တစ်
ဝိုက်တွင်ရှိသော ရွာကြီးရွာငယ်တို့တွင် လှည့်လည်ရောင်းချ
ရန် မောင်နှမနှစ်ယောက် လှေတစ်စင်းဖြင့်ထွက်လာကြရင်းမှ
မြပဂိုးရွာသို့ ရောက်လာကြသည်။

ကျေးလက်တောရွာများတွင် အမဲသားငါးရောင်းချ
ကြရာတွင် မြို့ပေါ်မှာရောင်းသလို အလေးချိန်ခွင်မလိုပေ။
မြို့ပေါ်မှာ ဈေးဝယ်ကြတာက ငါးကျပ်သား၊ တစ်ဆယ်သား၊
နှစ်ဆယ်သား လိုသလောက်သာဝယ်ယူကြသည်။

ဈေးရောင်းသူတို့ကလည်း အလီလီအလာလာ ချိန်
တွယ်ပြီး ရောင်းချပေးရသည်။ ထို့ကြောင့် ချိန်တွယ်စရာအ
လေးချိန်ခွင်လိုသည်။ တောမှာတော့ ထိုသို့မဟုတ်ပေ။

အမဲသားရောင်းရောင်း၊ ဝက်သားပဲရောင်းရောင်း



www.burmeseclassic.com

www.burmeseclassic.com



ပိဿာတွဲများသာ ရောင်းချသည်။ ဝယ်သည့်သူကလည်း ပိဿာလိုက်သာ ဝယ်ယူသည်။

သို့ကြောင့် ချိန်တွယ်ရောင်းစရာ အလေးချိန်ခွင် မလိုကြပေ။ အိမ်မှာအမဲဖျက်ပြီးကတည်းက တစ်ခါတည်း တစ်ပိဿာတွဲများချိန်တွယ်ပြီး သင်အူကြိုးဖြင့် စည်းထားလိုက်သည်။ ရောင်းသောအခါ ထိုဆိတ်သားတွဲများကို တောင်းများထဲထည့်ကာ လှေတစ်စင်းဖြင့် လှည့်လည်ရောင်းချခြင်းဖြစ်ပေသည်။

ယခုလည်း မြဝင်းသူတို့မောင်နှမမှာ တစ်ရွာဝင်တစ်ရွာထွက် ဆိတ်သားများလှည့်လည်ရောင်းချကြရင်း မြပဂိုးရွာသို့ ရောက်လာကြခြင်းဖြစ်သည်။

မြပဂိုးရွာမှာ နီမောင်တို့နေသောရွာဖြစ်သည်။ ထိုရွာရောက်တော့ အခြားနေရာများတွင် လှည့်လည်ရောင်းချရင်းမှ နီမောင်တို့နေသောအိမ်ဆိပ်သို့ရောက်တော့ တံတားဆိပ်မှာ ဝင်ကပ်လိုက်သည်။

နီမောင်က အိမ်အနောက်ဘက်ရေစင်(ရေတစ်ပိုင်းကုန်းတစ်ပိုင်းထိုးထားသော ငါးပုဇွန်တင်သောစင်)ပေါ်မှာ ညကတည်းကပြုတ်ထားသော ပုဇွန်များကို နေလှန်းနေလေသည်။ ခြောက်သွားလျှင် ပုဇွန်ခြောက်ပြုလုပ်ရန်အတွက် နေလှန်းပေးရခြင်းဖြစ်သည်။

နီမောင်က မြဝင်းသူတို့လှေကိုမြင်တော့ လုပ်လက်စ





အလုပ်များကိုရပ်ထားခဲ့ပြီး ရေစင်ပေါ်မှဆင်းလာသည်။

"မြဝင်းသူတို့မောင်နှမပါလား. . လာကြ"

တံတားတွင် လှေဆိုက်ပြီးသောအခါမှာတော့ မြဝင်းသူက ဆိတ်သားတွဲတစ်တွဲကိုဆွဲယူလာ၍ တံတားပေါ်တက်လာလေသည်။

"နင်တို့စားဖို့အတွက် ဆိတ်သားကောင်းကောင်းရတာနဲ့ ဝင်ပို့ပေးတာ. . ."

ဟုပြောရင်း မြဝင်းသူက လှမ်းပေးသဖြင့် နီမောင်က လှမ်းယူလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ဟာ. .၊ ငါလည်း နင်တို့ဆီမရောက်တာအတော်ကြာပြီ. . ."

"အခုတောင် ငါတို့လာတာမြင်လို့ သတိရတာ မဟုတ်လား. . ."

"ဒီလိုတော့မဟုတ်ပါဘူး မြဝင်းသူရယ်. .၊ စိတ်ထဲကတော့သတိရပါတယ်၊ ဒီမှာ ရေထရက်ဆိုတော့ အလုပ်တွေများနေလို့ပါ. ."

နီမောင်စကားကြားတော့ မြဝင်းသူက မျက်စောင်းတစ်ချက်ထိုးရင်း အပေါ်သို့တက်လာသည်။ နီမောင်က မြဝင်းသူပေးသော ဆိတ်သားတွဲကို ရင်မောင်အားခေါ်ပေးလိုက်ပြီးနောက် ရေစင်ပေါ်မှာပင်ရပ်ကာ စကားပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်လာတာနဲ့အတော်ပဲ နင်တို့မိသားစုစားဖို့ ငါး ခြောက်နဲ့ပုဇွန်ခြောက်တွေ ထည့်ပေးလိုက်ဦးမယ်. ."

"ငါက ပြန်ပြီးကျေးဇူးတင်ရမှာပေ့ါ. ."

"ဒါထက် နင့်ကိုမေးရဦးမယ်. . ဟိုတစ်ညက လမု တန်းရွာထိပ်ကချောင်းမှာ ဘဝင်းပိတ်ဖို့ရောက်သွားတော့ အသတ်ခံရတဲ့လူနှစ်ယောက် ခေါင်းနှစ်လုံးထောင်ထားတာ တွေ့ရတယ်၊ ဘယ်လိုဖြစ်လို့ အသတ်ခံရတာလဲ. . ."

မြဝင်းသူတို့နေသောထိယာလိရွာနှင့် လမုတန်းရွာ မှာလည်း တစ်ရွာနှင့်တစ်ရွာ မဝေးလှသောကြောင့် နီမောင် က မေးလိုက်ခြင်းဖြစ်သည်။

"ရွာလူကြီးလင်မယားလို့တော့ ပြောသံကြားတယ် သူပုန်တွေက ဆက်ကြေးတောင်းခိုင်းတာကို ကလန်ကဆန် လုပ်လို့ နှစ်ယောက်စလုံးသတ်ပြီး ခေါင်းဖြတ်သွားတာလို့ ပြောသံကြားတယ်. . ."

"သနားစရာပဲ. . ဒီမှာနေကြတဲ့ ရွာသူရွာသားတွေ လည်း ကိုယ့်ထမင်းကိုယ်ရှာစားပြီး အေးအေးမနေရဘူး သူတို့နှိပ်စက်တာပဲ ခံနေကြရတယ်. ."

"ဒီလိုပေ့ါနီမောင်ရယ်၊ ငါတို့ဘဝတွေက ကံမကောင်း ခဲ့ကြလို့ သူများတွေက မြို့ပေါ်မှာအေးအေးနေကြတဲ့အချိန် မှာ ငါတို့က တောတောင်ထဲမှာ သူတစ်ပါးနှိပ်စက်တာခံရပြီး အထိတ်ထိတ်အလန့်လန့်နဲ့ နေနေရတယ်. ."





"ကံကိုချည်းပဲပုံချပြီး ဒီအတိုင်းထိုင်စိတ်ညစ်နေလို့ ဖြစ်ဘူး မြဝင်းသူရဲ့၊ ဒီဘဝဆိုးတွေကလွတ်အောင် ဒီလိုပဲ ကြိုးစားရမှာပေ့ါ. . ."

ထိုစကားကြားတော့ မြဝင်းသူက တစ်ချက်ကြည့် သည်။

"နင်က ဘယ်လိုကြိုးစားမှာမို့လဲ. . ."

"နင်ကလည်း အထင်သေးလိုက်တာ၊ ဘဝကံမ ကောင်းခဲ့လို့ တောထဲမှာနေရပေမယ့် ကြိုးစားပြီးထွက်နိုင်ရင် တစ်နေ့တော့ မြို့ကိုရောက်မှာပေ့ါ. ."

"နင်ကတော့ ယောကျ်ားလေးကိုး. . ပြောအားရှိတာ ပေ့ါ. .၊ ငါတို့ကတော့ ဒီလိုပဲနေကြရမှာပဲ. .၊ ကဲ. . ငါပြန် တော့မယ်၊ ရောင်းစရာအသားတွဲနည်းနည်း ကျန်သေးတော့ ဟိုဘက်တွေလှည့်ရောင်းရဦးမယ်. ."

"ငါလည်း ရေသေရက်အလုပ်နားတော့မှ နင်တို့ရွာ ကို လာခဲ့ဦးမယ်. ."

"ဘယ်သူ့ဆီလာမှာလဲ. ."

"အဲ့ဒီရွာမှာ ငါကနင့်ကိုပဲသိတာ နင့်ဆီပဲလာမှာပေ့ါ"

ထိုသို့ပြောတော့မှ ကျေနပ်သွားသောအပြုံးဖြင့် မျက် နှာထားတစ်ချက်ထိုးလိုက်သည်။

ထို့နောက် နီမောင်က အိမ်ထဲမှာအသင့်ရှိနေသော ပုဇွန်ခြောက်နှင့်ငါးခြောက်အချို့ကို အိတ်တစ်လုံးဖြင့်ထည့်ယူ



www.burmeseclassic.com

www.burmeseclassic.com



လာကာ မြဝင်းသူကိုပေးရင်းပြောသည်။

"မြဝင်းသူ. . ဒီအချိန်က နေရာတကာမှာ သောင်းကျန်းသူတွေသွားလာနေကြတာ၊ တော်ကြာ သူတို့နဲ့တွေ့နေဦးမယ်. . သတိထားပြီးသွားနော်. ."

"နင်က ငါ့ကိုစိတ်မချလို့လား"

နီမောင်က ဘာမှပြန်မပြောဘဲ ကြည့်ရုံသာကြည့်နေသည်။

"စိတ်မချရင်တော့ လိုက်ပို့ပေတော့. . ငါတို့ကတော့ မရှိတော့ ဒီလိုပဲအရဲစွန့်ပြီး သွားလာနေရတာပဲ. ."

ဟုပြောကာ နီမောင်ပေးသောအထုပ်ကိုယူပြီး လှေရှိရာသို့ ပြန်ဆင်းသွားလေသည်။

နီမောင်ကတော့ မြဝင်းသူဆင်းသွားသောနေရာကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

မြဝင်းသူနှင့်ကရင်လေးတို့ မောင်နှမနှစ်ယောက်ကတော့ တောင်းထဲမှာကျန်နေသော ဆတ်သားတွဲများကို ရောင်းသွားရင်း ရွာဘက်သို့ပြန်လာကြလေသည်။

အောက်ပိုင်းဒေသများ၌ရှိသော ရွာများမှာ တစ်ရွာနှင့်တစ်ရွာ မဝေးလှသော်လည်း ကြားတွင် ချောင်းများ၊ သစ်တောများက ခြားနေသည်။ တစ်ရွာနှင့်တစ်ရွာသွားလိုလျှင် ထိုချောင်းများအတွင်းမှ လှေဖြင့်လှော်ခတ်သွားကြရသည်။

မြပကိုးရွာနှင့် ထိယာလိရွာကိုသွားလာ၍ရသော ချေ





ကျော်တစ်ခုအတွင်းရောက်တော့ ရှေ့မျက်နှာချင်းမှလာနေသော လှေတစ်စင်းနှင့်ဆုံကြသည်။

လှေပေါ်မှာ လူသုံးယောက်ပါလာပြီး ဝတ်စားဆင်ယင်ပုံကြည့်ရုံနှင့်ပင် သောင်းကျန်းသူများဖြစ်သည်ကို သိနိုင်ပေသည်။ တကယ်တော့ ထိုအခြေအနေမျိုးတွင် သောင်းကျန်းသူများနှင့်တွေ့ရသည်မှာ မကောင်းလှပေ။

သို့သော် မြဝင်းသူကတော့ တစ်စက်ကလေးမှမကြောက်ပေ။ ရှပ်အင်္ကျီဟောင်းတစ်ထည်ကိုဝတ်ပြီး ခမောက်တစ်လုံးကိုဆောင်းထားသဖြင့် အဝေးမှကြည့်လျှင်တော့ ယောကျ်ားတစ်ယောက်နှင့်တူလှပေသည်။

လှေချင်းနီးလာတော့ သောင်းကျန်းသူများက လှေကိုရပ်ခိုင်းသဖြင့် ရပ်ပေးလိုက်ရသည်။

သောင်းကျန်းသူသုံးယောက်စလုံးမှာ ကရင်လူမျိုးများ ဖြစ်ကြလေသည်။ စစ်အင်္ကျီဘောင်းဘီအဟောင်းများကို ဝတ်ထားပြီး ဦးထုပ်များဆောင်းထားကြသည်။

၎င်းတို့သုံးယောက်နံဘေးတွင် ရိုက်ဖယ်သေနတ်သုံးလက်ပါလာကြသည်။ လှေချင်းနီးလာတော့ ရပ်ခိုင်းသဖြင့် ရပ်ပေးလိုက်ရသည်။ လှေနှစ်စင်းယှဉ်မိတော့ အလယ်မှာထိုင်နေသူက မေးသည်။

"လှေထဲမှာဘာတွေပါသလဲ. ."

"ဆတ်သားရောင်းပြီးပြန်လာတာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျတာပေါ့. . ဟင်းစားရတာပေါ့၊ ဆတ်သား ရောင်းလို့ရတဲ့ပိုက်ဆံပါ ပေးထားခဲ့ဦး"

"ဒီပိုက်ဆံနဲ့ ဆန်တွေဘာတွေဝယ်ရမှာ ပိုက်ဆံမရှိ တော့ ဘာနဲ့ဝယ်စားမလဲ. ."

မြဝင်းသူက ကြောက်လန့်မှုမရှိသော အသံမျိုးဖြင့် ပြန်ပြောသဖြင့် ထိုလူကတစ်ချက်ကြည့်သည်။

"နင်က ကရင်လူမျိုးမဟုတ်လား. . နင်နာမည်ဘယ် သူလဲ. . ."

"နော်ပလော်. . ."

"ဒါကြောင့် လေသံမာနေတာကိုး. . တခြားသူသာ ဆိုရင် ဒီလေသံမျိုးနဲ့ ငါတို့ကိုပြန်ပြောရင် သတ်ပြီးရေထဲပစ်ခဲ့ လိုက်မှာ၊ ကရင်လူမျိုးအချင်းချင်းမို့ နင်သက်သာသွားတယ် မှတ်ပါ. . .၊ နင်ပြောသလိုပဲ ပိုက်ဆံတော့မယူတော့ပါဘူး ဆတ်သားတော့ စားဖို့ယူသွားမယ်. ."

ထိုသို့ပြောသဖြင့် မြဝင်းသူက ထွေထွေထူးထူးပြန် ပြောတော့ဘဲ တောင်းထဲတွင်ကျန်နေသော ဆတ်သားတွဲများ ကို ယူပေးလိုက်သည်။

"နင်ဘယ်ရွာမှာနေတာလဲ. ."

"ထိယာလိ. ."

"အေး. . နင်ကငါတို့လူမျိုးလည်းဖြစ်တယ် စိတ် လည်းမာတယ်. . ငါတို့အဖွဲ့ထဲဝင်မလား. . ."





မြဝင်းသူကခေါင်းခါပြသည်။

"နင့်မှာယောက်ျားရှိလား. ."

"ရှိတယ်. ."

ထိုသို့ပြန်ပြောလိုက်တော့ လှေပဲ့ပိုင်းနားမှာထိုင်နေ သောကရင်လေးပင် မျက်လုံးပြူးသွားလေသည်။

"နင့်ယောက်ျားကဘယ်သူလဲ. . ."

"ငါ့ယောက်ျားက တောထဲမှာအမဲလိုက်တယ်. . ငါး ရှာတယ်. ."

"နင့်ကြည့်ရတာ ယောက်ျားရတာ မကြာသေးဘူး ထင်တယ်. ."

ထိုသို့ပြောပြီး ဆတ်သားတွဲများကိုယူကာ ထိုနေရာမှ ထွက်သွားကြလေတော့သည်။ ထိုအခါမှ မြဝင်းသူတို့မောင် နှမလည်း သက်ပြင်းချနိုင်ပြီး ထိုနေရာမှထွက်ခဲ့ကြလေသည်။

လှေချင်းအတော်ကလေးဝေးသွားတော့မှ ကရင် လေးက မကျေမနပ်ဖြင့်ပြောလိုက်သည်။

"လက်နက်ရှိတယ်ဆိုပြီး သိပ်ပြီးအနိုင်ကျင့်တာပဲ"

"သူတို့က ဘာအလုပ်မှမလုပ်ကြဘဲ လက်နက်အား ကိုးပြီး ထမင်းစားကြတာဆိုတော့ တွေ့သမျှလူတွေကို ဒီလို ပြစက်မှာပဲဖြစ်မှာပေါ့. . ."

"ဒါ့အပြင် လူတွေကိုစိတ်မထင်ရင်မထင်သလို သတ် တာတော့ အတော်ဆိုးပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

"တစ်နေ့တော့ သူတို့က ငါတို့ကိုနိုင်သလို သူတို့ကိုနိုင်တဲ့လူတွေလည်း ပေါ်လာဦးမှာပါ. . ."

"ဒါထက်. . နင်စောစောကပြောတော့ ယောက်ျားရှိတယ်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ. ."

"ဘယ်သူ့မှပြောတာမဟုတ်ဘူး၊ တမင်ပြောလိုက်တာ. . ."

"မသိပါဘူး. . ယောက်ျားရှိတယ်ဆိုတာ ကိုနီမောင်ကိုများ ပြောတာလားလို့. ."

"မဟုတ်တာ. . သူနဲ့က ဘာဖြစ်နေလို့လဲ. ."

"ဖြစ်တာ. . မဖြစ်တာတော့ငါမသိဘူး၊ ဒါပေမယ့် နင်တို့နှစ်ယောက်ကြည့်ရတာ သမီးရည်းစားဖြစ်နေသလိုပဲ"

ကရင်လေးစကားကြောင့် မြဝင်းသူသဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

ကရင်လေးက ပေါ့ပေါ့တန်တန် ပြောလိုက်သော်လည်း မြဝင်းသူရင်ထဲမှာတော့ နွေးထွေးသွားလေသည်။

မောင်နှမနှစ်ယောက် စကားတပြောပြောနှင့် လှေလှော်ပြီးပြန်လာရာ နေမြင့်သောအချိန်တွင် အိမ်သို့ပြန်ရောက်လာကြသည်။

မြဝင်းသူက လမ်း၌ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အဖေနှင့်အမေအား ပြန်ပြောပြလိုက်သည်။ နှစ်ယောက်စလုံးက မထူးဆန်းသောအကြောင်းအရာတစ်ခုကို





ကြားရသကဲ့သို့ ဆေးတံဖွာရင်း နားထောင်နေကြသည်။

"နော်ပလော်ရယ်. . ဆတ်သားတွဲယူသွားရှုံဆိုရင် ကောင်းသေးတာပေါ့. . နင့်ပါခေါ်သွားရင် အခက်ပဲပေါ့"

"ဒီလိုတော့ရမတဲ့လား. ."

"သူတို့မှာလက်နက်ရှိတယ်လေ သေနတ်ရှိတယ်၊ ငါတို့မှာ ဓါးမတိုလောက်သာ ရှိကြတာဆိုတော့ ဘာလုပ်လို့ရမလဲ၊ ဒီကနေ့မနက်ပိုင်းကတောင် သောင်းကျန်းသူသုံးယောက် ဒီရွာရောက်လာကြသေးတယ်. ."

သူတို့နှင့်တွေ့ခဲ့သော လှေဖြစ်မည်ဟု ခန့်မှန်းမိလိုက်သည်။

"ဟိုးရွာဖျားဘက်မှာနေတဲ့ ဗမာတွေနေတဲ့အိမ်ဝင်ပြီး ထမင်းဟင်းချက်ခိုင်းတာ အဆင်မပြေလို့ ရိုက်ပုတ်နှိပ်စက်သွားတာ သေလုမျောပါးကျန်ခဲ့တယ်လို့ ပြောသံကြားတယ်. ."

မြဝင်းသူကတော့ ဘာမှပြန်မပြောတော့ပေ။

သူမအဖို့တော့ သားရဲတိရစ္ဆာန်လက်တွင်းမှ ကံကောင်းထောက်မစွာဖြင့် သီသီလေးလွတ်ခဲ့ရပုံများကို တွေးမိရင်း စိတ်လှုပ်ရှားနေဆဲပင်ရှိနေသေးသည်။


www.burmeseclassic.com

www.burmeseclassic.com




## အခန်း - (၇)

# နတ်ဆိုးကိုယုံကြည်သော လူမျိုးစုများ

ထိယာလိရွာမှာ ကရင်လူမျိုးများနှင့် ကရင်သွေးပါသူ အများစုနေထိုင်ကြသည့် ရွာတစ်ရွာဖြစ်သည်။

တစ်ရွာလုံး ငါးရှာခြင်း၊ အမဲလိုက်ခြင်းလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသည်။

မြန်မာနိုင်ငံအတွင်းတွင် ကရင်ပြည်နယ်နှင့် ဧရာဝတီ


www.burmeseclassic.com

www.burmeseclassic.com



တိုင်း(ယခုဒေသကြီး)အောက်ပိုင်းဒေသများတွင် ကရင်လူမျိုး အများစုကို တွေ့ကြရသည်။

ရှေးအခါက ထိုင်းနှင့်မြန်မာနယ်စပ်ဒေသဖြစ်သော ထိုင်းနိုင်ငံအနောက်ဘက် တောင်ကုန်းဒေသများ၌ ကရင် လူမျိုးအများစု နေထိုင်ခဲ့ကြကြောင်း မှတ်တမ်းဟောင်းများ၌ ခဲ့သည်။

ထိုင်းနိုင်ငံတောင်ဘက်ရှိ ပက်ချပူရီမြောက်ပိုင်း၌ မယ်ဟောင်ဆောင်နှင့် ချင်းရိုင်တောင်ပိုင်းဒေသများမှာ ကရင်တို့ အခြေချနေထိုင်ရာဒေသဖြစ်ခဲ့သည်။

ထိုင်းနိုင်ငံအရှေ့ဘက် လမ်းဖုန်းဒေသမှာလည်း ကရင်လူမျိုးအချို့ ရှိကြသည်။ ထိုင်းနိုင်ငံချင်းရိုင်သည် ကရင် တို့နေထိုင်ရာ နယ်နိမိတ်စည်းပင်ဖြစ်လေသည်။ အရှေ့ဘက် တွင်ရှိသော နယ်နိမိတ်စည်းဆိုကမမှားပေ။

ရှေးမှတ်တမ်းများ၌ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း ဒေသများ၌ ဝင်ရောက်နေထိုင်ကြသော ကရင်လူမျိုးများမှာ တရုတ်နိုင်ငံအနောက်ဘက်မှ ဝင်ရောက်လာကြောင်း ဖော်ပြ ကြလေသည်။

မိုးစိုတောင်တန်းများကိုကျော်ဖြတ်ပြီး မိုးစိုမြေပြန့် ဒေသများသို့ ဝင်ရောက်လာကြကာ ဧရာဝတီတိုင်း မြစ် ကျွန်းပေါ် ဒေသများသို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ကရင်လူမျိုးတို့နှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်





ကောင်းသော မလေ့ထုံးစံအချို့ကို ဖော်ပြပေးပါမည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရ၍ ပြည်ထောင်စု မြန်မာနိုင်ငံကို တည်ထောင်လာသောအခါ၌ ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေအရ ကော်သူလေးဟူသောအမည်ဖြင့် သံလွင်ခရိုင်ကို အခြေပြုကာ ကရင်ပြည်နယ်ကို လျာထားပေး ခဲ့သည်။

ကရင်အစုဝင် ဘာသာစကားပြောဆိုသော လူမျိုး တို့မှာ မြန်မာနိုင်ငံရှိတိုင်းရင်းသားတို့အနက် ဒုတိယလူဦးရေ အများဆုံး ဖြစ်သည်။

ကရင်လူမျိုးတို့သည် ပြည်ခရိုင်မှတောင်ဖက်သို့ ပင်လယ်ထိလည်းကောင်း၊ ရမည်းသင်းခရိုင်နှင့် ရှမ်းပြည် တောင်ပိုင်းမှ တနင်္သာရီတိုင်း မြိတ်ခရိုင်ထိလည်းကောင်း ပျံ့နှံ့နေထိုင်ကြသည်။ ယခုအခါတွင်မူ မြန်မာနိုင်ငံ နေရာ ဒေသအနှံ့တွင် ကရင်လူမျိုးတို့ နေထိုင်ကြပါသည်။

ကရင်တို့ကိုတော့ တောင်ပေါ်ကရင်နှင့် ကွင်းကရင် ဟု နှစ်ခုခွဲနိုင်သည်။ တစ်စုနှင့်တစ်စုသည် ဘာသာစကား၌ လည်းကောင်း၊ ပုံပန်းသဏ္ဌာန်၌လည်းကောင်း ကွဲပြားကြ သည်။

ကရင်ဟူသောအမည်မှာ မြန်မာတို့ကခေါ်ဝေါ် သော ဝေါဟာရဖြစ်သည်။ ကရင်လူမျိုးတို့သည် အမျိုးအ လိုက် မိမိတို့ကိုယ်ကိုခေါ်ဝေါ်သော အမည်များရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရင်နီလူမျိုးတို့က မိမိတို့ကိုယ်ကို ကယားဟုခေါ်ဝေါ်ကြသည်။ ကရင်ဟူသော ဝေါဟာရမှာ ထိုကယားဟူသောအမည်နှင့် များစွာနီးစပ်လျက်ရှိပေသည်။

ပုဂံခေတ်ကုန်ပြီးနောက် တောင်ငူကို ကရင်အကြီးအကဲများက တည်ထောင်ခဲ့သည်ဟုဆိုသည်။ မြန်မာဘုရင်များလက်ထက်တွင် ကရင်များဒေသကို ကရင်မြို့စား၊ ရွာစား၊ စော်ကဲများ ခန့်အပ်ခြင်းဖြင့် ကရင်များကိုချီးမြှင့်ခဲ့သည်။

ကရင်တို့၏ကိုးကွယ်ယုံကြည်မှုမှာ အခြေခံအားဖြင့် နတ်စားကြသည်။ ကြက်ရိုးထိုးသည့်အလေ့အထကို ယုံကြည်ကြသည်။

အချို့မှာ ဗုဒ္ဓဘာသာအယူဝါဒကိုသက်ဝင်ယုံကြည်ကြသည်။ ခရစ်ယာန်သာသနာပြုဆရာများ ရောက်ရှိလာပြီး ကရင်လူမျိုးအချို့သည် ခရစ်ယာန်အယူဝါဒဂိုဏ်းအမျိုးမျိုးတွင် သက်ဝင်ယုံကြည်လာကြသည်။

ခရစ်ယာန်သာသနာပြုတို့တွင် အမေရိကန်မှ နှစ်ခြင်းသာသနာပြု၊ အင်္ဂလိပ်ရေဖြန်းသာသနာပြုနှင့် ဗရင်ဂျီသာသနာပြုတို့ ပါဝင်လာကြသည်။ စကောကရင်တို့တွင် အမေရိကန်နှစ်ခြင်းဂိုဏ်းထွန်းကား၍ တောင်ပေါ်ကရင်တို့တွင် ဗရင်ဂျီဂိုဏ်း ထွန်းကားသည်။

ကရင်အမျိုးသားတို့တွင် ကရင်နှစ်သစ်ကူးနေ့ဟူ၍ ရှေးပဝေသဏီကပင်ရှိခဲ့သည်။





ကရင်အမျိုးသားနှစ်သစ်ကူးနေ့မှာ ပြာသိုလဆန်းတစ်ရက်နေ့ဖြစ်သည်။

ကရင်နှစ်သစ်ကူးနေ့တွင် ကရင်အမျိုးသားများသည် မိမိတို့၏ တောင်ယာပဲခင်းမှရသော စပါးနှင့်အခြားအသီးအနှံများကိုချက်ပြုတ်ပြီး စားဦးစားဖျားများကို လူကြီးမိဘဆရာသမားများအား ကန်တော့ကြပြီးလျှင် မိတ်သင်္ဂဟများနှင့် ပျော်ပါးစွာ စုရုံးစားသောက်ကြသည်။

ထိုနှစ်သစ်ကူးနေ့မင်္ဂလာအခါတွင် တစ်နှစ်အတွက် ထမ်းစာများကို ကျီသွင်းသိုလှောင်ခြင်း၊ လွန်ခဲ့သည့်နှစ်က သေဆုံးသော လူသေအလောင်းများကို မီးသဂြိုဟ်၍ ပြာများကို ဆောင်းဦးလေရူးတွင် လွှင့်ကြဲဖျောက်ဖျက်ခြင်း စသည်တို့ကိုလည်းပြုလုပ်လေ့ရှိကြသည်။

လူဦးရေအားဖြင့်သော်လည်းကောင်း၊ အဆင့်အတန်းအားဖြင့်သော်လည်းကောင်း ကရင်လူမျိုးတို့မှာ တိုးတက်လျက်ရှိသောသူများဖြစ်ကြသည်။ ခေတ်အဆက်ဆက်တွင် ပညာလေ့လာ၍ ထူးချွန်သူများရှိလာကြသဖြင့် သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့အပြင် နိုင်ငံတော်အုပ်ချုပ်ရေး၊ ကာကွယ်ရေးဖက်၌သော်လည်းကောင်း၊ အခြားဌာနများ၊ လုပ်ငန်းများတို့၌လည်းကောင်း ပါဝင်ဆောင်ရွက်အမှုထမ်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရင်လူမျိုးတို့သည် အေးဆေးစွာနေတတ်ခြင်း၊ ရိုးသား၍သစ္စာရှိခြင်း စသောဂုဏ်ပုဒ်များဖြင့် ပြည့်စုံသည်ဟူ၍ ချီးကျူးခြင်းခံရသောသူများဖြစ်သည်။ နိုင်ငံတော်၏သမိုင်းတလျှောက်တွင် ကရင်တိုင်းရင်းသားတို့သည် အခြားပြည်ထောင်စုသားတို့နှင့် တပူးတပေါင်းတည်း ချစ်ခင်ရင်းနှီးစွာ ဆောင်ရွက်၍ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ကြသည်။

ကရင်လူမျိုးတို့၏ အစောဦးပိုင်းရိုးရာဓလေ့များကို ဖော်ပြပါဦးမည်။

ကရင်ရိုးရာဓလေ့တို့သည် ဘုရားသခင် (God) နှင့် ဆက်စပ်နေပြီး ဖန်ဆင်းထားသောအရာများဖြစ်သည်။

ဘုရားသခင်(God)သည် မပြောင်းလဲသော ထာဝရပင်ဖြစ်သည်။ ကမ္ဘာလောကကိုလည်း အစပြုခဲ့၏။ အဆုံးမဲ့(အနန္တ)ဝိညာဉ်တော်လည်းရှိ၏။ ဘုရားသခင်သည် ပြည့်စုံခြင်း၊ ကောင်းမွန်ခြင်းဖြစ်ပြီး သေခြင်းကိုလွန်မြောက်သူဖြစ်၏။ ဘုရားသခင်သည် အနန္တတန်ခိုးတော်အရှင်ဖြစ်၏။

ကရင်လူမျိုးတို့၏ ယုံကြည်သက်ဝင်မှုသည် အမျိုးသမီးအသွင်၊ ယောကျာ်းအသွင်ဆောင်သော နတ်ဆိုးနှင့် ဆက်စပ်နေသည်။

အံဆိုပါနတ်ဆိုးသည် ကရင်ရိုးရာပုံပြင်များတွင် လူသားအသွင်၊ အခြားသက်ရှိအသွင်တို့ဖြင့်ရှိနေသည်။ သူသည် တစ်ခါတစ်ရံယောကျာ်း၊ တစ်ခါတစ်ရံမိန်းမ အသွင်အယောင်ဆောင်ထား၏။

သူ့အား နော်ပလော် (Nauk' Plau) ဟုခေါ်၏။

နော်(Nauk)သည် နတ်ဖြစ်ပြီး ပလော်(Plau)သည် ဆိုးသော၊ ရှုးသောဟူ၍ အဓိပ္ပါယ်ရှိကြောင်း ပိုးကရင်အဘိဓါန်၌ ဖော်ပြသည်။ သရဲသားဟုလည်းခေါ်၏။

နော်ပလော်သည် အစပထမ၌ တရားမျှတသည့် ကောင်းကင်ဘုံနတ်ဖြစ်သည်။

သို့သော် နောက်ပိုင်း၌ ဘုရားသခင်စကား နားမထောင်တော့ပေ။ ဘုရားသခင်က ကြိမ်နှင့်ရိုက်၍ နော်ပလော်တို မောင်းထုတ်လိုက်သည်။ မြေပြင်သို့ရောက်လာသောအခါ နော်ပလော်က ဘုရားသခင်၏သားသမီးများကို ဖြားယောင်းနေသည်။

ထိုအဖြစ်အပျက်သည် ရိုးရာဓလေ့တစ်ခု ဖြစ်လာသည်။ နော်ပလော်က လူတို့ကိုဖြားယောင်းသွေးဆောင်ခြင်းနှင့် နှောက်ယှက်ဖျက်ဆီးသူဖြစ်လာ၏။

မူကော်လီ(Mukulee)ဆိုသည်မှာ နတ်ဆိုး၏ အခြားအမည်တစ်ခုဖြစ်သည်။

ကရင်မျိုးနွယ်စုအားလုံး ဖားစည်(ကြေးစည်)ပိုင်ဆိုင်မှုကို အလွန်နှစ်သက်မြတ်နိုးကြသည်။ ကရင်မျိုးနွယ်စုတို့က ဖားစည်ကို ဂုဏ်သိက္ခာမြင့်မားခြင်းကိုဆောင်သည်ဟု ယုံ

ကြည်ကြသည်။

ဖားစည်သည် ခေါင်းပိုင်းကြီးမား၍ နောက်ပိုင်းမှာ ကျဉ်းပြီး တစ်ဖက်ပွင့်ကြေးထည်ပစ္စည်းဖြစ်သည်။ ဖားစည်၏ မျက်နှာပြင်ပေါ်၌ ဖားရုပ်၊ ဆင်ရုပ်၊ မျောက်ရုပ်နှင့် ခွေးရုပ်များ စသည်တို့ကို နှစ်သက်သည့်အရုပ်ကို ဦးစားပေးပုံဖော်၍ တန်ဆာဆင်ထား၏။ ဖားစည်သည် အရွယ်အစားများစွာရှိသည်။

အချို့ဖားစည်၏ ဝိုင်းစက်နေသောမျက်နှာပြင် အလယ်ဗဟို၌ ကြယ်ပွင့်ပါရှိသည်။

မျက်နှာပြင်အနားသပ်များ၌ ဖား(၄)ကောင်ပါရှိသည်။ ဖောင်းကြွခက်ဝန်းအထပ်ထပ်က ဖားစည်၏မျက်နှာပြင်အား တန်ဆာဆင်ထားသည်။ ထို့အပြင် လူရုပ်ပုံ၊ ဆင်၊ ဒေါင်းစသည့် တိရစ္ဆာန်တို့၏ရုပ်ပုံများဖြင့်လည်း မွမ်းမံထားသည်။

မြန်မာတို့က ထိုကြေးထည်ပစ္စည်းများကို ဖားစည် (Frog Drum) ဟုခေါ်သည်။

မြန်မာနိုင်ငံ ကရင်လူမျိုးတို့၏ဖားစည်သည် ထုလုံးရှည်သဏ္ဍာန်ဖြစ်ပြီး လိုင်းငယ်များပါရှိသည်။ အချို့ဖားစည်၌ မျဉ်းဖြောင့်ကြောင်းများသည် ခါးလည်အထိပါရှိ၏။ လက်ကိုင်ကိုင်း (၂)ဖက်မှာ ဖားစည်၏အပေါ်ထိပ်ဖက်အနား၌ ပါရှိ၏။





ဖားရုပ်များအား ဖားစည်ထက်မျက်နှာပြင်နှင့် ဖားရုပ်များ တဲဆက်ထားခြင်းဖြစ်၏။ ဖားစည်၏အလယ်၌ ကြယ်ပုံပါရှိပြီး ယင်းကြယ်အား တိရစ္ဆာန်နှင့် အသီးအနှံပုံများက ဝန်းရံထား၏။

ရှေးကျသောဖားစည်တစ်စည်ကို တောင်ငူ၏အရှေ့ဘက် မိုပ္ပားကရင်တို့၏ ကျေးရွာတွင်တွေ့ရှိရပြီး နှစ်ပေါင်း (၁၀၀၀)ခန့်ရှိပြီဟု ခန့်မှန်းကြသည်။

ကရင်လူမျိုးတို့သည် ဖားစည်တွင် ဂမ္ဘီရအစွမ်းများရှိသည်ဟုယုံကြည်ကြသည်။ ထို့ကြောင့် ဖားစည်အား နှစ်စဉ်ဖြစ်စေ၊ အခါအားလျော်သည့်အချိန်၌ဖြစ်စေ ပူဇော်ကြသည်။

ဤသို့ပူဇော်ခြင်းဖြင့် ကောင်းကျိုးများ ဖြစ်ထွန်းစေသည်ဟုလည်း ယုံကြည်ကြသည်။

ဖားစည်ရိုက်ဟီးသံသည် ချိုမြသာယာလှ၏။ ဖားစည်၏အသံလှိုင်းသည် တောင်ကိုပင်ဖောက်နိုင်စွမ်းရှိ၏။ ထို့ကြောင့် ထိကစကောစကဟုခေါ်သော မြေစောင့်နတ်များဆီသို့ သာယာနာပျော်ဖွယ်သောဖားစည်သံ ပျံ့လွင့်စေ၏။ ထို့ကြောင့် ဖားစည်ပိုင်ရှင်တို့သည်လည်း ကောင်းကျိုးလိုရာဆန္ဒ ပြီးပြည့်စုံကြ၏။

ဘွဲ့ကရင်တို့၏ မြေစောင့်နတ်ပူဇော်ပွဲတွင် ဖားစည်ကြီးများကို တီးခတ်၍ပူဇော်စေ၏။

ဖားစည်၏အဆင်တန်ဆာများကို ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ဖားစည်၏ မျက်နှာပြင်နှင့် ကိုယ်ထည်အရွယ်အစားအရ ဖားစည်အမျိုးအစားအား ခွဲခြားနိုင်ပါသည်။

ဖားစည်၏မျက်နှာပြင်ပေါ်မှ ဖားရုပ်များသည် ဘယ်ရစ်အဖြစ်မျက်နှာမူလျက် ဒေါင့်(၄)ဒေါင့်၌ ရပ်လျက်ရှိ၏။ ဖားနှစ်ကောင်မှာ ပုံမှန်ဟန်အနေအထားဖြစ်ပြီး (၃)ကောင်သည် တစ်ကောင်အပေါ်တစ်ကောင်ထပ်ထား၏။ အပေါ်ကဖားက ကြီး၍ . . အောက်ကဖားက အရွယ်ငယ်သည်။

မျက်မှောက်ကာလ၌ ဖားသည် မိုးရွာခြင်း၏နမိတ်ပုံပင်ဖြစ်သည်။ ရှေးကရင်လူမျိုးတို့ကမူ ဖားအော်သံက မိုးရွာခြင်း၏ နမိတ်သံပင်ဖြစ်ပါ၏။ ဖားစည်၏အသံနက်နက်သည် ဧရာမဖားကြီး၏ မိုးခေါ်သံဖြစ်ပြီး ကမ္ဘာမြေပြင်သို့ မိုးရေများဆွတ်ဖြန်းဖို့ရန် မိုးမင်းထံပန်ကြားခြင်းလည်းဖြစ်သည်။

ဖားစည်တီးခတ်နည်းမှာ ပထမဦးစွာ ဖားစည်၏ အနားစပ်နေရာအား ဖြည်းညှင်းစွာတီးခတ်ရာမှ ဖားစည်၏ ဗဟိုအလယ်သို့ရောက်သည်အထိ တဖြည်းဖြည်းတိုးလာရသည်။

နောက်ဆုံးတွင် အလယ်ဗဟို ကြယ်ပွင့်အလယ်နေရာအား တီးခတ်ရသည်။ အချိန်အခါကိုလိုက်၍ ဖားစည်တီးခတ်သည့်အလျှော့အတင်းကလည်း ကွဲပြားသည်။

ဖားစည်၏အသံချိုမြမှုအပေါ်မူတည်၍ ဖားစည်၏ တန်ဖိုးသည်လည်း အမျိုးမျိုးရှိလာသည်။





ကရင်ပြည်နယ်အကြောင်းကို ဖော်ပြပါက ဇွဲကပင်တောင်အကြောင်း ထည့်သွင်းရပါမည်။

ရာမတောင်မှ မြောက်ဘက်သို့လှမ်းမျှော်ကြည့်လျှင်းကျောက်တောင်ထိပ်တစ်နေရာကို မြင်တွေ့လိုက်ရပြီး ထိုတောင်ကို အင်္ဂလိပ်လူမျိုးများက ယော့ခ်မြို့စားကြီးနှာခေါင်း(The Duke of York's Nose) ဟူ၍ခေါ်၏။

မွန်တို့က ထိုတောင်အား သဘော်ချည်တိုင်ဟု အဓိပ္ပာယ်ရသော ဇွဲကပင်(Zwagabang)ဟု အမည်ပေးခဲ့ကြသည်။ ရှေးခေတ်ရှေးအခါက ထိုနေရာတွင် ရေလွှမ်းခဲ့ပြီး လှေသဘော်တို့က ဇွဲကပင်တောင်ထိပ်ရှိ ကျောက်တိုင်အား သဘော်ကြိုးချည်ကြရာနေရာလည်း ဖြစ်ခဲ့သည်။

ဘိုးတော်ဘုရားလက်ထက်က ရေးသားခဲ့သော ဥရောပသား မိုက်ကယ်ဆိုင်း(Michael Symes)၏ မှတ်တမ်းတွင် ကရင်လူမျိုးအများစုသည် နတ်ယုံကြည်သူများဖြစ်ပြီး သေသူအား မီးသဂြိုဟ်၍ အရိုးကောက်မလေ့ရှိကြောင်း ဖော်ပြခဲ့သည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် အရှေ့ကရင်နယ်များ(ယခုကရင်ပြည်နယ်)မှာ မြို့စားများကို ခန့်အပ်ခဲ့သည်။ အနောက်ကရင်(ယခုဧရာဝတီတိုင်းဒေသကြီး)များကို မြန်မာမြို့ရွာများတွင်ပါဝင်သော ကရင်တိုင်းရင်းသားများအား ကရင်အကြီး၊ သွေးသောက်ကြီး၊ စော်ဘွား



www.burmeseclassic.com

www.burmeseclassic.com



စသော အောက်တန်းအကြီးအအုပ်ခံသည်များကို ခန့်ထား
အုပ်ချုပ်သည်။

ကုန်းဘောင်ခေတ်မဟာဂီတတွင် ကရင်တို့၏ လေ့
တော်သီချင်းနှင့် ကရင်ဩြသံကို ယူငင်အသုံးပြုထားသည်
မှာ ကရင်တိုင်းရင်းသားများအတွက် ဂုဏ်ယူဖွယ်ရာတွေ့ရ
သည်။

ကရင်တို့၏ ရိုးရာဩြပွဲဟူ၍ရှိသည်။ လူပျို အပျိုများ
က တေးသီချင်းများကို ဆွဲဆွဲငင်ငင်သီဆိုကြခြင်းဖြစ်သည်

ဩြပွဲကို အရှေ့ပိုးကရင်တို့က ချအိုင်လောင်ဟုခေါ်
သည်။ မြန်မာဘာသာဖြင့် "လက်ဝှေ့ရေးပြပွဲ" ဟုအဓိပ္ပါယ်ရ
သည်။ ကရင်ဩြသံကို မြန်မာဂီတစနစ်၌ မြင်ခိုင်း(သို့မဟုတ်)
ဝါးပေါက်သံစဉ်ဖြင့် သီဆိုတီးမှုတ်သည်။ မြန်မာဇာတ်သဘင်
တွင် ကရင်လူမျိုးများအကြောင်းကပြရာ၌ ထည့်သွင်းတီး
မှုတ်လေ့ရှိသည်။

ကုန်းဘောင်ခေတ်မှာ ကရင်တိုင်းရင်းသားတို့ နေ
ထိုင်ရာအရပ်ဒေသအား ကိုရာဠတိုင်းဟု (၁၈၁၇)တွင် ဘိုး
တော်ဘုရားက အမည်ပေးခဲ့၏။ ကိုရာဠသည် ပါဠိစကားဖြစ်
ပြီး အဓိပ္ပါယ်မှာ 'တော၊တောင်နေတိုင်းရင်းသား' ဟူ၍ဖြစ်
သည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း (၁၈၁၅)တွင် ကရင်
အမျိုးသားရဟန်းတော် အရှင်နန္ဒမာလာ၏ကြိုးပမ်းမှုကြောင့်





ဗုဒ္ဓဘာသာ ပိုးကရင်စာပေ ပေါ်ပေါက်လာခဲ့သည်။ အစော
ပိုင်းတွင် ကရင်စာပေသည် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွား
ရေးအတွက် ရည်ရွယ်ခဲ့သည်။ (၁၈၇၀)ခုမှစ၍ စာပေနှင့်
အမျိုးသားရေးအတွက်ပါ ရည်ရွယ်ကြိုးပမ်းခဲ့ကြသည်။

အစောပိုင်း၌ ပိုးကရင်စာပေသည် ပေစာအဖြစ်ဖြင့်
စတင်ခဲ့သည်။ (၁၉၂၀)သို့ရောက်သည့်ခါ ပုံနှိပ်စာအဆင့်သို့
ရောက်ခဲ့သည်။

မင်းတုန်းမင်း၏ ပဥ္စမသင်္ဂါယနာတင်ချိန်ထက် နှစ်
နှစ်ဆယ်ခန့်စောစွာ ကရင်စာပေပေါ်ပေါက်ခဲ့ပြီး ပိဋကတ်
တော်များအား ကရင်စာပေသို့ပြန်ဆိုခဲ့သည်။

အမေရိကန်နှစ်ခြင်းသာသနာပြုများ ရောက်ရှိလာ
သောအခါ တော၊ တောင်နေတိုင်းရင်းသားဖြစ်သော ကရင်
တိုင်းရင်းသားတို့အား ခရစ်ယာန်သာသနာပြုလုပ်ငန်း စတင်
ဆောင်ရွက်ခဲ့ကြသည်။

ကရင်လူမျိုးများထံ ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာ
ခြင်းမှာ ဘားအံဒေသမှ ယွန်းစလင်းမြစ်ဝှမ်းအထိ ဗုဒ္ဓဘာသာ
ဆိုင်ရာယုံကြည်မှုအမျိုးမျိုး ရောက်ရှိလာခြင်းနှင့် မြန်မာမင်း
နေပြည်တော် အင်းဝနှင့်မန္တလေးရှိ ထေရဝါဒဗုဒ္ဓသာသနာ
တော်နှင့် ဘားအံဒေသရှိ ကရင်တို့၏ ဗုဒ္ဓဘာသာတရားတို့
နီးကပ်စွာအဆက်အသွယ်ရှိခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

ကရင်လူမျိုးသည် ရိုးသားခြင်း၊ ရှင်းရှင်းလင်းလင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ဘတ်၍ အေးအေးချမ်းချမ်းလုပ်ကိုင်နေထိုင်လိုခြင်း စသော
လူမျိုးစု၏မလေ့အပေါ် အကြောင်းပြု၍ တောတောင်ထူထပ်
ရာ အရပ်ဒေသများတွင် အခြေချနေထိုင်ခဲ့ကြသည်။

ကရင်လူမျိုးတို့ ယဉ်ကျေးမှုအနုပညာတွင် ကရင်အ
အကသည် လွန်စွာသွက်လက်မြူးကြွလှပေသည်။ ရိုးရာ
မလေ့ ယဉ်ကျေးမှုအပြည့်ရှိသော ကရင်တိုင်းရင်းသားတို့
သည် မြန်မာနိုင်ငံ၏အကျိုးကို ပြည်ထောင်စုဖွားပီသစွာ
ထမ်းဆောင်လျက်ရှိကြသည်။

ရှေး၌ရေးသားဖော်ပြခဲ့သည့်အတိုင်း မြစ်ဝကျွန်းပေါ်
အရပ် ပင်လယ်နှင့်နီးသောအရပ်ဒေသများတွင် ရှေးအခါက
တည်းက ကရင်လူမျိုးများနှင့်မွန်လူမျိုးတို့ အများဆုံးနေခဲ့ကြ
သည်။

ကရင်လူမျိုးအများဆုံး နေထိုင်ခဲ့သောကြောင့်လည်း
(၁၉၄၈)ခုနှစ်နောက်ပိုင်း အစောဆုံးပေါ်ပေါက်လာခဲ့သော
လက်နက်ကိုင်အဖွဲ့များတွင် "ကရင်သောင်းကျန်းသူများ" က
အရင်ဦးစွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

နောက်မှ အလံဖြူကွန်မြူနစ်ပါတီများ၊ အလံနီကွန်
မြူနစ်များ၊ ရဲဘော်ဖြူ ရဲဘော်နီ၊ ရဲဘော်ဝါစသည်ဖြင့် လက်
နက်ကိုင်သောင်းကျန်းသူအဖွဲ့များ ဖြစ်ကြသည်။

ထိုအဖွဲ့များတွင် လူအင်အားရော လက်နက်အင်
အားပါ အားအကောင်းဆုံးမှာ ကရင်အဖွဲ့များနှင့် အလံဖြူ





ကွန်မြူနစ်တို့ဖြစ်ကြလေသည်။

မြပဂိုး၊ ထိယာလိ၊ လမုတန်းရွာစသောရွာများအပါ
အဝင် ထိုနေရာတဝိုက်တွင် ရှိကြသောရွာများကို လှည့်လည်
ပြီး နှိပ်စက်နေသောအဖွဲ့များမှာ ကရင်သောင်းကျန်းသူအဖွဲ့
များပင် ဖြစ်သည်။

တစ်ရွာပြီးတစ်ရွာ နေ့စဉ်ရက်ဆက်ဆိုသလို လာ
ရောက်ပြီး ဆက်ကြေးတောင်းခံခြင်း၊ ဆန်စပါး၊ ကြက်၊ ဝက်၊
အားငါးများ ယူဆောင်သွားလေ့ရှိကြသည်။

ရောက်လာလျှင်လည်း အဆင်ပြေသောအိမ်မှာ ဝင်
ရောက်နားပြီး ထမင်းစားချိန်ရောက်လျှင် ထမင်းချက်ကျွေး
ခိုင်းသည်။ အရက်သောက်ချိန်ဆိုလျှင် အရက်တိုက်ခိုင်း
သည်။

ထိုအရပ်ဒေသမှာတော့ မြို့မှာလို အရက်အကောင်း
စားများမရှိကြသော်လည်း ကောက်ညှင်း၊ ထန်းလျက်၊ လှော်
ဆတို့ဖြင့်ချက်သော တောချက်အရက်တော့ရှိသည်။

တစ်နေ့တော့ လမုတန်းရွာသို့ရောက်လာပြီး ထမင်း
ချက်ခိုင်းရာ အဆင်မပြေသောကြောင့် ရှိသမျှလူကို သေ
ရေမျှောပါးဖြစ်အောင် ရိုက်နှက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း - (၈)

# အာဃာတရန်ငြိုးများ

**တစ်**နေ့သ၌ ထော်ပိုင်ချောင်းအတွင်းသို့ ကရင်သေနတ်ကိုင်လေးယောက်ပါသော လှေတစ်စင်း ဝင်ရောက်လာကြလေသည်။ ထော်ပိုင်ချောင်းမှာ အလျားရှည်သလောက် ကျယ်ဝန်းသောချောင်းကြီးလည်းဖြစ်သည်။

ချောင်းရိုးတစ်လျှောက်မှာလည်း ရွာကြီး၊ ရွာငယ်



www.burmeseclassic.com

www.burmeseclassic.com

များရှိကြသည်။ ထော်ပိုင်ရွာမှာလည်း မြပဂိုးကဲ့သို့ အိမ်ခြေ
များပြားသော ရွာကြီးတစ်ရွာဖြစ်သည်။

ချောင်း၀၊ ချောင်းတွင်းတလျှောက် နေထိုင်ကြသည်
အိမ်ခြေပေါင်းမှာ (၅၀)ကျော်ခန့်ရှိလေသည်။ ရွာကြီးသဖြင့်
ရွာလူကြီးကအုပ်ချုပ်သော ရွာမျိုးလည်း ဖြစ်သည်။

ရှေးအခါကပင် ကဒ့်ကနိတွင် ဗိုလ်တဲရှိပြီး အမာရွာ
တွင် ရဲဌာနရှိသည်။ ဧရာရွာတွင် ရွာသူကြီးအုပ်ချုပ်သေ
သည်။

ဧရာဝတီတိုင်း ဖျာပိုင်ခရိုင်အရေးပိုင်ရုံးမှ (၁၉၁
ခုနှစ် ဇန်နဝါရီလ(၉)ရက် နေ့စွဲဖြင့်ထုတ်ပြန်ထားသော
ရွာသူကြီးခန့်စာတွင် . . .

"နောက်ထပ်ပြင်ဆင်ထားသော (၁၉၀၇)ခုနှစ်
မြန်မာနိုင်ငံတော်ဆိုင်ရာ ကျေးရွာဥပဒေပုဒ်မ(၅) အပိုဒ်(
အရ ဦးသာလွန်သား မောင်မောင်ကို ဖျာပုံစီရင်စု၊ ဘိုကလေး
မြို့နယ်၊ ဧရာကျေးရွာနယ်မြေ ရွာသူကြီး ရာထူးတွင် ခန့်ထား
သည်။"

ဟုပါရှိပေသည်။

ထို့ကြောင့် ဧရာကျေးရွာအပါအဝင် အမာရွာ၊ ကဒ့်
ကနိ ကျေးရွာများ၌လည်း ရွာသူကြီးအုပ်ချုပ်ခဲ့ကြောင်း သိ
နိုင်ပေသည်။

ထော်ပိုင်ရွာ၊ မြပဂိုးရွာစသော ရွာကြီးများမှာတော့





ကဒ့်ကနိ ရွာသူကြီးလက်အောက်ခံရွာများ ဖြစ်သောကြောင့်
ရွာလူကြီးများက စီမံအုပ်ချုပ်ကြလေသည်။

အိမ်ခြေ (၁၅)အိမ်၊ (၂၀)လောက်သာရှိကြသည့် ရွာ
ငယ်ကလေးများမှာတော့ ဆယ်အိမ်ခေါင်းများက အုပ်ချုပ်
ကြသည်။ ရွာသူကြီးကိုတော့ သက်ဆိုင်ရာအစိုးရမှ တရား
ဝင် စာထွက်ပြီး ခန့်ပေးသော်လည်း ကျန်ရွာလူကြီး၊ ဆယ်အိမ်
ခေါင်း စသည်တို့ကိုတော့ ကျေးရွာမှအများဆန္ဒအရ တင်
မြှောက်ကြခြင်းဖြစ်သည်။

ထိုခေတ်အခါက ဂေဇက်ဝင်သူကြီးမဆိုထားနှင့်
ရွာလူကြီးနှင့် ဆယ်အိမ်ခေါင်းလောက်ပင်လျှင် သူ့နေရာနှင့်
သူ သြဇာအာဏာရှိကြသည်။

ထိုသို့သြဇာအာဏာရှိသလို ဘေးအန္တရာယ်လည်း
များလှပေသည်။ ရောင်စုံသောင်းကျန်းသူများက ရွာသို့
ရောက်လာသည့်အခါ ရွာလူကြီးကိုအဓိကထားပြီး ပြောဆို
ဆောင်ရွက်လေ့ရှိကြသည်။

၎င်းတို့တောင်းဆိုသမျှ လိုချင်တာရလျှင် ရွာလူကြီး
ကို မချိုးကျူးကြသော်လည်း တစ်ကြိမ်တစ်ခါ အလိုဆန္ဒပြည့်စုံ
အောင် မရလျှင်တော့ ဆယ်အိမ်ခေါင်း၊ ရွာလူကြီးတို့ကို နှိပ်
စက်တတ်သည်။ တစ်ခါတစ်ရံ သတ်ဖြတ်သွားသည်မျိုးပင်
ရှိကြပေ၏။

ထော်ပိုင်ရွာကို စီမံအုပ်ချုပ်သောရွာလူကြီးမှာ ဦးမွန်


www.burmeseclassic.com

www.burmeseclassic.com



တော်ဖြစ်သည်။ မွန်လူမျိုးတစ်ဦးဖြစ်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်သည်။

ဦးမွန်ထော်သည် ရွာသူရွာသားများကို မကြာခဏလာရောက်နှိပ်စက်နေကြသည့် ရောင်စုံသောင်းကျန်းသူအဖွဲ့များကို စိတ်ထဲမှာကြိတ်ကာ မကျေမနပ်ဖြစ်နေသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

တစ်နေ့တော့ နံနက်ပိုင်းအချိန်သာသာ လောက်တွင် ဦးမွန်ထော်နေသောအိမ်သို့ သောင်းကျန်းသူလေးယောက်ရောက်လာကြသည်။

ခေါင်းဆောင်လာသူမှာ စောလမူးဆိုသော ကရင်ဖြစ်ပြီး သူ့နောက်မှပါလာကြသူသုံးဦးမှာ သာထူး၊ စိန်ခိုနှင့် စောမြသီး ဆိုသူတို့ဖြစ်ကြသည်။

၎င်းတို့ရောက်လာသောအခါ ဦးမွန်ထော်တို့ မိသားစုမှာ များစွာစိတ်ဆင်းရဲသွားကြလေသည်။

သို့သော် မတတ်နိုင်တော့ပေ။

သင့်တော်သောနေရာမှာ နေရာထိုင်ခင်းပေးကာ ရှိသမျှနှင့် ဧည့်ခံကျွေးမွေးရသည်။

"ဦးမွန်ထော် အရင်တစ်ပတ်က ကောက်ခိုင်းထားတဲ့ ဆက်ကြေးငွေတွေရပြီလား. ."

ခေါင်းဆောင်ဖြစ်သူ စောလမူးက အရက်တစ်ခွက်ငှဲ့သောက်ရင်းမေးလိုက်သည်။





ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ အေးအေးဆေးဆေးပင်ပြန်ပြောသည်။

"အဆင်မပြေသေးဘူးဗိုလ်ကြီး. . လူတွေကလည်း စားဖို့တောင်အနိုင်နိုင် လုပ်ကိုင်စားသောက်နေကြရတော့ ဗိုလ်ကြီးတို့လိုချင်တဲ့ဆက်ကြေးကို ပြည့်စုံအောင် မပေးနိုင်ကြဘူးဖြစ်နေတယ်. . ."

စောလမူးက အရက်ခွက်ကိုဆောင့်ချလိုက်သည်။

"ခင်ဗျားတို့ရွာသူရွာသားတွေက ကျုပ်တို့တောင်းဘာဆိုရင် ဘယ်တော့မှဖြောင့်ဖြောင့်မပေးချင်ဘူး. . တစ်ရွာလုံး မီးနဲ့တိုက်မှ အေးမယ်ထင်တယ်. ."

"ဒီလိုတော့မလုပ်ပါနဲ့ ဗိုလ်ကြီးရယ်. . နောက်တစ်ခေါက်လာရင် သင့်တော်သလောက်အဆင်ပြေအောင် ကျုပ်လုပ်ပေးထားပါ့မယ်. ."

ဦးမွန်ထော်ကပြောသော်လည်း စောလမူးက ကျေနပ်ဟန်မတူပေ. . .။

"အခုတလော အောက်ပိုင်းဒေသတွေမှာ အစိုးရစစ်တပ်တွေက အတော်ကလေးခြေရှုပ်နေကြတယ်၊ ဒါကြောင့် ကျုပ်တို့တတွေ အရင်ကလို သွားရေးလာရေး မလွယ်လှတော့ဘူး၊ ဘာလဲ. . ခင်ဗျားတို့ရွာသားတွေက အစိုးရစစ်တပ်တွေ ရောက်လာလို့ ကျုပ်တို့ကိုအာခံချင်ကြတဲ့သဘောလား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု မကျေမနပ်ဖြင့်မေးပြန်သည်။

"ဒီ. . ဒီသဘောမျိုးတော့ မဟုတ်ကြပါဘူး. . ဗိုလ်ကြီးရယ်. ."

"ခင်ဗျားသိအောင်တစ်ခါတည်း ပြောထားမယ်. . အစိုးရစစ်တပ်တွေလာရင်လည်း ကျုပ်တို့က ဂရုမစိုက်ဘူး. . ကျုပ်တို့နေတဲ့နေရာတွေကိုလည်း ဘယ်နည်းနဲ့မှ သူတို့ရောက်အောင် မလာနိုင်ဘူး. ။ တကယ်လို့လာရင်လည်း ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်မှာပဲ. . ."

ဦးမွန်ထော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒီတော့ ခင်ဗျားတို့သဘောပေါက်ကြရမှာက လောလောဆယ်ခင်ဗျားတို့အသက်တွေက ကျုပ်တို့လက်ထဲမှာရှိတယ်၊ ကျုပ်တို့တောင်းတာကို ကောင်းကောင်းပေး၊ မပေးရင်တော့ ခေါင်းဖြတ်ပြီး ချောင်းဝမှာထောင်ထားမယ်. . ."

"ရသလောက်စုဆောင်းပေးပါ့မယ်. ."

"ကဲ. . . ကဲ. . . စုဆောင်းတာလည်းစုဆောင်းကြပေါ့၊ လောလောဆယ် ကျုပ်တို့ထမင်းစားမယ်. . စီစဉ်ပေးပါ"

"မပူပါနဲ့ဗိုလ်ကြီး၊ ဗိုလ်ကြီးတို့ရောက်လာကတည်းက ဟိုအောက်ဘက်ကအိမ်တစ်အိမ်မှာ ထမင်းဟင်းတွေချက်ပြုတ်ခိုင်းထားပါတယ်. . စားရင်းသောက်ရင်း ခဏလေးတော့ စောင့်ကြပါ. . ."

ဟုပြောမှ စိတ်ကျေနပ်သွားဟန်ရှိပြီး သောက်လက်စအရက်ကို ဆက်သောက်နေကြသည်။

ဦးမွန်ထော်ကတော့ ထမင်းဟင်းချက်ခိုင်းထားသောအိမ်ဖက်သို့ အခြေအနေကြည့်ရန် ထသွားလေသည်။

အတန်ကြာတော့ပြန်ရောက်လာပြီး စောလမူးတို့ကို သာခေါ်လေသည်။

"ဗိုလ်ကြီးတို့ ထမင်းစားဖို့ အဆင်သင့်ဖြစ်ပါပြီဗျာ. ."

ဟုလာခေါ်သဖြင့် စောလမူးတို့လည်း သောက်လက်စအရက်ကို လက်စသပ်လိုက်ကြပြီး သေနတ်များကိုယ်စီလွယ်ကာ ထလိုက်သွားကြလေသည်။

ထိုအိမ်ရောက်တော့ ထမင်းစားပွဲခုံပေါ်မှာ ချက်ပြုတ်ပြင်ဆင်ထားသော ထမင်းဟင်းများကို တွေ့ရသဖြင့် ထွေထွေထူးထူးစဉ်းစားမနေကြတော့ဘဲ ဝိုင်းထိုင်ပြီး စားကြသောက်ကြလေသည်။

တောတွင်းမှာနေကြသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များမှာ အစားအသောက်ကို ကောင်းမွန်စွာ မစားမသောက်ကြရပေ။ ရွာများသို့ လှည့်လည်သွားလာသောအခါမှသာ ကောင်းမွန်သော အစားအသောက်မျိုး စားသောက်ကြရလေသည်။

ချက်ပြုတ်ထားသော ထမင်းဟင်းတို့မှာလည်း ကောင်းမွန်လှသည်။ ဆိတ်သားဟင်းနှင့် ငါးဟင်းတို့ဖြစ်ရာ ခေါင်းမဖော်တမ်း စားသောက်ကြတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးကြသည်နှင့်ပင် ခေါင်းမထောင်နိုင်အောင် ဖြစ်လာကြသဖြင့် တွေ့သည့်နေရာမှာပင် လှဲအိပ်ကြတော့သည်။

ခဏကြတော့ တခေါခေါနှင့် အိပ်ပျော်သွားကြလေသည်။ ၎င်းတို့အိပ်ပျော်သွားသည်နှင့် အိမ်ရှင်ဖြစ်သော ဘဇံတို့လင်မယားက ထမင်းပွဲရှိရာသို့ရောက်လာပြီး စားသောက်၍ ကျန်သောထမင်းဟင်းများကို ချောင်းတွင်းသို့ ပစ်ချလိုက်ကြလေတော့သည်။

အတန်ကြာတော့ ဦးမွန်ထော်နှင့်ရွာသားအချို့ ထိုအိမ်သို့ရောက်လာကြသည်။

“အခြေအနေဘယ်လိုလဲ ဘဇံ”

“လေးယောက်စလုံးတော့ အိပ်နေကြပြီ၊ မကြာခင်သေကြမှာပါ၊ ဟင်းတွေထဲမှာ ငါးပုတင်းသည်းခြေ ထည့်ချက်ထားမှတော့ ဒင်းတို့ကြာကြာခံကြပါဘူး. .”

ဘဇံက လေသံတိုးတိုးဖြင့်ပြောပြသဖြင့် ဦးမွန်ထော်က အခြေအနေကြည့်သည်။

သောင်းကျန်းသူလေးယောက်မှာ ပါးစပ်မှအမြှုပ်များထွက်နေပြီး မလှုပ်ကြတော့ပေ။

ဦးမွန်ထော်နှင့်အတူ ဆေးဆရာကြီးဦးဗန်ကောင်းကပါ ပါလာသဖြင့် ၎င်းကကြည့်ရှုစစ်ဆေးပြီးပြောသည်။

“သေပြီ. .”





ဦးဗန်ကောင်းမှာ ထော်ပိုင်ရွာမှာပင်နေသော ဆေးဆရာတစ်ဦးဖြစ်သည်။ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး အစီအရင် တတ်ကျွမ်းသူဖြစ်သည်။ အထက်လမ်းပညာ၊ အောက်လမ်းပညာတို့ကိုလည်း နှံ့စပ်ကျွမ်းကျင်သူဖြစ်သည်။

အထူးသဖြင့် တောရွာများတွင် အဖြစ်များသော မြွေထိခြင်း၊ ပယောဂနှောက်ယှက်ခြင်း၊ အပမှီခြင်း၊ နတ်တိုက်ခြင်း၊ သရဲတစ္ဆေနှောက်ယှက်ခြင်း စသောရောဂါတို့ကို နိုင်နိုင်နင်းနင်း ကုသပေးနိုင်သူဖြစ်သည်။

ထို့ကြောင့်လည်း ထော်ပိုင်ရွာသာမက မြပဂိုးရွာစသောအနီးပတ်ဝန်းကျင်မှာရှိကြသော ရွာများကပါ အားကိုးအားထား ပြုနေရသော ဆရာကြီးတစ်ဦးဖြစ်သည်။

ဦးမွန်ထော်နှင့် ဦးဗန်ကောင်းတို့အပြင် အခြားရွာသားလေးငါးယောက်တို့လည်း ပါလာကြသည်။

“ဒင်းတို့က ငါတို့ကိုနှိပ်စက်လာတာ အတော်ကြာပြီ၊ ဒါကြောင့် အခုလိုပြန်ပြီး ကလဲ့စားချေရတာပဲ. .၊ ဟိုတလောက ခေါင်းဖြတ်အသတ်ခံရတဲ့ လင်မယားနှစ်ယောက်က ငါ့ရဲ့ဆွေမျိုးတွေပဲ. . ဒါကြောင့် ဒင်းတို့အပေါ် အခဲမကျေဖြစ်နေခဲ့တာ”

ဦးမွန်ထော်စကားကြားတော့ ကျန်ရွာသူရွာသားများကပါ ခေါင်းညိတ်ထောက်ခံကြလေသည်။

“ဟုတ်တယ်အဘ. . ကျုပ်တို့မှာ ကိုယ့်လုပ်စာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မစားရတာအတော်ကြာပြီ. .၊ ဒီကြားထဲ နှိပ်စက်တာကို လည်း ခံကြရသေးတယ်. ."

"ကျုပ်တို့ကလည်း ဒင်းတို့ကိုအံမတုသာလို့သာ ဒီအတိုင်းကြည့်နေကြရတာ. . စိတ်ထဲကတော့ ကျေနပ်လှတယ် မဟုတ်ဘူး. . . ."

"နောက်ကို ဒီလိုလုပ်ဖို့ အစီအစဉ်ရှိတယ်ဆိုရင် လက်တို့ပြီးပြောစမ်းပါ. . ခိုင်းတာလုပ်ပေးပါ့မယ်. ."

အသီးသီးဝင်ပြောကြလေသည်။

"ကဲ. . လောလောဆယ်တော့ လုပ်သင့်တာတွေ လုပ်ကြရအောင်. . ဒီအလောင်းလေးလောင်းကို ဟိုးတောထဲ သယ်သွားပြီး လုံခြုံတဲ့နေရာမှာ ဝှက်ထားကြ"

"တစ်ခါတည်း မြေကျင်းတူးပြီး မြှုပ်လိုက်ရမလား အဘ"

"ဒီလိုမလုပ်ကြနဲ့ဦး. . ငါတို့မှာ တခြားစီစဉ်စရာတွေ လုပ်စရာတွေရှိသေးတယ်. .၊ လောလောဆယ် မင်းတို့လုပ်ရမှာက သူတို့စီးလာတဲ့လှေကို တစ်စစီဖြစ်အောင်လုပ်ပြီး ဖျောက်ဖျက်ပစ်လိုက်ကြ. . ."

"စိတ်ချ. . ချက်ခြင်း ထင်းဖြစ်သွားစေရမယ်"

"သူတို့သေနတ်တွေကိုလည်း အရေးအကြောင်းရှိရင် အသုံးပြုလို့ရအောင် လုံခြုံတဲ့နေရာမှာ ဝှက်ထားကြ. ."

"ကောင်းပါပြီ. ."





ဟုပြောဆိုကာ နေရာမှထထွက်သွားရန်ပြင်တော့ ဦးမွန်ထော်ကထပ်မှာသည်။

"ဒီအကြောင်းတွေကို ဘယ်သူမှသိလို့မဖြစ်ဘူး၊ နောက်ပြီး. . နှုတ်လုံဖို့လည်းအရေးကြီးတယ်"

"ဟုတ်ကဲ့. ."

"အခုကိစ္စကို သောင်းကျန်းသူတွေသိသွားရင် ငါတို့ တစ်ရွာလုံး ခေါင်းဖြတ်ခံရတဲ့အပြင် တစ်ရွာလုံးမီးလောင်တိုက် အသွင်းခံကြရလိမ့်မယ်. . ."

"ဒီအတွက်တော့ စိတ်ပူပါနဲ့အဘ. . ကျွန်တော်တို့ ဘယ်သူမှမသိအောင် သိုသိုသိပ်သိပ်နဲ့လုပ်ပါ့မယ်၊ နောက်ပြီး ရွာထဲကလူတွေကလည်း ဒင်းတို့ကိုဒီလိုလုပ်ကြတာသိရင် ခမ်းသာနေကြမှာဆိုတော့ ဘယ်သူမှပြောကြမှာမဟုတ်ပါဘူး. ."

ရွာသားများကို ခေါင်းဆောင်လာသော ထွန်းခဆိုသူက အားတက်သရောနှင့်ပင် ပြန်ပြောလေသည်။

ဦးမွန်ထော်က ခေါင်းညိတ်ပြလိုက်ရင်း. . .

"ကဲ. . ကဲ. . အချိန်ရှိတုန်း မြန်မြန်လေးသာ သွားလုပ်ကြပေတော့. ."

ဟု ပြောလိုက်ရာ ထွန်းခတို့လည်း သောင်းကျန်းသူလေးယောက်ကို ဖျာများဖြင့်ပတ်ကာ တောတွင်းသို့ သယ်ယူသွားကြလေသည်။ အလောင်းများကို သဘောဖျာဖြင့်ပတ်ယူ



www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်တော့ပေ။

ထို့ပြင် ထိုအရပ်ဒေသ၌ တည်ထားသော ရွာအ
တော်များများမှာ ချောင်းစပ်လတာပြင်ကို မေးတင်ထားပြီး
သစ်တောကြီးများအား ကျောပေးထားသော ရွာများချည်း
ဖြစ်ကြလေသည်။

ထို့ကြောင့် ရှေ့သို့ဆင်းသောအခါ ချောင်းထဲသို့
ရောက်ပြီး အနောက်ဘက်ထွက်သွားသောအခါ သစ်တော
တွင်းသို့ ရောက်နိုင်သောအနေအထားမျိုးဖြစ်ပေသည်။

သစ်တောကြီးများမှာ မှိုင်းညို့နေပြီး လူတိုးမပေါက်
နိုင်အောင် ကောင်းလှပေရာ တောတွင်းဝင်သွားသည်နှင့်
လူမမြင်ရတော့ပေ။

ယခုလည်း ထွန်းခခေါင်းဆောင်သော ရွာသားအချို့
တို့မှာ အလောင်းများကိုဖျာဖြင့်ပတ်ကာ တောထဲသို့ သယ်
ယူသွားကြလေတော့သည်။

အချို့ကလည်း သောင်းကျန်းသူများစီးလာသော
လှေကို ချောင်းရိုးတစ်ခုအတွင်းသို့ ဆွဲယူသွားကြပြီး တစ်စစီ
ဖြစ်အောင် ဖျက်ဆီးပစ်လိုက်ကြတော့သည်။

ဦးမွန်ထော်နှင့် ဦးဖန်ကောင်းတို့လည်း ၎င်းတို့နေအိမ်
သို့ပြန်လာရင်း လမ်းရောက်တော့မှ ဦးမွန်ထော်ကမေးသည်။

"ဆရာကြီး ဘယ်လိုစီစဉ်မှာလဲ"

ဦးဖန်ကောင်းက ပါးစပ်တွင်းမှ ကွမ်းတံတွေးများကို





ထွေးထုတ်ပစ်လိုက်ပြီးမှ ပြန်ပြောသည်။

"ဒီလူယုတ်မာတွေက ကျုပ်တို့အပေါ်နှိပ်စက်နေတာ
အတော်ကြာခဲ့ပြီမဟုတ်လား. ."

"ဟုတ်တယ်. . ဆရာကြီး. ."

"ဒီတစ်ခါတော့ သူတို့ကိုပြန်ပြီး ဒုက္ခပေးရမယ်ဗျ"

"ဘယ်လိုပေးမှာလဲ. ."

"မျောက်အမြီးနဲ့ မျောက်ကိုပြန်ချည်ဆိုသလိုပေါ့. .
သူတို့လူနဲ့ သူတို့ကိုပြန်ပြီးဒုက္ခပေးရမယ်. . ."

"ကျုပ်ကိုလည်း တဆိတ်လောက်ပြောပြပါဦး"


ထိုအခါ ဦးဖန်ကောင်းက ၎င်းပြုလုပ်မည့်အစီအစဉ်
အချို့ကို ဦးမွန်ထော်အားပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း - (၉)

# တောထဲ၌ …တ်သွင်းသောအကြောင်း

အချိန်က ညဦးပိုင်းအချိန်ပင် ရှိပေသေးသည်။ …င်းကင်ပြင်၌ လရောင်ရှိသည် ဆိုသော်လည်း ထူတည် …ားသော များပြားလှသော သစ်တောကြီးများက ကာ …ားသောကြောင့် မြေပြင်ပေါ်သို့ အလင်းရောင် မကျ …တ်နိုင်ပေ။ သို့ကြောင့် တောင်ခြေတစ်ဝိုက် မှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ညအချိန်ရောက်လာတော့ တခြားဆူဆူညံညံအသံ[illegible] များ သိပ်မကြားရတော့ပဲ ညအချိန် အစာရှာထွက်လာသော[illegible] တိရိစ္ဆာန်တို့၏ အသံတိုလောက်သာ တစ်ခါတစ်ရံ ကြားကြ[illegible] သည်။

ရွာများနှင့်ဝေးသော တောနက်ဘက်မှ တောကော[illegible] (ကျားဟိန်းသံ)ဟိန်းသံများ ကြားရသည်။

ပြာသိုလသည် ကျားသတ္တဝါတို့ မိတ်လိုက်ကြသ[illegible] ရာသီဖြစ်သောကြောင့် လူများနှင့်ဝေးသော တောနက်[illegible] များအတွင်းမှ ကျားဟိန်းသံ မာန်ဖီသံအချို့ကို ကြားနေ[illegible] သည်။

ထိုအချိန်မျိုးမှာ တောတွင်းသို့ သွားလာ၍ မကော[illegible] လုပေ၊ သို့သော် ထိုအချိန်မျိုးရောက်မှ တောတွင်းသို့ လူ[illegible] ဝင်လာကြလေသည်။

မီးတုတ်များ ကိုင်ထားကြပြီး ဓား၊ လှံလက်န[illegible] လည်း ပါလာကြသည်။ ဦးမွန်ထော်နှင့် ဦးဖန်ကောင်းတို့[illegible] ရှေ့မှဦးဆောင်လာပြီး နောက်မှ ရွာသားလေးငါးယော[illegible] လည်း ပါလာကြသည်။

ဦးဖန်ကောင်းထံမှာတော့ အတော်အသင့် ကြီး[illegible] သော လွယ်အိတ်ကြီးတစ်လုံး လွယ်ထားပြီး အတွင်း၌ [illegible] ဝါးပစ္စည်းများ ပါလာသည်။





တောထဲရောက်တော့ ဦးဖန်ကောင်းက မေးသည်။

“ထွန်းခ နေ့ခင်းက သယ်သွားတဲ့ အလောင်းတွေကို [illegible]ယ်နေရာမှာ ထားသလဲ”

“ရွာကလူတွေသေရင် မြှုပ်တဲ့နေရာမှာပဲ ဝှက်ထားခဲ့[illegible]ယ် ဆရာကြီး”

ထိုနေရာမှာ အများအားဖြင့် သေသူများကို မြှုပ်[illegible]သောနေရာ ဖြစ်သောကြောင့် သင်္ချိုင်းနေရာဟု သတ်မှတ်[illegible]ားကြလေသည်။

“သင်္ချိုင်းနေရာမှာ သွားထားတော့ ပိုကောင်းတာပေါ့[illegible]”

“ဘာကြောင့်လည်း ဆရာကြီး”

“တခြားနေရာမှာထက် သင်္ချိုင်းနေရာမှာဆိုတော့ [illegible]သေသွားပြီးတဲ့လူတွေရဲ့ ဝိညာဉ်တွေ များများတွေ့နိုင်တာ[illegible]ပေါ့”

ဦးဖန်ကောင်းက လှည့်မကြည့်ပဲ ပြောလိုက်ရာ၊ [illegible]နောက်မှလိုက်လာသူများက တစ်ယောက်မျက်နှာ တစ်[illegible]ယောက်ကြည့်ကာ ပုခုံးတွန့်ပြလိုက်လေသည်။

စကားတပြောပြောနှင့် လျှောက်လာကြရာ အတန်[illegible]ကြာတော့ တောတွင်းတစ်နေရာသို့ ရောက်လာကြသည်။ [illegible]သေမြှုပ်သောနေရာမှာ ထိုတောတွင်း၌ပင် ရှိလေသည်။

ကျေးလက်တောရွာမှာ နေကြသူတို့ ဓလေ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သုသာန်မြေကိုတော့ သတ်သတ်မှတ်မှတ် ထားခြင်းမရှိကြ ပေ။ လူတစ်ယောက်သေလျှင် ရွာနှင့်လွတ်သော တောတွင်း တစ်နေရာသို့ သယ်သွားကာ သင့်တော်သောနေရာတွင် မြှုပ်ကြခြင်းပင်ဖြစ်သည်။

နေ့ဘက်တွင် လူသေအလောင်း မြှုပ်ထားခဲ့လျှင် ည အချိန်ရောက်သောအခါ တောခွေးများရောက်လာပြီး မြှုပ် ထားသော အလောင်းကို တူးဖော်စားသောက်လေ့ ရှိကြ သည်။ သို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် ကျင်းဟောင်းများ အဝတ်အစား အစုတ်အပြဲများ၊ သဘောဖျာစုတ်များ၊ ပြန့်ကျဲ နေသော လူအရိုးစုများက နေရာအနှံ့အပြား၌ ရှိနေကြ သည်။

၎င်းတို့ရောက်သွားသောအချိန်တွင် မြေပုံဟောင်း များအား တူးဖော်စားသောက်နေကြသည့် တောခွေးသုံး လေးကောင်ကို တွေ့ရသေးသည်။

အမှောင်ထဲတွင် မျက်လုံးများက ဟသ်ာပြဒါးကဲ့သို့ နီရဲနေပြီး လူများကိုမြင်တော့ 'တဂီးဂီးတဂဲဂဲ'ဖြင့် မာန်ဖီနေကြ သေးသည်။

သို့သော်လည်း လူအုပ်ကများသဖြင့် ထိုနေရာမှ ထွက်သွားကြလေသည်။

"ထွန်းခ နေ့ခင်းက အလောင်းတွေ ဘယ်နေရာမှာ ထားခဲ့သလဲ"





"ဟိုဘက်နားက ခြုံတွေထဲမှာ ထည့်ပြီး အပေါ်က သစ်ရွက်ဆွေးတွေနဲ့ ဖုံးထားခဲ့တယ်"

"အေး. . အဲဒီအထဲက အလောင်းတစ်လောင်း သွား သယ်ယူလာခဲ့"

ထိုသို့စေခိုင်းရာ တစ်ယောက်တည်း မသွားဝံ့ကြသ ဖြင့် သုံးလေးယောက်သွားကာ စောလမူးဆိုသူအလောင်းကို သယ်ယူလာပြီး ဦးဇန်ကောင်းချခိုင်းသောနေရာ၌ ချပေးလိုက် ကြသည်။

ဦးဇန်ကောင်းက ၎င်းတို့ယူလာသော မီးတိုင်များကို ငြိမ်းခိုင်းသဖြင့် မီးငြိမ်းလိုက်ရာ ထိုနေရာတစ်ဝိုက်မှာ မှောင်မည်းသွားလေသည်။

အချို့နေရာများတွင် လရောင်က ကွက်တိကွက်ကျား ကျနေသောကြောင့်သာ ပတ်ဝန်းကျင်ကို အတန်အသင့် မြင် နေရသည်။

ဦးဇန်ကောင်းက အတူပါလာသူများကို နောက် ဘက်၌နေစေပြီး ပြုလုပ်စရာရှိသည်ကို ပြုလုပ်နေသည်။

လွယ်အိတ်ကြီးထဲမှာ ပါလာသော ဖက်တစ်ခုကိုခင်း ပြီး ထိုဖက်ပေါ်သို့ အသားဟင်းအချို့ ထမင်းအချို့ကိုပုံသည်။ ထို့နောက် စလောင်းချပ်ကို တုတ်တစ်ချောင်းနှင့်ခေါက်ပြီး အသံ ကျယ်ကျယ်နှင့် ခေါ်လေသည်။

"ဒီသုသာန်ထဲမှာရှိနေတဲ့ မကျွတ်မလွတ်သေးသော



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်များ ရှိနေသေးပါက၊ ငါကျွေးတာ လာစားကြတော့"

ဟုခေါ်ရာ မရှေးမနှောင်းမှာပင် တောထဲမှ တိုးထွက်လာသော ခြေသံလိုလို ကြားရလေသည်။

ဦးဇန်ကောင်း နောက်ဘက်မှာ ငြိမ်သက်စွာ ရှိနေကြသည့် ဦးမွန်ထော်တို့က စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။

အတန်ကြာတော့ မည်းမည်းသဏ္ဍာန်တစ်ခု ထွက်လာပြီး မနီးမဝေးမှာ ရပ်တန့်သွားသည်။

"ဘယ်သူလဲ"

"........"

တစ်စုံတစ်ခု ပြန်ပြောဟန်ရှိသည်။ သို့စေကာမူ ဦးမွန်ထော်တို့ကတော့ မကြားကြရပေ။

"ငါကျွေးတာစားမလား"

".........."

"စားမယ်ဆိုရင် ကျွေးမယ်၊ ငါခိုင်းတာကိုရော လုပ်ပေးမလား"

"........"

"လုပ်ပေးရင် နေဖို့နေရာပေးမယ်၊ ဟိုမှာတွေ့လား သူ့ကိုယ်ထဲကို ဝင်နေပေတော့"

"........"

"ကိုယ်ပေါ်ကို လှဲချလိုက်ရင် ရောက်သွားလိမ့်မယ်"





ထိုသို့ပြောသဖြင့် မည်းမည်းသဏ္ဍာန်က အသက်ဝိညာဉ် ကင်းမဲ့နေသော စောလမူးကိုယ်တွင်းသို့ လှဲချလိုက်ရာ ပျောက်သွားလေတော့သည်။

ထိုအခြေအနေအထိတော့ အနှောက်အယှက်မရှိပဲ ငြိမ်သက်နေလေသည်။ ခဏကြာတော့ နောက်ထပ်ခြေသံ ကြားရပြန်လေသည်။

ကြည့်လိုက်တော့ ကရင်လူမျိုးများ ဝတ်ဆင်လေ့ရှိသော အဝတ်များ ဝတ်ဆင်ထားသည်။ ဦးခေါင်းထိပ်တွင် ဆံထုံးသေးသေးထုံးထားပြီး အဝတ်ဖြင့် ပတ်ထားသည်။

နှုတ်ခမ်းမွေးများက ရှည်သလို အရပ်အမောင်းကလည်း အတော်ပင်ရှည်သည်။ သာမန်အရပ်အမောင်းထက် တစ်ဝက်ကျော်ခန့် ပိုပြီးမြင့်သည်။

လက်ထဲမှာ တစ်ဖက်က ဓားတစ်လက်ကို ကိုင်ထားပြီး ကျန်တစ်ဖက်က အရိုးရှည်တပ်ထားသော ဆေးတံရှည်ကြီးကို ကိုင်ထားသေးသည်။ ပါးစပ်တွင်းမှာလည်း ကွမ်းကမပြတ်ဝါးနေသည်။

ထိုကရင်လူမျိုး အဘိုးကြီးနောက်မှာတော့ ကျားတစ်ကောင်လောက် အရွယ်အစားကြီးမားပြီး ကြောက်စရာကောင်းလှသည့် ခွေးနက်ကြီးတစ်ကောင်လည်း ပါလာသည်။

ထိုအဘိုးကြီးကိုမြင်တော့ ရှေ့မှာရပ်နေသော ဦးဇန်ကောင်းက လက်အုပ်ချီလျက် အရှိအသေ ပေးလိုက်လေ



www.burmeseclassic.com

သည်။

"ဘာကြောင့် ဝိညာဉ်တွေကို နှောက်ယှက်နေတာလဲ"

မနီးမဝေးရောက်တော့ အနည်းငယ် ဝဲနေသော အသံသြသြကြီးဖြင့် လှမ်းမေးသည်။

"နှောက်ယှက်တာမဟုတ်ပါဘူးအဘိုး၊ အဘိုးပိုင်နက်ထဲမှာရောက်နေတဲ့ ဝိညာဉ်တွေ၊ တပည့်လက်သားတွေကိုလည်း ကျွန်တော်တို့ မနှောက်ယှက်ဝံ့ပါဘူး၊ အခုလို ခေါ်ရတာလဲ လူအများကောင်းဖို့အတွက် သူတို့ကို စေခိုင်းစရာရှိလို့ပါ၊ ဒီအတွက် တောပိုင်ကြီးနဲ့ အဘိုးဆီမှာ ကျွန်တော်ကြိုတင်ခွင့်တောင်းခဲ့ပါတယ်"

ဦးဗန်ကောင်းက ရှင်ပြတော့မှ ကျေနပ်သွားဟန် ရှိလေသည်။

"ကောင်းပြီလေ၊ မင်းတို့က ကောင်းတာလုပ်ကြမှာဆိုတော့လည်း ခွင့်ပြုပေးရမှာပေါ့၊ ကိစ္စပြီးရင်သာ ဝိညာဉ်တွေကို မူလနေရာ ပြန်ပို့ပေးဖို့ မမေ့ကြနဲ့"

"ပို့ပေးပါ့မယ်အဘိုး"

"မင်းတို့ဆောင်ရွက်ပြီးရင် နယ်တော်ရှင်နဲ့ ငါ့အတွက် ဆွမ်းကန်တော့ပွဲ တစ်ရွာလုံးစုပြီး လုပ်ပေးကြ"

"ကောင်းပါပြီ၊ လုပ်ပေးပါ့မယ်"

ဦးဗန်ကောင်းက ရိုသေသော အမူအယာဖြင့် ပြောလိုက်သောအခါ ထိုအဘိုးကြီးက ကျေနပ်သော အမူအယာဖြင့် တောတွင်းသို့ ပြန်လှည့်ဝင်သွားလေသည်။

ထိုအခါမှ နောက်မှပါလာသော စံဖေက လေသံတိုးတိုးဖြင့် ကပ်မေးသည်။

"အချိန်မတော်ကြီးမှ ဘယ်က အဘိုးကြီးလဲ အဘ"

"သေချင်လို့လား၊ အဲဒါ မင်းတို့ တင်မြှောက်ပသနေကြတဲ့ ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ ပြင်ဒရဲယ်သစ်တောတွေအားလုံးကို အုပ်ချုပ်နေတဲ့ အဘိုးနတ်လေ"

"အောင်မယ်လေး"

စံဖေမှာ တိုးတိုးရေရွတ်ရင်းနှင့် ဖက်ပုကျသွားလေသည်။

ဒီတော့မှ ဆရာကြီး ဦးဗန်ကောင်းကိုယ်တိုင် ရိုရိုသေသေဆက်ဆံရသည်ကို သဘောပေါက်ကြရတော့သည်။

အဘိုးကြီး တောတွင်းပြန်ဝင်သွားပြီးနောက် ပတ်ဝန်းကျင်မှာ မူလအတိုင်း ပြန်လည်တိတ်ဆိတ်သွားပြန်လေသည်။

ဒီတော့မှ ဦးဗန်ကောင်းက စောလမူးအနားသို့ သွားကာ လက်ဖြင့်ပုတ်နှိုးလိုက်သည်။

"ကိုင်း . . ထတော့ . . ထတော့"

ထိုသို့ပြောလိုက်မှ စောလမူးက အိပ်ယာမှ ထလာသကဲ့သို့ ငေါက်ခနဲ ထထိုင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း ငါ့ကို ကတိပေးထားတဲ့အတိုင်း ငါခိုင်းတာတွေ လုပ်ရမယ်၊ ဟိုမှာ . . မင်းအတွက် ပုံပေးထားတဲ့ အစားအသောက်တွေ ယူစားပေတော့"

ဟုပြောလိုက်ရာ ထိုနေရာသို့ လျှောက်သွားပြီး ဖက်ပုံနားမှာ ဆောင့်ကြောင့်ထိုင်ကာ ပလုတ်ပလောင်း စားနေတော့သည်။

"ကိုင်း . . နောက်တစ်လောင်း သွားသယ်လာခဲ့"

ဟုပြောသဖြင့် ထွန်းခတို့က ချုံထဲမှာ ဝှက်ထည့်ထားသော နောက်ထပ် အလောင်းတစ်လောင်း ထုတ်ယူလာပြီး ချပေးကြသည်။

ဦးဇန်ကောင်းက ရှေးနည်းအတိုင်း ဝိညာဉ်တစ်ကောင်ကိုခေါ်ကာ အသက်သွင်းပေးလိုက်ပြန်သည်။

ဤနည်းဖြင့် ငါးပူတင်းသည်းခြေ အဆိပ်မိကာ သေဆုံးသွားကြသော စောလမူး၊ သားထူး၊ စိန်ခို၊ စောမြသီးတို့ လေးယောက်စလုံး အသက်ပြန်ရှင်လာကြပြီး ဦးဇန်ကောင်း ကျွေးထားသော ဖက်ပုံများအနီးတွင် ဆောင့်ကြောင့်ထိုင်ကာ ပလုပ်ပလောင်း စားသောက်နေကြလေသည်။

ဦးမွန်ထော်အပါအဝင် နောက်မှပါလာကြသူများမှာ ထိုကဲ့သို့သော ထူးဆန်းသည့် မြင်ကွင်းမျိုးကို တစ်ကြိမ်တစ်ခါမှမမြင်ဘူး မတွေ့ဘူးကြသဖြင့် တအံ့တသြဖြစ်ကာ ကြည့်နေကြသည်။ စားသောက်ပြီးသောအခါ ဦးဇန်ကောင်းက ပြော





သည်။

"ဒီညတော့ မင်းတို့ တောထဲမှာပဲ နေကြဦး၊ မနက်မိုးလင်းကာနီးတော့မှ ရွာဘက်ကို ပြန်လာခဲ့ကြ၊ မင်းတို့ သေနတ်တွေကိုလည်း ပြန်ပေးမယ်၊ လှေတစ်စင်းလည်း ပေးလိုက်မယ်၊ မင်းတို့ စခန်းချတဲ့နေရာကို ပြန်သွားကြပြီး တွေ့သမျှလူကိုသာ သတ်ပေတော့"

ဟု ပြောသောအခါ ခေါင်းညိတ်ပြကာ တောတွင်းသို့ ပြန်ဝင်သွားကြလေသည်။

"ဆရာကြီးနည်းက တယ်လည်းဟန်ကျပါလား . . ၊ မှော်အမြီးနဲ့ မှော်ပြန်ချည်တဲ့ နည်းမျိုးပါလား၊ ဒါထက် မေးပါရစေဦး . . ၊ သူတို့က ဆရာကြီးခိုင်းတဲ့အတိုင်း ဖြောင့်ဖြောင့်လုပ်ပါ့မလား"

"လုပ်ပါတယ်၊ ဘာမလုပ်စရာရှိမလဲ"

"သူတို့က တစ်ဖွဲ့တည်းသားတွေဆိုတော့ အချင်းချင်းပြန်သတ်ပါ့မလား"

"အခုသွားတာ သူတို့အဖွဲ့သားတွေမှ မဟုတ်တာ ဦးမွန်ထော်ရယ်၊ ရုပ်ခန္ဓာတွေကသာ သူတို့ရုပ်တွေ ရှိနေသေးပေမယ့် ဝိညာဉ်လို့ခေါ်တဲ့စိတ်ကတော့ သူတို့စိတ်မှ မရှိတော့တာဗျာ၊ သူတို့ဝိညာဉ်တွေကို ခေါ်သွင်းထားရင်သာ အချင်းချင်းမို့ မလုပ်ချင် မလုပ်ကြမယ်၊ တခြားဝိညာဉ်တွေကတော့ ကျုပ်စေခိုင်းတဲ့အတိုင်း တသွေမတိမ်း ပြုလုပ်ကြမှာပါ၊ ဒီအ


www.burmeseclassic.com

www.burmeseclassic.com



တွက်တော့ စိတ်မပူရပါဘူး”

ဟု အေးအေးဆေးဆေးပြောဆိုကာ ရွာဘက်သို့ ပြန်လာကြလေသည်။ ရွာသို့ ပြန်ရောက်သောအခါ ဦးမွန်ထော်နေအိမ်မှာပင် လက်ဘက်ရည်ကြမ်းသောက်ရင်း စကားပြောဆိုနေကြလေသည်။

“ဒီညတော့ ကျုပ်တို့အိပ်ဖို့တော့ အချိန်ရတော့မယ် မထင်တော့ဘူး၊ ဟိုဖုတ်ကောင်တွေ ရောက်လာရင် အဆင်သင့်ဖြစ်အောင် စီစဉ်စရာတွေ ကြိုတင်ပြီးတော့ စီစဉ်ထားရဦးမယ်”

ဟု ပြောသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် သန်ခေါင်ယံအချိန် ကျော်လာခဲ့ပြီ ဖြစ်သောကြောင့် ကြက်တွန်သံများပင် ကြားကြရလေသည်။ တစ်ရွာလုံးမှာလည်း သူတို့နေသော တဲကြီးအတွင်း၌သာ မီးရောင်ရှိနေပြီး အခြားနေအိမ်များမှာတော့ မီးရောင်လည်းမှိတ်၊ အသံများလည်းတိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြသည်။

ထိုအခါ အနားမှာရှိနေသော ထွန်းခက ဆေးပေါ့လိပ်တိုကို မီးညှိဖွာရင်း သိလိုသော အကြောင်းအရာကို မေးလိုက်သည်။

“ဆရာကြီးနဲ့ အခုလို ကြုံကြိုက်တုန်း သိချင်တာ မေးရဦးမယ်၊ အမှန်ပြောရရင်တော့ အရင်က အခုလို ဖုတ်သွင်း





ဘာတွေ ဖုတ်ကောင်ဝင်တာတွေလည်း ကြားဖူးရုံပဲ ရှိပါတယ်၊ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးပါဘူး၊ အခု ဆရာကြီးလုပ်ပြတော့မှပဲ တွေ့ဖူးတော့တယ်၊ ဒါမျိုးတွေက အရင်ကရော ရှိခဲ့ဖူးသလားဟင်”

“အင်း. . ရှိတာပေါ့”

“ဒီလိုဆိုရင် ကျွန်တော်တို့ကို တစ်ခုလောက် ပြောပြပေးပါလား”

“မင်းတို့ကို တခြားအကြောင်း မပြောပါဘူး၊ အညာဘက်ရောက်တုန်းက ငါကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဖုတ်ဝင်နေတဲ့ လူတစ်ယောက်အကြောင်းကို ပြန်ပြောပြပါ့မယ်”

ထိုသို့အစချီပြီးနောက် ဖုတ်ဝင်နေသော ထန်းတက်သမားတစ်ယောက်အကြောင်းကို အောက်ပါအတိုင်း ပြောပြပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း - (၁၀)

# ဦးဗန်ကောင်းနှင့် မှတ်ဝင်နေသူ

ဦးဗန်ကောင်းသည် ဆေးဆရာဘဝနှင့် ဂန့်ဂေါ ...ယ်ဘက်သို့ ခရီးလှည့်လည်စဉ်က ကြုံတွေ့ရသော အဖြစ် ...ပျက်လည်း ဖြစ်သည်။ သူသည် ဂန့်ဂေါဘက်မှအပြန်တွင် ...တောင်ပုံညာသို့ ဝင်ရောက်ပြီး ဆေးဝါးပစ္စည်းများ ရှာဖွေ ...သေးသည်။ ပုံတောင်ပုံညာမှာ ရှေးအခါက လူသူအရောက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အပေါက်နည်းသလို ဆေးဖက်ဝင်ပစ္စည်းများ ဆေးပင်များ ပေါများသောဒေသဖြစ်သည်။

သို့ကြောင့် ဂန့်ဂေါနယ်ဘက်မှ ပြန်သောအခါ (ဒေ... အခါက ကားလမ်းမပေါက်သေးသောကြောင့် ပုလဲနယ်ဘက် သို့လာလိုလျှင် ခြေလျင်သာ လာကြရသည်။) ပုံတောင်ပုံညာ တောင်ပေါ်မှ ဖြတ်ရသဖြင့် ဆေးပင်များရှာရန် အဆင်ပြေ သွားခြင်းဖြစ်လေသည်။

ထိုမှကျော်သောအခါ ပုလဲဘက်သို့ ဆင်းသောလမ်း အတိုင်း ဆင်းလာရာ လယ်ကွက်များ ထန်းပင်စုများ ရှိသ... နေရာရောက်တော့ တဲသုံးလေးလုံးကို လှမ်းမြင်ရသည်။ တဲသုံး လေးလုံးသာ ရှိသဖြင့် ရွာဟုမခေါ်သာပဲ တဲစုများဟုသာ ခေါ်လောက်သောနေရာမျိုး ဖြစ်သည်။

ဦးဗန်ကောင်းက ပုံတောင်ပုံညာတောင်နှစ်လုံးကို ခြေလျင်ကျော်ဖြတ်ခဲ့ရသောကြောင့် ခရီးပင်ပန်းလာသည် ဖြစ်ရာ ထိုတဲသို့ဝင်ပြီး တစ်ညတည်း တည်းခိုရန် စိတ်ကူးပေါ် သဖြင့် တဲရှိရာနေရာဘက်သို့ လျှောက်သွားလေသည်။ ဦးဗ... တွေ့ရသော့တဲမှာ ထန်းပင်စုများရှိသောနေရာ၌ ရှိလေ သည်။ ထို့ပြင် လမ်းနှင့်လည်း မဝေးလှပေ။

သူရောက်သွားသောအချိန်တွင် တဲရှေ့တွင် ကလေး နှစ်ယောက် ဆော့ကစားနေကြပြီး ဆေးလွယ်အိတ်ကြီးတစ် လုံးလွယ်ကာ ဝင်လာသော ဦးဗန်ကောင်းကို မြင်သောအခါ





...ရာမှ ထပြေးကြလေသည်။

ကလေးများ ဆူဆူညံညံ အသံကြားသဖြင့် နောက် ...တ်တွင် ထန်းလျက်ချက်နေသည့် အမျိုးသမီးတစ်ယောက် ...ရှေ့သို့ထွက်လာသည်။ အသက်(၃၀)ဝန်းကျင် အရွယ်ခန့် ...ရှိသေးပြီး ဟောင်းနွမ်းစုတ်ပြဲနေသည့် အဝတ်အစားများ ...ဝတ်ဆင်ထားသည်။

"ဩော်. . ဘကြီး ထိုင်ပါရှင်၊ ခရီးဝေးကလာတဲ့ပုံ ...ည် ထင်ပါရဲ့"

"ဟုတ်ပါတယ် တူမရယ်၊ ဂန့်ဂေါဘက်က ကူးလာ ...ပါ"

"ဝေးလှသကိုး၊ အကြမ်းအိုးထဲမှာ လက်ဖက်ရည်ရှိပါ ...တယ်၊ ရေသောက်ဦးမလား ဘကြီး"

"ရရင်တော့ တစ်ခွက်လောက် သောက်ချင်ပါတယ်"

ဟုပြောသဖြင့် ရေငင်းဘက်တွင်ရှိသော ရေအိုးထဲမှ ...ာက်ရေတစ်ခွက် ခပ်ပေးသောကြောင့် သရဏဂုံရွတ်ပြီး ...ာက်လေသည်။

ရေသောက်နေရင်းနှင့် အခြေအနေကို အကဲခတ် ...ည့်တော့ ခေါင်းရင်းဘက်တွင် ဘုရားစင်သာရှိသော်လည်း ...ရားရုပ်ပွားတော်သော်လည်းကောင်း ပုံတော်ကားချပ် ...ာ်လည်းကောင်း မတွေ့ရပေ။

သူ ရေသောက်နေစဉ် အမျိုးသမီးက ထန်းလျက်ဲအ...



www.burmeseclassic.com

www.burmeseclassic.com



ချို့ကို ပန်းကန်တစ်ချပ်နှင့် ထည့်ယူလာပြီး ချပေးသည်။

"အမောပြေစားပါဘကြီး၊ ကျွန်မတို့မှာ ဧည့်သည် လာရင် အပင်ကထွက်တဲ့ ထန်းလျက်ပဲ ရှိတာမို့လို့ ကျွေး တာပါ"

"ရပါတယ်ကွယ်. . ရှိတာပဲပေါ့၊ ဒါထက် အိမ်သာ ကို မမြင်ပါလား၊ ဘာအလုပ် လုပ်ကိုင်စားသောက်ကြသလဲ"

"လယ်ကလေး တစ်ကွက်နှစ်ကွက် ရှိပါတယ်၊ ထန်း ပင်လည်း လေးငါးပင်လောက် ရှိပါတယ်၊ ယောက်ျားက ထန်းတောကို သွားနေပါတယ်၊ နေစောင်းတော့မှာမို့ မကြာ ခင်ပြန်ရောက်လာတော့မှာပါ၊ ဒါထက် ဘကြီးက ဘယ် သွားမှာပါလဲ"

"ပုလဲဘက်ကို သွားမှာပါကွယ်"

"ပုလဲရောက်ဖို့က အတော်လိုသေးတယ်၊ မကြာ မိုးချုပ်တော့မှာဆိုတော့ လမ်းမှာတည်းဖို့ခိုဖို့ ခက်လိမ့်မယ်"

"အေးကွယ် ဒီအရပ်တွေလည်း မသွားမလာဖူးတော့ သိပ်မသိပါဘူး၊ ဖြစ်နိုင်ရင်တော့ ဒီမှာ တစ်ညလောက် တည်း ခိုခွင့်ရရင်တော့ အတော်ကလေး အဆင်ပြေမှာပဲ"

"တည်းခိုတာကတော့ သင့်တော်သလို ပေးနိုင် တယ်၊ ဒါပေမယ့် ကျွန်မတို့မှာ ဆင်းရဲလှတော့ စောင် ထောင်တို့တော့ ပေးနိုင်မယ်မထင်ဘူး"

"ဒီအတွက်တော့ မလိုပါဘူး တူမရယ်၊ ထန်း





ခင်းအုံးပြီး တမှေးလောက် မှေးရရင်ပဲ တော်ပါပြီ၊ တည်းခို ခွင့်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ထိုသို့ပြောဆိုနေစဉ် မြူအိုးများကို ဆွဲလာသော လူ တစ်ယောက် လာလေသည်။

အိမ်ရှေ့တွင် ဦးဇပန်ကောင်း ထိုင်နေသည်ကို လှမ်းမြင် သောအခါ ရှေ့သို့မလာတော့ပဲ တစ်နေရာတွင် ရပ်တန့်ကာ မိန်းမဖြစ်သူကို လှမ်းခေါ်လေသည်။

"မိရွှေ ဒီကိုလာပါဦး"

ထိုသို့ခေါ်သဖြင့် ထိုနေရာသို့ ထသွားလေသည်။

ယောက်ျားက မိန်းမကို တဲအနောက်ဘက်ခေါ်သွား ပြီး တိုးတိုးမေးသည်။

"ဘယ်ကတဲ့လဲ"

"ခရီးသွားပါ၊ ပုလဲဘက်သွားမှာ အချိန်မရှိတော့တာ နဲ့ ဒီမှာတစ်ညနေဖို့ ခွင့်တောင်းတာနဲ့ ခွင့်ပေးလိုက်တယ်"

ထိုစကားကြားတော့ မျက်စိမျက်နှာ တစ်ချက်ပျက် သွားလေသည်။

"မင်းကလည်း တယ်ခက်တာကိုး"

"ဟင်. . ဘာဖြစ်လို့လဲ၊ သက်ကြီးရွယ်ကြီးတစ် ယောက်ကို ဒီလောက်တော့ မကူညီရဘူးလား"

"မကူညီစေချင်လို့ ပြောတာမဟုတ်ပါဘူး၊ ငါတို့က ဆင်းရဲတော့ ဧည့်သည်အတွက် အားနာစရာ ဖြစ်နေမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ"

"သူ့အတွက် စောင်ခြင်ထောင် ပေးစရာမလိုပါ တော် စိတ်မပူပါနဲ့၊ ဒါထက် ရှင် ထမင်းစားတော့မလား"

"စားမယ်၊ ဒါပေမယ့် ငါ ထမင်းနဲ့ဟင်းတွေကို ဇလုံ ထည့်ယူသွားပြီး တစ်နေရာမှာပဲ သွားစားတော့မယ်"

"ဟင်. . ဘာဖြစ်လို့လဲ"

"ဒီမှာ ဧည့်သည်ရှိနေတော့ အားနာလို့ပါကွာ"

ဟုပြောပြီး ယောက်ျားဖြစ်သူက အိမ်နောက်ဘ မီးဖိုချောင်ဘက်သို့ဝင်ကာ ထမင်းနှင့် ဟင်းများကို ဇလုံတွ သို့ ပုံယူသွားပြီး ထန်းတောများရှိရာသို့ ထွက်သွားလေသည်။

ဦးဗန်ကောင်းကတော့ အိမ်ရှေ့ခန်းမှာ အေးအေး ဆေးဆေးထိုင်ရင်း ပါလာသော ကွမ်းထုပ်ကိုဖြေကာ ဝါးေ လေသည်။

ထိုသို့ဝါးနေရင်းမှ ထမင်းဇလုံကြီးကိုကိုင်ကာ လူ မမြင်အောင် ခပ်သုတ်သုတ်ထွက်သွားသော ယောက်ျားဖြ သူကို တစေ့တစောင်း လှမ်းကြည့်နေသည်။

မိန်းမဖြစ်သူကလည်း ဦးဗန်ကောင်းရှိသောနေရာသို့ ပြန်မလာတော့ပဲ ကလေးနှစ်ယောက်ကို ထမင်းကျွေးခြင်း အခြားလုပ်စရာ ရှိသည်တို့ကို လုပ်ခြင်းများ ပြုလုပ်နေေ သည်။

ညဦးပိုင်းအချိန်ရောက်တော့ ဦးဗန်ကောင်းက လွယ်





အိတ်ထဲမှာ သွားလေရာ ဆောင်ယူသွားသော ဒက္ခိဏသာခါ ဗုဒ္ဓရုပ်ပွားတော်ကို ခေါင်းရင်းမှာထားပြီး ဘုရားရှိခိုးလေ သည်။

ထိုသို့ဘုရားရှိခိုးနေစဉ်မှာ အတွင်းဘက်မှာ အိပ်နေ သော ကလေးငယ်တစ်ယောက်၏ စူးစူးဝါးဝါးငိုသံကို ကြားရ လေသည်။ မိခင်ဖြစ်သူက ချော့မော့နေသော်လည်း ငိုသံက ရပ်တံ့မသွားပေ။

ဦးဗန်ကောင်းက ဘုရားရှိခိုးနေရာမှ တစ်စုံတစ်ခုကို တွေးမိသဖြင့် ဘုရားရှိခိုးခြင်းကို လက်စသပ်လိုက်ပြီး ဗုဒ္ဓရုပ် ပွားတော်ကို လွယ်အိတ်တွင်းသို့ ပြန်ထည့်ထားလိုက်လေ သည်။ ထိုသို့ထည့်လိုက်တော့မှ စူးစူးဝါးဝါး အော်ဟစ်ငိုနေ သောအသံမှာ ပြန်လည်တိတ်သွားတော့သည်။

ဦးဗန်ကောင်းကတော့ အခြေအနေကို သိသဖြင့် စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

ခဏကြာတော့ အမျိုးသမီးက မီးထွန်းထားသော မီးခွက်တစ်ခွက်ကိုကိုင်လျက် ဦးဗန်ကောင်းရှိနေသည့် အိမ် ရှေ့သို့ ထွက်လာသည်။

ဦးဗန်ကောင်းကတော့ မအိပ်သေးပဲ ကွမ်းဝါးရင်းနှင့် ထိုင်နေသေည်။ အမျိုးသမီးက ဦးဗန်ကောင်းနှင့် မနီးမဝေးမှာ ဝင်ထိုင်သည်။

"ဘကြီး မအိပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးပါဘူးကွယ်၊ စောစောက ကလေးငိုသံ ကြားလိုက်သလားလို့ ဘာဖြစ်တာလဲ"

"မသိပါဘူး ဘကြီးရယ်၊ လန့်ပြီး ထငိုတယ်ထင်ပါရဲ့"

"ဒါထက် ညနေပိုင်းက ပြန်လာတာ. . ငါ့တူ ယောက်ျားလား"

"ဟုတ်ပါတယ်၊ သူ့နာမည်က ကိုလက်မြလို့ ခေါ်ပါတယ်"

"နာမည်က အဆန်းပါလား၊ ဘာကြောင့် ဒီနာမည်မျိုး မှည့်တာပါလိမ့်"

"ငယ်ငယ်ကတည်းက ထန်းတက်တဲ့နေရာမှာ လက်မြလွန်းလို့ အရပ်ကပေးထားတဲ့ နာမည်ပါ"

"ဩော်. . ဩော်. . ဒါထက် အခု ဘယ်သွားနေသလဲ၊ ပြန်လာတာ မတွေ့မိသေးပါလား"

"မသိပါဘူး ဘကြီးရယ်၊ ညနေက ပြန်ရောက်လာပြီး ထမင်းတစ်ဇလုံ ယူပြီး ပြန်ထွက်သွားလိုက်တာ အခုအချိန်ထိတောင်မှ ပြန်မလာသေးပါဘူး"

"ကိစ္စရှိလို့ အပေါင်းအသင်းတွေနဲ့များ သွားလာနေရော့သလား"

"ဒီလိုတော့ သွားမယ်မထင်ပါဘူး"

"ဒါမှမဟုတ် ထန်းရေမူးပြီး တစ်နေရာမှာ အိပ်ပျော်နေတာများလား"





"သူက ထန်းပင်သာတက်နေတာပါ၊ ထန်းရည်လည်း ဒီလောက်ကြိုက်လှတယ် မဟုတ်ပါဘူး"

"ဒါထက် နင့်နာမည်က ဘယ်သူလဲ"

"မခင်ရွှေပါ၊ မိရွှေလို့ပဲ ခေါ်ကြပါတယ်"

"ဒီလိုမေးတာ တစ်မျိုးတော့ မထင်ပါနဲ့၊ ငါ့တူမကြီးကို မြင်မြင်ချင်းသနားလို့ မေးတာပါ၊ ဒါထက် နင့်ယောက်ျားနဲ့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်ကျော် လေးနှစ်လောက်ပဲ ရှိပါသေးတယ်၊ ဒီကလေးနှစ်ယောက်ပဲ ရှိပါသေးတယ်"

"ဒီသုံးလေးနှစ်အတွင်းမှာ သူနဲ့ပတ်သက်၍ ထူးခြားတာလေးများရှိရင် ဘကြီးကို ပြောပြပေးပါလား"

"ဘယ်လိုထူးခြားမှုမျိုးလည်း ဘကြီး"

"ဥပမာ ရောဂါကြီးကြီးကျယ်ကျယ်ဖြစ်တာမျိုး ဒါမှမဟုတ် ထိခိုက်ဒဏ်ရာရတာမျိုး၊ မပြောကောင်း မဆိုကောင်း ထန်းပင်တက်ရင်းနဲ့ မတော်တဆ ကျတာမျိုးပေါ့"

ထိုစကားကြားတော့ မခင်ရွှေဆိုသော အမျိုးသမီးက အတော်ကြာအောင် စဉ်းစားနေသည်။

"ကျွန်မတော့ မမှတ်မိသလောက်ပဲ"

"ဒီလိုဖြင့် နင်နဲ့ညားပြီးနောက်ပိုင်း အစားအသောက် အနေအထိုင်များ ပြောင်းလဲတာမျိုး သတိပြုမိတာ ရှိသလား"

ထိုစကားကြားတော့မှ စိတ်ဝင်စားသော အမူအယာ



www.burmeseclassic.com

www.burmeseclassic.com



မိုး ဖြစ်လာဟန်ရှိသည်။

"ဘကြီးပြောမှပဲ သတိပြုမိတော့တယ်၊ သူနဲ့ညားပြီး ကလေးတစ်ယောက် ရပြီးတဲ့အထိတော့ ဘာမှသိပ်မထူးခြား ပါဘူး၊ ဒါပေမယ့် ဒုတိယကလေးမရခင်မှာတော့ တစ်မူထူး ခြားတယ်"

"ဘယ်လိုထူးခြားတာလည်းကွယ့်၊ ပြောပါဦး"

"တခြားတော့ မဟုတ်ဘူး၊ ဒီအိမ်မှာ ဘုရားရုပ်ပွား တွေ၊ ကားချပ်တွေ၊ အိမ်တွင်းနတ်စင်တွေပါ မထားရဘူးဆို လို့ တခြားအိမ် ပို့ပေးထားရတယ်"

"နောက်တော့ကော"

"အစားအသောက်လည်း အရင်ကနဲ့မတူဘူး၊ အ တော်ကြမ်းလာတယ်၊ ခါတိုင်း သုံးလေးယောက်စားဖို့ ချက် ပြုတ်ထားတဲ့ ထမင်းဟင်းတွေကို သူတစ်ယောက်တည်း ကုန် တာများတယ်၊ တစ်ခါတစ်လေ ပြန်ချက်စရာ ဆန်မရှိတော့ လို့ ကျွန်မနဲ့ကလေးနှစ်ယောက် အငတ်နေရတာတွေရှိတယ်"

"ကြားရတာ စိတ်မကောင်းစရာကွယ်"

"ဒါ့အပြင် ညအချိန်မတော်ကြီးလည်း မရှိ့ရှိတာ ရှာ ဖွေစားသောက်နေတတ်သေးတယ်၊ တစ်ခါက အမဲသားဝယ် ပြီး ပြုတ်ထားတယ်၊ ညဘက် ဘယ်အချိန်ထစားလိုက်တယ် မသိပါဘူး၊ မနက်လင်းတော့ အိုးထဲမှာ ပြောင်နေတာပဲ၊ အဲဒါ ဘာဖြစ်တာလဲဟင်"





ဟုမေးသည်။

ဦးဗန်ကောင်းက ပါးစပ်ထဲမှ ကွမ်းတံတွေးများကို ဖြစ်မ်းပေါက်မှ ထွေးထုတ်လိုက်ပြီးမှ စိတ်မကောင်းသော အသံမျိုးဖြင့် ပြောလိုက်သည်။

"ပြောရရင်တော့ စိတ်မကောင်းစရာပါပဲ . . ၊ နင့် ယောက်ျားလက်မြိုက အရင်လူ မဟုတ်တော့ဘူး၊ တစ်ခုခု ဖြစ်လို့ သေသွားပြီးခဲ့တဲ့နောက် လူသက်ရှိတော့တဲ့ပုံ မပေါ် ဘူး"

"ဟင် . . ဒါဖြင့် ဘာဖြစ်နေပြီလဲဟင်"

"ဖုတ်ဝင်ပြီးတော့ လူယောင်ဆောင်နေတာ"

"ဟင် . ."

ထိုစကားကြားတော့ မခင်ရွှေမှာ မျက်လုံးအပြူးသား နှင့် တအံ့တဩ ဖြစ်သွားလေသည်။

"ဘ . . ဘကြီး၊ ဘယ်လိုသိတာလဲဟင်"

"ဘကြီးက ဂန့်ဂေါနယ်ဘက်က ပညာသင်ပြီးတော့ ပြန်လာတဲ့ ဆေးဆရာတစ်ယောက်ပါ၊ မြင်ရုံကြည့်ရုံနဲ့ သိပါ တယ်"

"ဒီ . . ဒီလိုဆိုရင်တော့ ကျွန်မတို့ သားအမိတွေ တော့ ဒုက္ခရောက်ပြီထင်ပါရဲ့၊ စားစရာမရှိရင် ကျွန်မတို့ သားအမိတွေများ သတ်စားမလား မသိဘူး"

"ဒီလိုတော့ မစားပါဘူး၊ ဒါပေမယ့် ဖုတ်ကောင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရောက်နေတော့ အန္တရာယ်တော့ များတာပေါ့"

"ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"နင် ဆန္ဒရှိတယ်ဆိုရင်တော့ ငါ ဖုတ်ကောင်ကို ထုတ်ပေးခဲ့ပါ့မယ်"

ထိုသို့ပြောလိုက်ရုံပင် ရှိသေးသည်။ အိမ်ထဲမှာ ရှိနေသော ကလေးတစ်ယောက်မှာ စူးစူးဝါးဝါး ထငိုပြန်လေသည်။

"ဒီကလေးက သူဖုတ်ကောင်ဘဝ ရောက်တော့မှရတဲ့ ဖုတ်သွေးပါတဲ့ ကလေးဖြစ်ရမယ်၊ နင့်ယောကျ်ားကို ဖုတ်ထုတ်ရင်တော့ သူပါပါမှာပဲ"

ထိုသို့ပြောသောအခါ မခင်ရွှေမှာ ငိုယိုပြီး နေရာမှ ထသွားလေတော့သည်။ အတော်ကြာတော့မှ ကလေးငိုသံမှာ ရပ်သွားလေသည်။

ဦးဗန်ကောင်းလည်း တစ်ညလုံး မအိပ်ပဲ ကွမ်းစားလိုက် လက်ဖက်ရည်သောက်လိုက်နှင့် လက်မြဲဆိုသူ ပြန်လာမလားဟု စောင့်နေသော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

နောက်တစ်နေ့ နံနက်လင်းစ အချိန်ရောက်တော့ ဦးဗန်ကောင်းလည်း မခင်ရွှေအား မှာစရာရှိတာ မှာထားခဲ့ပြီး နှုတ်ဆက်ကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

အတန်ကြာတော့မှ ဦးဗန်ကောင်း ရှိနေသဖြင့် အိမ်





ပြန်မလာဝံ့သောကြောင့် တစ်ညလုံး ခြုံကွယ်နောက်မှ ထိုင်၍ အခြေအနေကြည့်နေသော လက်မြဲလည်း အိမ်သို့ပြန်ရောက်လာလေသည်။

ပြန်ရောက်လာသည်နှင့် မျက်ထောင့်နီကြီးနှင့် မိန်းမဖြစ်သူကို မကျေမနပ် ကြည့်နေလေသည်။

"ရှင် တစ်ညလုံး ဘယ်သွားနေတာလဲ"

"အိမ်မှာ ဧည့်သည်ရှိနေမှတော့. . တစ်ညလုံး ခြုံနောက်မှာ သွားထိုင်နေရတာပေါ့၊ ဒါနဲ့ နင်က ကိုယ်နဲ့လည်း မသိပဲနဲ့ ဘာကြောင့် အိမ်ပေါ်မှာခေါ်ထားရတာလဲ"

"ခရီးသွားမို့ပါ၊ အသက်အရွယ်ကြီးနေလို့ တည်းခိုခွင့်ပေးလိုက်တာပါ"

"အသက်ကြီးလည်း စိတ်ချရတာမှ မဟုတ်တာ၊ ငါ ထန်းတော သွားတော့မယ်၊ စားစရာ ဘာရှိသလဲ"

"ဆန်မရှိလို့ ထမင်းတောင် မချက်ရသေးပါဘူး"

"ဒီမိန်းမတော့ကွာ အတော်ပေါ့လျော့တာပဲ၊ ငါက ဗိုက်ဆာလာရင် လူ့အသား လိုးစားရမှာလည်း ဝန်မလေးဘူး"

ဟုပြောပြီး ထန်းလှီးသော ဓားကိုယူပြီး ထလာလေသည်။

မခင်ရွှေကတော့ ကြောက်ကြောက်လန့်လန့်နှင့် ထပြေးရမလို ထိုင်နေရမလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးနေရာရောက်တော့ လက်မြဲမှာ ရှေ့ဆက်တိုးမရပဲ ရပ်တွန့်သွားလေသည်။

ထိုသို့တိုးလာ၍ မရသဖြင့် ထန်းလျှီးဓားကိုကိုင်ကာ ဒေါသထွက်နေဟန်လည်းရှိသည်။ သို့သော်လည်း ဘယ်လိုမှ လာ၍မရမှန်း သိသောအခါ လှမ်းပြောသည်။

"ငါ ထန်းတောသွားမယ်၊ ထမင်းချက်ပြီးတာနဲ့ လာပို့ပေး၊ မပေးလို့ကတော့ နင် သေပြီသာမှတ်"

ဟုပြောဆိုကာ ဓားတစ်လက်ကိုင်ကာ ထန်းတောဘက်သို့ ထွက်သွားလေတော့သည်။ သူသွားပြီး အတန်ကြာတော့မှ ထိုတဲသို့ ဦးဇန်ကောင်း ပြန်ရောက်လာသည်။

"ဘယ့်နှယ်လဲ ငါ့တူမကြီး ငါပြောတာ ယုံပြီမဟုတ်လား"

"ယုံပါပြီ ဘကြီးရယ်၊ ကျွန်မဖြင့် ကြောက်လိုက်တာ အသက်ထွက်လုမတတ်ပါပဲ"

"ဘာမှမကြောက်နဲ့၊ ငါပေးထားတဲ့ လက်ဖွဲ့ကြိုးကိုသာ လည်ပင်းမှာဆွဲထား၊ သူ ဘယ်နည်းနဲ့မှ အနားလာလို့မရနိုင်ဘူး"

"ဘယ်လိုဆက်လုပ်ရမလဲ ဘကြီးရယ်"

"ဒီဆေးမှုန့်တွေကို သူအိပ်မယ့် အိပ်ယာမှာ ဖြူးထား၊ ညနေ သူပြန်လာရင် စားဖို့ထမင်းဟင်းတွေထဲမှာလည်း ဒီဆေးမှုန့် ထည့်ချက်ကျွေး၊ နင်လည်း သူ့အနားမှာ မနေနဲ့၊





မနက်လင်းတော့ အဖြေပေါ်လိမ့်မယ်"

ဟုပြောကာ ပြန်ထွက်သွားပြန်လေသည်။

မနက်ပိုင်းမှာတော့ မရှိရှိတာ ချက်ပြုတ်ပြီး ထမင်းဟင်းများ သွားပို့ပေးလိုက်သည်။ ညနေစာအတွက်လည်း ဦးဇန်ကောင်း မှာကြားသည့်အတိုင်း ချက်ပြုတ်စီမံပြီး အဆင်သင့် ပြင်ပေးထားသည်။

ညနေပိုင်း ပြန်ရောက်လာသော အခါမှာလည်း လက်မြဲမှာ မခင်ရွှေပြင်ထားသော ထမင်းဟင်းများကို တစ်ယောက်တည်း ကုန်အောင်စားသောက်ပြီး အိပ်ယာဝင်လေသည်။

ညအချိန်ရောက်တော့ ဝူးဝူးဝါးဝါးအော်သံများ ကြားရပြီး အိမ်ပေါ်မှ ဆင်းပြေးသွားသော မည်းမည်းကြီး နှစ်ကောင်ကို မနီးမဝေးမှ အခြေအနေ စောင့်ကြည့်နေကြသော ဦးဇန်ကောင်းနှင့် မခင်ရွှေတို့ တွေ့လိုက်ကြရလေသည်။

အတန်ကြာတော့မှ မီးခွက်ထွန်းပြီး အိမ်ပေါ်တက်ကြည့်ကြသောအခါ အိပ်ယာပေါ်တွင် အရိုးပြိုင်းပြိုင်းဘဝနှင့်သာဖြစ်နေသော လက်မြဲနှင့် ကလေးတစ်ယောက်တို့၏ ကမ္ဗ ဋ္ဌာန်းရုပ်များကိုသာ တွေ့ရတော့သည်။

တိတ်ဆိတ်နေသော အချိန်တွင် မခင်ရွှေ၏ အော်ဟစ်ငိုကြွေးသံများက စူးစူးဝါးဝါး ပေါ်ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ အကြောင်းများမှာ ဦးဗန်ကောင် ကိုယ်တွေ့ကြုံခဲ့ရသော ဖုတ်ဝင်သည့် အကြောင်းများပင် ဖြစ်ပေ တော့သည်။





# အခန်း - (၁၁)

# သွေးပျက်မွယ်ရာည

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပြီးသည့် နောက် …င်းတွင် မြစ်ဝကျွန်းပေါ် ဒေသများတွင် ရောင်စုံသောင်းကျန်း …အဖွဲ့များ အများအပြား ပေါ်ပေါက်လာခဲ့ကြသည်။

မြစ်ဝကျွန်းပေါ် ဆိုသည့်အတိုင်း မြစ်ချောင်းအင်းအိုင် … ကျွန်းများပေါများသော အရပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီရေတက်ရာ ပင်လယ်နှင့်နီးသောကြောင့်လည်း ဒီရေသစ်တောကြီးများ ပေါလှသည်။

ကနစို၊ ဗျူး၊ လဗ၊ လမုတောများမှာ နေရာမလပ် ရှိနေကြသည်။ မြစ်ချောင်းငယ်များ ပေါသဖြင့်လည်း လှေ ငယ်များနှင့် တစ်နေရာမှတစ်နေရာ သွားလာရန် လွယ်ကူ သည်။

စားနပ်ရိက္ခာအနေဖြင့်လည်း ဆန်စပါး၊ ငါးပုစွန်၊ ငပိ ငါးခြောက် ပေါများသော အရပ်ဒေသဖြစ်သည်။

ဧရာဝတီတိုင်းတစ်ခုလုံး သစ်တောဝါးတောများက ထက်ဝက်ကျော်ခန့် ဖုံးလွှမ်းထားရာ သောင်းကျန်းသူအဖွဲ့များ အနေဖြင့် စားနပ်ရိက္ခာအတွက်လည်း မပူပန်ရသလို သွား လာရေးကလည်း အဆင်ပြေသည်။

ထို့ပြင် ၎င်းတို့အတွက် လုံခြုံရေးကလည်း စိတ်ချရ သောကြောင့် ပြင်ဒရယ် သစ်တောကြီးများမှာ ၎င်းတို့ စခန်း ချရာ ခြေကုပ်ယူရန် နေရာကောင်းများ ဖြစ်ခဲ့ပေသည်။

အောက်ပိုင်းဒေသများတွင် ကျေးလက်တောရွာများ ကလည်းပေါသည်။ လွတ်လပ်ရေး အချိန်ကာလက အောက် ပိုင်းဒေသမှာရှိသော ဖျာပုံ၊ ဗိုလ်ကလေး၊ မော်လမြိုင်ကျွန်း မြောင်းမြ၊ လပွတ္တာစသောမြို့များပင် စိတ်ချရမှုမရှိပဲ မကြာ ခဏဆိုသလို သောင်းကျန်းသူများ တက်ရောက်လာပြီး ရဲစခန်းများကို ဝင်စီးခြင်း၊ ဆန်စက်အစရှိသော အဆောက်





အဦးများ မီးရှို့ဖျက်ဆီးခြင်း၊ အစားအသောက်၊ အဝတ်အ ထည်များကို ယူဆောင်သွားခြင်းများကို မကြာခဏ ပြုလုပ် ကြသည်။

ထိုအချိန်ကာလက အောက်ပိုင်းဒေသရှိ မြို့ငယ်များ တွင် စစ်တပ်က အချိန်ပြည့် တာဝန်ယူ စောင့်ရှောက်ပေးနိုင် ခြင်းမရှိပဲ ပုလိပ်အဖွဲ့များကသာ တာဝန်ယူ စောင့်ရှောက် ပေးနေရသော အချိန်အခါဖြစ်သည်။

ထိုကဲ့သို့ မြို့ငယ်များတွင် စောင့်ရှောက်မှု အပြည့် အဝ မရရှိသေးသော အချိန်များတွင် အောက်ပိုင်းဒေသများ တွင်ရှိသော ကျေးရွာများမှာတော့ အားကိုးရာမရှိသကဲ့သို့ ဖြစ်ကြလေသည်။

သောင်းကျန်းသူများက ထိုရွာများကို ၎င်းတို့ရိက္ခာ အိုးသဖွယ် အသုံးချကြသည်။

ဆက်ကြေးငွေတောင်းခြင်း၊ ဆန်စပါး၊ နွား၊ ကျွဲ၊ ဝက်၊ ကြက်၊ ငပိ၊ ငါးခြောက်တို့ကို အတင်းအဓမ္မ တောင်းခံခြင်း၊ ရှေလျှင် လူများကိုသတ်ခြင်း၊ ခေါင်းဖြတ်ပြီး ထောင်ထားခြင်း၊ သတ်ထားပြီးသော အလောင်းများကို လူမြင်ကွင်းများတွင် ကားစင်တင်ထားခြင်း၊ ကြိုးဖြင့်တွဲလောင်းဆွဲထားခြင်းများ ပြုလုပ်ကြသည်။

အချို့ သောင်းကျန်းသူများမှာ မိန်းမပျိုများသာမ က ပဲ ကိုယ်ဝန်သည်များပါ မုဒိန်းကျင့်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကာလက မော်လမြိုင်ကျွန်းမြို့၊ တောင်ဘက်ယွန်းယွန်း ဗန္ဓုလသစ်တောကြီးပိုင်းမှာ အလံနီကွန်မြူနစ်ပါတီ၊ ခြေကုပ်ယူထားသောနေရာဖြစ်သည်။

(၁၉၅၉-ခုနောက်ပိုင်း ရဲနီမယ်၊ ခိုင်ထွန်းမယ်နှင့် ရဲဘော်အောင်ခင်တို့ ကြီးစိုးရာနေရာ ဖြစ်ခဲ့သည်။)

အလံနီကွန်မြူနစ်ပါတီသည် ဗန္ဓုလသစ်တောကြီးပိုင်းသာမက ၎င်းနှင့် တစ်ဆက်တည်းရှိနေသည့် ဗိုလ်ကလေးမြို့နယ်အတွင်းရှိ ပြင်ဒရယ်သစ်တောအတွင်း၌ပါ ခြေကုပ်ယူထားကြသည်။

ထိုအချိန်က ကဒိုကနိကြီးပိုင်း၊ ငွေသောင်ယံနယ်မြေအတွင်း အလံနီကွန်မြူနစ်ပါတီအဖွဲ့က ရှိနေကြလေသည်။

ထို့ပြင် ဗိုလ်ပြူး၊ ချစ်လေးမောင်တို့ အုပ်ချုပ်သော ကရင်လွတ်မြောက်ရေးအဖွဲ့များလည်း ရှိသည်။

သောင်းကျန်းသူ အဖွဲ့များမှာ အဝင်အထွက် သွားလာရေးကောင်းသော ချောင်းမကြီးများ၊ ချောင်းကျယ်ကြီးများ၊ အတွင်းပိုင်းတွင်း၌ တဲကြီးများထိုးပြီး စခန်းချနေကြသည်။

ဗိုလ်ကလေးမြို့နယ် အောက်ပိုင်းဘက်၌ဆိုလျှင် အရှေ့နှင့်အနောက် သွယ်တန်းနေသော ဖောင်ဝင်မြစ်ကြီးက တောနယ်နိမိတ်နှင့် မြို့နယ်နိမိတ်ကို ပိုင်းခြားထားသကဲ့သို့ ရှိသည်။





ဖောင်ဝင်မြစ် မြောက်ဖက်၌ရှိသော ထိပ်ချောင်း၊ ဒါးပြချောင်း၊ ခက်စု၊ စက်ဆန်း စသည်တို့က မြို့နယ်နိမိတ်၌ပါဝင်ပြီး တောင်ဘက်၌ရှိသော ငယ်သူချောင်း၊ ဆတ်ကျွန်းချောင်းမှ မိန်းမလှကျွန်းအပါအဝင် ကဒိုကနိ ရောက်သည်အထိကတော့ တောနယ်နိမိတ်ဟု သတ်မှတ်ထားကြသည်။

ထော်ပိုင်ချောင်းဖျားနှင့် ကဒိုကနိအပိုင် ငွေသောင်ယံသစ်တောနယ်နိမိတ်အတွင်းမှာလည်း သောင်းကျန်းသူများ စခန်းချနေသော တဲများရှိသည်။

ထော်ပိုင်ချောင်းမှာ အလျားရှည်သော ချောင်းဖြစ်သဖြင့် ချောင်းဝပိုင်း၌သာ ကျေးရွာများရှိကြသော်လည်း ချောင်းဖျားပိုင်းမှာတော့ သစ်တောကြီးများသာ ရှိသည်။

ထိုသစ်တောကြီးများအတွင်းမှာတော့ ကွန်မြူနစ်ပါတီမှ စခန်းချနေသော တဲသုံးလေးလုံးရှိသည်။

ဓနိ သစ်ဝါးတို့ဖြင့် ဆောက်ထားသော တန်းလျားကြီးများဖြစ်ပြီး ထိုစခန်းတွင် သောင်းကျန်းသူ(၃၀)ခန့် ရှိကြလေသည်။

ထိုစခန်းကို စီမံအုပ်ချုပ်နေသူမှာ တပ်ခွဲမှူးအဆင့်ရှိသူ စောဘဦးဖြစ်သည်။ စောဘဦးက ကရင်လူမျိုးဖြစ်ပြီး သူ့လက်အောက်၌ ရှိကြသူတို့မှာလည်း ကရင်လူမျိုး၊ ဗမာလူမျိုးတို့ပါ ပါကြသည်။

တစ်နေ့ နံနက်ပိုင်းအချိန်တွင် စောဘဦးက သူ့လူ



www.burmeseclassic.com

www.burmeseclassic.com



များကိုခေါ်ပြီး မေးသည်။

သူ့လက်အောက်၌ သံပချိုင်နှင့် စံနက်ကျော်တို့ နှ[စ်]ယောက်ကတော့ များစွာအားကိုးကြရသူများ ဖြစ်သည်။ စောဘဦး ခေါ်မေးသာအချိန်တွင် ၎င်းတို့နှစ်ယောက်လည်း ရှိနေကြသည်။

"စောလမူးတို့လေးယောက် ပြန်ရောက်မလာသေးဘူးလား"

"မရောက်သေးပါဘူး ဗိုလ်ကြီး"

"ဘယ်နေရာသွားမယ်လို့ ပြောသွားသလဲ"

"ထော်ပိုင်ရွာအပါအဝင် အဲဒီနေရာတစ်ဝိုက်မှာရှိတဲ့ရွာတွေ သွားမယ်လို့ ပြောသွားပါတယ်"

"တစ်ခုခုများ ဖြစ်နေသလား၊ ဘာကြောင့် ပြန်မလာကြသေးတာလဲ"

စောဘဦးအသံမှာ စိတ်မဖြောင့်သောအသံမျိုး ပါ[နေ]သည်။

"ဒီလိုတော့ ဖြစ်မယ်မထင်ပါဘူး ဗိုလ်ကြီး၊ အခုရက်ပိုင်းအတွင်းတွေ့မှ စစ်တပ်တွေ ဆင်းလာတယ်လို့လည်း [သ]တင်းမကြားမိပါဘူး၊ နောက်ပြီး ရွာသူရွာသားတွေကလည်း သူတို့ကို ထိဝံ့ကြမယ် မထင်ပါဘူး"

သံပချိုင်စကားကြားတော့ စောဘဦးမျက်နှာမှာ ရွှင်သွားလေသည်။





"မင်းက လူတွေကို အတော်လေး လျော့တွက်ထားတာကိုး သံပချိုင်ရဲ့၊ ရွာတွေမှာ ရှိနေကြတဲ့လူတွေက မင်းတို့ကိုကြည်ဖြူလို့ ပေးကျွေးနေတယ်များ ထင်နေသလား၊ သေနတ်ကိုကြောက်လို့ မလွှဲသာလို့ ပေးကျွေးနေတာကွ၊ သူတို့မှာသာ အားကိုးရှိရင် ငါတို့ကိုပြန်သတ်တာ ကြာပြီ"

စောဘဦးစကားကြောင့် သံပချိုင်မှာ ဘာမှဆက်မပြောသာတော့ပေ။

ထိုအခါ အနီးမှာ ရှိနေသော စံနက်ကျော်က ဝင်မေးလိုက်သည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဗိုလ်ကြီး"

"သူတို့ ခရီးလွန်နေတာပဲဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုပေါ်နေလို့ပဲဖြစ်ဖြစ် ပြန်မရောက်ကြတာဖြစ်မယ်၊ ဒီကနေ့ညနေစောင်းတဲ့အထိ စောင့်ကြည့်လို့မှ ပြန်မရောက်လာကြရင် မနက်လင်းတာနဲ့ အဲဒီရွာတွေဘက် သွားပြီးစုံစမ်းကြ"

"ကောင်းပါပြီ"

ထိုသို့ပြောပြီး စောင့်ကြရာ ညနေပိုင်းအချိန်ရောက်တော့ စောလမူးတို့လေးယောက် ပြန်ရောက်လာကြသည်။

သူတို့စီးသွားသောလှေ မဟုတ်သော်လည်း နောက်ထပ်လှေငယ်တစ်စင်းကိုစီးပြီး ပြန်ရောက်လာကြခြင်း ဖြစ်သည်။

၎င်းတို့ ကိုယ်ပေါ်မှာ ရွှံ့များရေများ ပေနေသည်မှ



www.burmeseclassic.com

www.burmeseclassic.com



အပ အခြားဒဏ်ရာဒဏ်ချက်တော့ မရှိပေ။

ထို့ပြင် သေနတ်လေးလက်လည်း ပြန်ပါလာသည်။

၎င်းတို့ ပြန်ရောက်လာသည့်အချိန်မှာ နေဝင်ရီ ရော အချိန်ဖြစ်သည်။

လှေကို တံတားမှာကပ်ခဲ့ပြီး လေးယောက်သား ဒယိမ်းဒယိုင်ဖြင့် တက်လာကြတော့ စောဘဦးက ဆီးမေး သည်။

"ဘယ်လိုဖြစ်လာကြတာလဲ"

ထိုသို့ပြောသောအခါ ရှေ့မှတက်လာသော စောလမူး က ပြန်ပြောသည်။

"ဆက်ကြေးကောက်ဖို့သွားရင်း လမုတန်းရွာ ကျော်မှာ လှေကို မိကျောင်းတစ်ကောင် တိုက်ခိုက်တာ ခံရလို့ လှေနစ်သွားခဲ့တယ်"

ထိုစကားကိုတော့ စောဘဦးက မယုံကြည်ပေ။

"လှေကတော့ ပြန်မရတော့ဘူး ဗိုလ်ကြီး၊ သေနတ် တွေပြန်ရဖို့ ကြိုးစားပြီး ကမ်းပေါ်ရောက်အောင် အနိုင်နိုင် တက်ပြေးခဲ့ရတယ်၊ ဒါကြောင့် ဒီကိုပြန်တာ နောက်ကျနေတာ ပါ"

စောလမူးက ပြောသောအခါ အနားမှာရှိသော သုံး ယောက်ကလည်း ဟုတ်မှန်ကြောင်း ဝင်ရောက်ပြောဆိုကြ လေသည်။





စောဘဦးကတော့ သူတို့ အမူအယာများကိုကြည့်ပြီး မယုံသင်္ကာ ဖြစ်နေသည်။

"မင်းတို့ပြောလို့သာ ကြားရတယ်၊ ငါကတော့ သိပ်မ ယုံဘူး၊ မိကျောင်းပေါတဲ့ အရပ်ဒေသဆိုတော့လည်း မဖြစ်နိုင် ဘူးလို့လည်း ပြောလို့မရဘူး၊ ဆက်ပြောပါဦး"

"လှေမြုပ်သွားတော့ မြပကိုးရွာဘက်သွားပြီး စုံစမ်း ကြည့်ရမှာပေါ့၊ ဒါဖြင့် အခုဘာမှ မရခဲ့ဘူးပေါ့၊ ဟုတ်လား"

သုံးယောက်စလုံး ခေါင်းညိတ်ပြကြသည်။

"ငါတို့စခန်းတွေမှာ တာဝန်တစ်ခု ပေးလိုက်လို့ အောင်မြင်အောင် မဆောင်ရွက်နိုင်တဲ့ အပြစ်ကတော့ သေ ဒဏ်ပဲ၊ ဒါကို မင်းတို့လေးယောက် သိတယ်မဟုတ်လား"

ခါတိုင်းဆိုလျှင် ထိုကဲ့သို့ အပြောခံရလျှင် ထိတ်လန့် ဖွယ်ရာဖြစ်သော်လည်း စောလမူးတို့ လေးယောက်ကတော့ ဘာမှမထူးခြားသလို မျက်နှာသေများဖြင့် ကြည့်နေကြသည်။

ကြောင်တောင်တောင်ဖြစ်နေသော ၎င်းတို့လေး ယောက်၏ မျက်လုံးများကို မြင်တွေ့ရသောအခါ သတ်ရဲ ဖြတ်ရဲသည်ဆိုသော စောဘဦးပင် စိတ်ထဲ၌ တစ်မျိုးဖြစ်သွား လေသည်။

"မင်းတို့ ကြည့်ရတာ မိကျောင်းနဲ့ တွေ့ခဲ့တာကို အစိုး ရစစ်တပ်နဲ့ ရင်ဆိုင်တွေ့ပြီး တိုက်ပွဲဖြစ်လာခဲ့သလိုပဲ အတော် သွားပျက်လာပုံရတယ်၊ ကဲ . . ကဲ . . သေနတ်တွေ ပြန်ပါလာ

www.burmeseclassic.com



တာပဲ၊ ငါ ကျေနပ်ပါတယ်၊ နောက်တော့ ဒီလိုဖြစ်တာကို ငါမကြားချင်ဘူး၊ ခိုင်းစေတာကို အောင်မြင်အောင် မလုပ်ဆေ နိုင်ရင် မင်းတို့အပြစ်ပေးခံရမယ်၊ အခုတော့ သွားနားလိုက် ကြဦး"

ထိုသို့ခွင့်ပေးလိုက်တော့မှ စောလမူးတို့ လေး ယောက်လည်း နေရာမှ ဒယိမ်းဒယိုင်နှင့် ထွက်သွားကြလေ သည်။

သူတို့ထွက်သွားတော့မှ အနားမှာရှိနေသော သံ ပချိုင်က တိုးတိုးပြောသည်။

"ဗိုလ်ကြီး သူတို့လေးယောက်ကြည့်ရတာ ပုံမှန်ေ ဟုတ်ဘူး"

"ဟုတ်တယ်. . မိကျောင်းနဲ့ တွေ့လာရုံနဲ့တော့ ဒီ လောက် ဖြစ်စရာ အကြောင်းမရှိဘူး၊ တစ်ခုခုဖြစ်လာခဲ့ပုံပဲ"

ဟု စံနက်ကျော်ကပါ ဝင်ပြောရာ စောဘဦးက မျက် မှောင်ကျုံ့ကာ စဉ်းစားနေလေသည်။

ညအချိန်ရောက်တော့ စခန်းတွင်းမှ ဆူဆူညံညံအ သံများ ကြားရလေသည်။ အသံကြားသဖြင့် ထကြည့်ကြ သောအခါ ထမင်းချက်သော အဆောင်ဘက်တွင် စောလမူး တို့ လေးယောက်စလုံးရောက်နေပြီး. . ညနေပိုင်းက စား သောက်ပြီးသဖြင့် ကျန်နေသေးသော ထမင်းဟင်း အကျန် များကို ဆောင့်ကြောင့်ထိုင်ကာ အားရပါးရ စားသောက်နေ





ကြသည်။

"မင်းတို့ဘာလုပ်နေတာလဲ"

အနားသို့ရောက်လာသော သံပချိုင်က မေးလိုက် သည်။ သို့သော် လှည့်မကြည့်ကြပေ။

"ဟေ့ကောင်တွေ ငါမေးနေတယ်လေ၊ အချိန်မတော် ကြီး ဘာလုပ်နေတာလဲ"

"ထမင်းဆာလို့ စားနေတာ"

တစ်ယောက်က ပြန်ပြောသည်။

သို့သော် လှည့်မကြည့်ပဲ ဆက်စားမြဲ စားနေကြ သည်။

"ဒီစခန်းမှာ စားသောက်ချိန်မှာပဲ စားသောက်ရမယ် လို့ ဗိုလ်ကြီးက အမိန့်ထုတ်ထားတယ်လေ၊ မင်းတို့ စည်းကမ်း ဖောက်တာပဲ"

ထိုသို့ပြောသော်လည်း ဂရုမစိုက်ကြပေ။

ထိုစခန်းတွင် တပ်ခွဲမှူး စောဘဦးပြီးလျှင် သံပချိုင်မှာ ဩဇာအာဏာရှိသူတစ်ဦးမို့ ၎င်းအမိန့်ကို နာခံကြရသည်။

ယခု စောလမူးတို့ လေးယောက်ကတော့ လုံးဝဂရုမ စိုက်ကြပဲ ချက်ထားသော ဟင်းကျန်ထမင်းကျန်များကို ဆက် စားနေကြသည်။

သို့ကြောင့် သံပချိုင်မှာ အတော်ပင်ဒေါသဖြစ်သွား ကာ အနားမှရောက်လာသူများကို အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လေးယောက်ကိုဖမ်းပြီး ကြိုးနဲ့တုပ်ထားလိုက်"

ထိုသို့ အမိန့်ပေးလိုက်သောအခါ ကျန်လူများက ဖမ်းဆီးတုပ်နှောင်ရန် အနီးသို့ ကပ်လာကြသည်။ ၎င်းတို့ အနားသို့ မရောက်မီမှာပင် စားသောက်နေသော လေးယောက်စလုံး နေရာမှထလာကြသည်။

"ဟင်. ."

ထိုအခြေအနေကြောင့် သံပချိုင်ပင် စိတ်ထဲမှ ထိတ်လန့်သွားလေသည်။

"ထမင်းမစားရတော့လည်း လူတွေပဲ စားရတော့မှာပေါ့"

"ဟီး . . ဟီး . . ဟီ"

"ဟား . . ဟား . . ဟား . . ဟား"

ဟု ပါးစပ်ကြီးများဖြဲ၍ ရယ်မောကာ အနားမှာချထားသော သေနတ်များကို ကောက်ယူကာ ပစ်ခတ်လေတော့သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . ."

တိတ်ဆိတ်နေသောအချိန်မို့ သေနတ်သံများက ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာလေသည်။ သေနတ်သံကြောင့် တော၏ ပဲတင်ထပ်သံများဆင့်ကာဆင့်ကာ ပေါ်ထွက်သွားပြီး အိပ်တန်းတက်နေသော ကြက်သံ၊ ငှက်သံများ မျောက်များ အော်သံများက တောတစ်တောလုံး ဆူညံသွားလေတော့သည်။





စောလမူးတို့လက်ချက်ကြောင့် နှစ်ယောက်သုံးယောက် လဲကျသွားကြလေသည်။

သံပချိုင်တောင် အရှောင်ကောင်းသဖြင့်သာ သီသီလေး လွဲသွားခြင်းဖြစ်သည်။ မမျှော်လင့်သော အခြေအနေကြောင့် ကျန်လူများမှာလည်း ဘေးအန္တရာယ် လွတ်ရာသို့ ရှောင်တိမ်းပြေးကြရသည်။

အိပ်နေကြသူများမှာလည်း မိမိတို့စခန်းကို အစိုးရစစ်တပ်များ ဝင်ရောက်တိုက်ခိုက်သည် ထင်သဖြင့် သေနတ်များကိုယူကာ ကပျာကယာ ထလာကြသည်။

ကြည့်လိုက်တော့ တခြားရန်သူများ မတွေ့ရပဲ သေနတ်များ အသီးသီးကိုင်ပြီး တွေ့သမျှလူတို့ကို ပစ်ခတ်နေသော စောလမူးတို့လေးယောက်ကို တွေ့ကြရသည်။

"ဘယ်လိုဖြစ်တာလဲ"

"သူတို့ပစ်လို့ နှစ်ယောက်သုံးယောက် သေပြီ၊ သူတို့ကိုပစ် . . သူတို့ကိုပစ်"

ဟု သံပချိုင်က ပြောသဖြင့် ကျန်လူများက စောလမူးတို့လေးယောက်ကို သေနတ်ဖြင့် ဝိုင်းပစ်ကြသည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း"

သေနတ်ကျည်ဆံများက စောလမူးတို့လေးယောက်ကို ထိမှန်သော်လည်း အနည်းငယ် ယိုင်သွားသည်မှလွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားခြင်းတော့ မရှိပေ။

သို့ကြောင့် သံပချိုင်တို့အားလုံး မျက်လုံးပြူးသွားကြ
သည်။

"ဘယ်လိုဖြစ်တာလဲ"

"မသိဘူး၊ သေနတ်မှန်တာတောင် မသေပါလား"

ထိုသို့ပြောနေစဉ် စောလမူးတို့ ပစ်ခတ်သော ကျည်
ဆံများကြောင့် နောက်ထပ်တစ်ယောက်နှစ်ယောက် သေ
သွားသောအခါမှာတော့ ကျန်လူများမှာ မနေဝံ့ကြတော့ပဲ
တောထဲသို့ ကစဉ့်ကလျား ထွက်ပြေးကြရတော့သည်။

ထိုညကတော့ သောင်းကျန်းသူစခန်းမှာ သွေးပျက်
ဖွယ်ရာကောင်းသော အဖြစ်များနှင့် ကြုံတွေ့ကြရလေသည်။





## အခန်း - (၁၂)

# မေတ္တာနှယ်မှ ချစ်ခြင်းသက်သေ

ထိယာလိရွာမှာ တော်ပိုင်ချောင်းရိုးတစ်လျှောက်
တွင် တည်ထားသော ရွာများထဲတွင် တစ်ရွာအပါအဝင် ဖြစ်
လေသည်။

သို့သော် အခြားရွာများနှင့် ဆက်စပ်မှုမရှိလှပဲ သီး
ခြားတည်ထားသော ရွာတစ်ရွာလည်း ဖြစ်သည်။ ထိုရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



နေကြသူ အများစုမှ ကရင်လူမျိုးများ ဖြစ်ကြသည်။ ဗမာ အပါအဝင် အခြားလူမျိုးများ ရှိသည်ဆိုသော်လည်း နည်းသည်။ တစ်အိမ်စ နှစ်အိမ်စလောက်သာ ရှိကြသည်။

မြဝင်းသူတို့က ထိုရွာမှာနေကြသည်။ မိခင်ရောဖခင်ပါ ကရင်လူမျိုးများ ဖြစ်ကြပြီး မြဝင်းသူကို ကရင်နာမည်ဖြစ်သော နော်ပလော်ဟု ခေါ်ဝေါ်ကြသည်။

မြဝင်းသူ၏ ဖခင်ဖြစ်သူ ဦးစကောက အမဲလိုက်ကျွမ်းကျင်သောကြောင့် ရရှိသော အမဲသားငါးများ ရောင်းချခြင်း၊ မွေးမြူထားသော ဝက်ကြက်များကို ရောင်းချခြင်းဖြင့် နေထိုင်စားသောက်ကြသည်။

တစ်နေ့တော့ မြဝင်းသူတို့နေသောအိမ်သို့ လူသုံးယောက်ရောက်လာကြလေသည်။ အခြားတော့မဟုတ်ပေ။

မြပဂိုးရွာမှလာကြသော ဦးမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင်ဖြစ်သည်။ လှေတစ်စင်းဖြင့် ရောက်လာကြခြင်းဖြစ်သည်။

"ဟင်. . နီမောင်တို့ပါလား၊ ငါ့ဆီလာလည်ကြတာလား"

"အေး. . ဟုတ်တယ်၊ ဟိုဘက်ရွာက ပြန်လာရင်းနဲ့ နင့်ကိုသတိရလို့ ဝင်လာတာ"

ထိုစကားကြောင့် မြဝင်းသူ မျက်နှာပေါ်မှာ ကျေနပ်သောအပြုံးရိပ်ကလေးများ ပေါ်လာသည်။





နီမောင်က အိမ်အခြေအနေကိုကြည့်တော့ တိတ်ဆိတ်ငြိမ်သက်နေသည်။

မြဝင်းသူတို့အိမ်မှာ ခြေတံရှည်အိမ်ဖြစ်ပြီး အပေါ်၌သူနေကာ အောက်၌ ခြံများခတ်ကာ ကြက်၊ ဝက်များ မွေးထားကြသည်။

"ဘယ်သူမှ မရှိကြဘူးလား"

"ငါ့အမေနဲ့ မောင်လေးက တောထဲသွားကြတယ်၊ အမေက ရွာထဲခဏသွားတယ်၊ နင်တို့သုံးယောက်က တခါတလေမှ လာကြတာဆိုတော့ ငါ ထမင်းချက်ကျွေးလိုက်မယ်၊ ထမင်းစားပြီးမှ ပြန်ကြ"

ဟုပြောရာ နီမောင်တို့ကလည်း မငြင်းဆန်ပဲ ပြိုင်တူပင် ခေါင်းညိတ်ပြကြလေသည်။

မြဝင်းသူက ကျပ်စင်ပေါ်မှာ တင်လှမ်းထားသော ဆတ်သားခြောက်များကို ဟင်းချက်ရန်အတွက် ပြင်ဆင်နေသည်။

မီးဖိုရှိသောနေရာမှ ကွပ်ပျစ်ချထားသော နေရာနံဘေးတွင် ရှိသောကြောင့် ဟင်းချက်နေရင်းနှင့် စကားပြောခဲ့ရသည်။ စောထီးနှင့် ငမဲအောင်တို့က မွေးထားသော ဝက်နှင့် ကြက်များကို လိုက်ကြည့်နေကြသည်။

"ငါ နင့်ဆီလာတာ တခြားမဟုတ်ဘူး၊ ပြောစရာရှိလို့လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com


"ပြောလေ"

မြဝင်းသူက လှည့်မကြည့်ပဲ ပြန်ပြောသည်။

"တခြားမဟုတ်ဘူး၊ အခုတလော သောင်းကျန်းသူ တွေနေတဲ့ စခန်းဘက်တွေမှာ ညတိုင်း သေနတ်သံတွေ ကြား နေရတယ်၊ တိုက်ပွဲတွေ ဖြစ်နေသလားမသိဘူး"

"ဟုတ်မှာပေါ့"

"နောက်ပြီး သောင်းကျန်းသူတွေကလည်း ဒီနားတင် ဝိုက်တွေမှာ အတော်ကလေး ခြေရှုပ်တယ်၊ တွေ့သမျှလူ တွေကိုလည်း သူတို့မေးတာမပြောရင် သတ်ပစ်နေကြတယ် အဲဒါ နင် အခုတလော အရဲစွန့်ပြီး သွားလာမနေဖို့ ငါလာပြီး သတိပေးတာ"

မြဝင်းသူက ဟင်းအိုးပြင်ပြီး မီးဖိုပေါ် တင်ထားလိုက် ပြီးမှ နီမောင်ဘက် လှည့်လာပြီး မေးသည်။

"နင်က ငါ့အတွက် စိတ်ပူနေလို့လား"

"စိတ်ပူလို့ အခုလို တကူးတက လာပြောတာပေါ့"

"ဒီလိုဆိုရင်တော့ ကျေးဇူးတင်ရမှာပေါ့"

မြဝင်းသူက အပြုံးတစ်ဝက်ဖြင့်ပြောရာ နီမောင်စိတ် ထဲ၌ ကသိကအောက် ဖြစ်သွားလေသည်။

"နင်က ငါပြောတာ မယုံလို့လား"

"ယုံပါတယ် နီမောင်ရယ်၊ ငါ့အပေါ် အခုလို စိတ်ပူ ပေးတာ နင်တစ်ယောက်ပဲရှိသေးလို့ တကယ်ကျေးဇူးတင်လို့ ပြောတာပါ"

"ဒီလိုဆိုရင်တော့ ဝမ်းသာရမှာပေါ့"

"ဟင်. . ဘာဖြစ်လို့လဲ"

"စိတ်ပူပေးမယ့်သူ မရှိသေးဘူးဆိုတော့ ငါ လွတ် လွတ်လပ်လပ် စိတ်ပူပေးလို့ ရတာပေါ့"

"နင့်စကားကလဲ"

မြဝင်းသူက ပြောရင်း မီးဖိုဖက်လှည့်ကာ မီးတောက် နေသော မီးစကိုဆွရင်း မဆူသေးသော ဟင်းအိုးကို လက်ခု အဝတ်နှင့် မကိုင်ပဲ ယောင်ယမ်းပြီး ဖွင့်ကြည့်သည်။ လက် သွားတော့မှ ချက်ချင်းပြန်ချသည်။

"လက်ပူသွားပြီလား၊ ငါပြောတာရော နင်သိရဲ့လား"

"ဘာပြောမှန်းမှ မသိတာ၊ ငါ ဘယ်လိုသိမှာလဲ"

"ငါ နင့်အတွက် စိတ်ပူတယ်ဆိုတာ နင့်ကို သဘော ကျနေလို့ပေါ့၊ ဒါကြောင့် တခြားလူတွေ ဒုက္ခပေးမှာကို စိတ်ပူ တာပေါ့၊ နင့်သဘောကရော"

မြဝင်းသူက အတော်ကြာအောင် ငြိမ်နေပြီးမှ ပြန် ပြောသည်။

"တစ်လောက နင်တို့ရွာဘက်က ပြန်လာတုန်းက လမ်းမှာ သောင်းကျန်းသူတွေနဲ့ တွေ့သေးတယ်၊ သူတို့က ငါ့ကို ယောက်ျားရှိလားလို့ မေးတော့၊ ငါက ရှိတယ်လို့ ပြန် ပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က မျက်လုံးအပြူးသားဖြင့် နားထောင်နေသည်။

"လမ်းရောက်တော့ ငါ့မောင် ကရင်လေးကမေးတယ်"

"ဘယ်လိုမေးတာလဲ"

"အစ်မယောက်ျားဆိုတာ ကိုနီမောင်ကို ပြောတာလားတဲ့၊ သူက ငါတို့နှစ်ယောက်ကို ရည်းစားဖြစ်နေတယ်လို့ ထင်နေတာ"

ထိုစကားကြားတော့မှ နီမောင်က စိတ်သက်သာရာရသွားတန်ဖြင့် ရယ်လိုက်သည်။

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

"မပြောပါဘူး၊ သူထင်သလိုမှ မဟုတ်တာ"

"အခုတွေ့ရင်ကော ဘယ်လိုပြောမှာလဲ"

"ဒါတော့ ငါ စဉ်းစားရဦးမှာပေါ့"

ဟုပြောရာ နီမောင်လည်း ဆက်မပြောသာတော့ပေ။

ထိုအခိုက်မှာပင် တောထဲသွားသည်ဆိုသော ကရင်လေး အမောတကောဖြင့် ပြန်ရောက်လာသည်။

ဦးစကောတော့ ပါမလာပေ။

"ကရင်လေး အဖေ ဘယ်မှာကျန်ခဲ့သလဲ"

မြဝင်းသူက မေးလိုက်သည်။





"ငါတို့ တောထဲက ပြန်လာဖို့ ပြင်နေတုန်း သောင်းကျန်းသူတွေ ရောက်လာကြတယ်"

"ဟင်. ."

ထိုစကားကြောင့် မြဝင်းသူရော အနားမှာရှိနေသော နီမောင်ပါ မျက်လုံးပြူးသွားလေသည်။

"အခုဘယ်မှာလဲ"

"အဖေ့ကို သူတို့ဖမ်းခေါ်ထားပြီး စစ်မေးနေကြတယ်"

"မင်းက ဘယ်လိုပြန်လာတာလဲ"

"သူတို့မသိခင် ထွက်ပြေးလာတာ အဖေတော့ သူတို့မေးတာတွေမပြောရင် သတ်ပစ်ကြတော့မယ်ထင်တယ်"

ဟု ကရင်လေးက ကြောက်လန့်တကြား ပြောပြသည်။ ထိုစကားကြားတော့ မြဝင်းသူကလည်း မျက်လုံးပြူးနေသည်။

"ဘယ်လိုလုပ်ကြမလဲ နီမောင် လုပ်ပါဦး"

ထို့ကြောင့် နီမောင်က စောထီးနှင့် ငမဲအောင်တို့ကို ယူခေါ်ပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

"မင်း ဘယ်လိုလုပ်ချင်သလဲ"

"ငါတို့ တောထဲလိုက်သွားရင် ကောင်းမယ်"

"ဒါပေမယ့် ငါတို့မှာ ဘာလက်နက်မှ မပါတော့ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြဝင်းသူကို မေးလိုက်သည်။

"ဒီမှာ ဘာလက်နက်တွေ ရှိသလဲ"

"အဖေကိုင်တဲ့ ဓားလုံနဲ့ ဒူးလေးတွေ လင်းလေးတွေ ပါရှိတယ်"

"ဒီလောက်နဲ့ဆိုရင် ရပြီ၊ ငါတို့သုံးယောက် တော လိုက်သွားကြမယ်"

"သူတို့နဲ့တွေ့တော့ ဘယ့်နှယ်လုပ်မလဲ"

"တွေ့တော့လည်း အမဲလိုက်တာလို့ ပြောမှာပေါ့"

"နင်တို့သွားရင် ငါလည်းလိုက်မယ်"

ပထမတော့ နီမောင်က တားဖို့စိတ်ကူးမိသေးသည်။ နောက်မှ မသင့်မှန်းသိသဖြင့် မြဝင်းသူကိုပါ ခေါ်သွားရန် သဘောတူလိုက်သည်။

ထို့နောက် ဓားလုံလေးများတို့ကိုယူပြီး တောထဲသို့ ပြန်ဝင်ကြလေသည်။ မြဝင်းသူနှင့် ကရင်လေးတို့ မောင်နှမ ပါလာသောကြောင့် ငါးယောက်ဖြစ်သွားသည်။

နီမောင်က လင်းလေးတစ်လက်ကိုင်ပြီး စောထီးနှင့် ငမဲအောင်တို့မှာ ဒူးလေးတစ်လက်နှင့် အဆိပ်လူးမြှားတံများ ပါလာကြသည်။ ထိုမြှားတံများတွင် မုဆိုးများ အသုံးပြုသော ထိသေအဆိပ်လူးမြှားတံများလည်း ပါသည်။

နီမောင်က လေးနှင့်မြှား အသုံးပြုရသည်ကို များစွာ သဘောကျသူဖြစ်ပြီး ပစ်လျှင်လည်း လက်ဖြောင့်သူဖြစ်





သည်။

ကရင်လေး ပြန်ပါလာသောကြောင့် အချိန်သိပ်မကြာခင်မှာပင် ဦးစကောအား ဖမ်းခေါ်ထားသောနေရာနှင့် နီးမဝေးနေရာသို့ ရောက်သွားကြသည်။

"သူတို့က ဘယ်နှစ်ယောက်လဲ"

ကရင်လေးက လက်ငါးချောင်း ထောင်ပြသည်။

"ဒါဖြင့် ဒီလိုလုပ်"

နီမောင်က အစီအစဉ်များကို ပြောပြပြီး မြဝင်းသူတို့ မောင်နှမကို အရင်လွှတ်လိုက်လေသည်။

သူတို့ရောက်နေသော နေရာမှာ မဝေးတော့သဖြင့် ဆူဆူညံညံ ပြောဆိုနေသော စကားသံ အချို့ကိုပင် ကြားနေရပေပြီ။

ထိုနေရာမှာတော့ သောင်းကျန်းသူ ငါးယောက်က ဦးစကောကို ကြိုးဖြင့် တုပ်ထားပြီး စစ်မေးနေကြသည်။

"မင်းတို့ရွာကို ဟိုတလောက ငါတို့စခန်းက လူလေးယောက် လာတယ်မဟုတ်လား"

"ငါမတွေ့ဘူး"

ဦးစကောမှာ ရိုက်နှက်ခံထားရသဖြင့် မျက်နှာမှာ သွေးများစီးကျနေလေသည်။

"သူတို့ကို ဖုတ်ကောင်တွေလိုဖြစ်အောင် လုပ်လိုက်တာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမသိဘူး"

"ဖြောင်း. . ဖြောင်း"

"ဘုန်း. . ဘုန်း"

မျက်နှာကို လက်ပြန်ရိုက်သည့်အပြင် ခြေထောက်နှင့်ပါ ဆောင့်ကန်လိုက်သောကြောင့် ကနစိုငုတ် (ငရဲငုတ်ဟုလည်း ဒေသအခေါ်ရှိသည်။)များပေါ်သို့ လဲကျသွားသည်။

"သိရက်သားနဲ့ မပြောပဲထားရင် မင်းကိုလည်း သတ်မယ်၊ မင်းတို့ တစ်ရွာလုံးကိုလည်း အားလုံးသတ်ပြီး မီး…ပစ်မယ်"

ဟု ခေါင်းဆောင်လုပ်လာသော ညိုထွန်းက ပြော…သည်။ ဦးစကောကတော့ ဘာမှပြန်မပြောပဲ ပါးစပ်တွင်း…သွေးများကို ထွီကနဲ ထွေးထုတ်လိုက်သည်။

ထိုအခိုက်မှာပင် သူတို့ရှိရာဘက်သို့ လာနေသော… ခြေသံကြားသဖြင့် သေနတ်များဖြင့် ချိန်ထားလိုက်ကြသည်။

ခဏကြာတော့ သစ်ပင်များကြားမှ မြဝင်းသူနှင့် …ရင်လေးတို့ ထွက်လာကြသည်။ မြဝင်းသူကိုမြင်တော့ ညို…ထွန်းက စားတော့ဝါးတော့မတတ် အကြည့်မျိုးဖြင့် ကြည့်ရင်း… မေးလိုက်သည်။

"နင်တို့ ဘယ်သူတွေလဲ"

"ငါ့အဖေကို အပြစ်မရှိပဲ ဘာကြောင့် နှိပ်စက်နေ…တာလဲ"





မြဝင်းသူ အသံကြားတော့ ညိုထွန်းပင် အံ့ဩသွားသည်။

"လေသံက မာလှချေလား၊ နင့်အဖေကို သိချင်တာတွေမေးနေတာ မရရင်တော့ နင့်ရှေ့မှာတင် သတ်ပြမယ်"

"နင်တို့ လက်ခုပ်ထဲက ရေပဲ၊ လုပ်ချင်သလိုလုပ်ပေ့ါ"

ညိုထွန်းက သေနတ်ကိုထမ်းထားပြီး မြဝင်းသူအနားလျှောက်လာသည်။ အနားရောက်တော့ လက်ကိုကိုင်လိုက်သည်။ မြဝင်းသူက ဆောင်ရုန်းလိုက်သည်။

"နင်က ကျားသစ်တစ်ကောင်လို ကြမ်းတာပဲကိုး၊ ငါတလည်း ဒီလိုသွေးကောင်းတဲ့ မိန်းမမျိုးမှ သဘောကျတယ်၊ သူ့လက်နှစ်ဖက်ကို ကြိုးတုပ်လိုက်စမ်း"

ဟု အမိန့်ပေးသဖြင့် သောင်းကျန်းသူ နှစ်ယောက်က မြဝင်းသူကို လက်ပြန်ကြိုး တုပ်ပေးလိုက်သည်။

ထို့နောက် ညိုထွန်းက မြဝင်းသူကို သစ်ခြုံများနောက်သို့ အတင်းဆွဲသွင်းသွားလေသည်။

"နင် ဘယ်လောက်မာနိုင်မလဲ ကြည့်ကြသေးတာပေါ့၊ ကျားရှေ့မှောက်ကိုမှ ရောက်လာတဲ့ သမင်မလေးရေ"

ဟုပြောပြီး အမွေပြုကျင့်ရန် ပြင်နေစဉ်မှာ ခြုံထဲကထွက်လာသော မြွေးတံတစ်ချောင်းက ညိုထွန်းကျောပြင်ကိုစိုက်ဝင်သွားရာ အင့်ကနဲသာ ညီးညူနိုင်ပြီး ပုံရက်သား လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးပုတင်း သည်းခြေလိုမျိုး ပြင်းထန်လှသည့် အဆိပ်မျိုးပါသော ထိသေအဆိပ်ထိသည်နှင့် မိနစ်ပိုင်းသာ အသက်ရှင်နိုင်ပြီး ဇက်ကျိုးကျသွားတော့သည်။

ထိုအခါမှ တောထဲမှ နီမောင်ထွက်လာပြီး မြဝင်းသူကို ကြိုးဖြေပေးလိုက်သည်။

ထိုသို့ဖြေပေးပြီး မြဝင်းသူကို နေရာမှာတင် ထိုင်ခိုင်းထားကာ အသံပေးလိုက်သည်။

"နောက်တစ်ယောက်လာဟေ့"

ထိုအသံကြားသည်နှင့် သေနတ်လွယ်ထားသော နောက်တစ်ယောက်က ကမူးရှူးထိုးဖြင့် ဝင်လာရာ သစ်ပင်ကွယ်မှာ အသင့်စောင့်နေသည့် ဓေတီးလက်ချက်မိပြီး ပုံလဲကျသွားလေသည်။

ကြိုးတုပ်ထားသော ဦးစကောနံဘေးတွင် ကရင်လေးရှိနေသည်။ ထိုနေရာနှင့် မနီးမဝေးမှာ သောင်းကျန်းသူ သုံးယောက်သာ ကျန်တော့သည်။

၎င်းတို့ကလည်း သူတို့အလှည့်ကို စောင့်နေကြသည်။ သို့သော် ရောက်လာသည်က သူတို့မျှော်လင့်နေသော အရာမဟုတ်ပဲ သေမင်း ဖြစ်တော့သည်။

မနီးမဝေးမှ အသီးသီး ထွက်လာသော မြှားချက်များ ထိပြီး သေနတ်ကိုပင် အသုံးပြုခွင့် မရလိုက်ကြပဲ လဲကျသွားလေတော့သည်။





ဦးစကောကတော့ ထိုမြင်ကွင်းကိုမြင်တော့ အံ့သြနေလေသည်။

နီမောင်တို့ထွက်လာတော့ ကရင်လေးက ဦးစကောကို ကြိုးဖြေပေးလိုက်သည်။

"အခုလိုကယ်တာ ကျေးဇူးတင်ပါတယ်ကွာ၊ ဒါထက် မင်းတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က မြပဂိုးရွာကပါ"

"မြပဂိုးကဆိုတော့ ငါ့သမီးနဲ့ ရည်းစားဖြစ်နေတာ ဘယ်သူလဲ"

"အို . . အဖေကလဲ"

ဦးစကောက ကရင်ပီပီ ပွင့်ပွင့်လင်းလင်း မေးလိုက်ရာ မြဝင်းသူမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။

"မသိပါဘူးကွာ . . ကရင်လေးပြောလို့ သိရတာပါ၊ ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့၊ ငါကတော့ သဘောတူမှာပါ၊ ဒါထက် ဒီလိုဖြစ်ပြီဆိုတော့ ငါတို့ရွာမှာ ဆက်နေလို့တော့ မသင့်တော့ဘူး၊ တော်ကြာ သောင်းကျန်းသူတွေ အုံနဲ့ကျင်းနဲ့ ရောက်လာပြီး တစ်ရွာလုံးသတ်တော့မှာ သေချာတယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ အဖေ"

"ရွာကလူတွေကို အကျိုးအကြောင်း ပြောပြရမှာပေါ့၊ ဒါမှလည်း သူတို့လည်း သင့်တော်တဲ့နေရာ ပြောင်းရွှေ့ကြပစေပေါ့၊ ငါတို့လည်း ပြောင်းရမယ် . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာ ပြောင်းကြမလဲ"

"ဒါတော့ ဘယ်သိပ့်ါမလဲ"

ထိုအခါ နီမောင်က ဝင်ပြောသည်။

"ဦးကြီးတို့ပြောင်းရင် ကျွန်တော်တို့ရွာကိုသာ လိုက်ခဲ့ပါ။ ဟိုမှာ နေရထိုင်ရတာ စိတ်ချရတယ်"

"မင်းစီစဉ်ပေးရင်တော့ လိုက်ခဲ့ရုံပေါ့"

"စိတ်မပူပါနဲ့ ကျွန်တော်စီစဉ်ပေးပါ့မယ်"

"မင်းက ငါ့သမီးရဲ့ရည်းစားထင်တယ်၊ မင်းလို အား ကိုးရတဲ့လူမျိုး ရတော့လည်း ကောင်းတာပေါ့ကွာ"

နီမောင်က မြဝင်းသူကိုကြည့်ပြီး ပြုံးပြလိုက်ရာ မြဝင်း သူက မျက်စောင်းထိုးလိုက်လေသည်။

ထို့နောက်မှာ သောင်းကျန်းသူများကိုင်သော သေ နတ်များကိုယူ၍ အလောင်းများကို သစ်ချုံများအတွင်း ဆွဲ သွင်းကာ ဖျောက်ဖျက်ပစ်ခဲ့ကြပြီး ရွာဘက်သို့ ပြန်လာကြ လေသည်။





အခန်း - (၁၃)

# တမလွန်ဘဝမှ ကလဲ့စားချေမည့်သူများ

ယခု ရကင်ပိုင်းလပ်ပိုင်းများအတွင်းမှာ သောင်း ျန်းသူအဖွဲ့များ ကြမ္မာဆိုးများနှင့် ကြုံတွေ့နေကြရသည်။

ထိုနယ်များတစ်ဝိုက်သို့ လှည့်လည်ပြီး ဆက်ကြေး ောက်ခံရန် သွားသောအဖွဲ့များ ပြန်မရောက်လာကြခြင်း ်ဖြစ်သည်။ အချို့အဖွဲ့များက ပြန်ရောက်မလာကြပေ။ ချို့ကတော့ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပုံမှန်မဟုတ်ပဲ ဖုတ်ကောင်များအဖြစ်နှင့် ပြန်ရောက်လာကြခြင်းဖြစ်ပြီး သူတို့ကိုပြန်ပြီး ဒုက္ခပေးကြခြင်း ဖြစ်သည်။

တစ်လောကလည်း သောင်းကျန်းသူများ စခန်းချနေ သောနေရာသို့ ဖုတ်ဝင်နေသော လူလေးယောက် (စောလူ တို့လေးယောက်) ပြန်ရောက်လာပြီး သေနတ်ဖြင့်ပစ်သော ကြောင့် စခန်း၌ရှိသော လူအချို့ သေကြရသည်။

သို့နှင့် မအေးသေးပဲ မကြာခဏဆိုသလို ဖုတ်ဝင် နေသူများ ရောက်လာပြီး ဒုက္ခပေးသဖြင့် အထိတ်ထိတ်အ လန့်လန့် ဖြစ်နေကြရသည်။

၎င်းတို့သတ်ဖြတ်ခဲ့သော ရွာသားများမှာ မကြာခဏ ဆိုသလို ဖုတ်ကောင်ဘဝဖြင့် ပြန်ရောက်လာကာ တွေ့သမျှ လူကို သတ်ဖြတ်ကြခြင်းဖြစ်သည်။

ဖုတ်ကောင်များက တခြားရန်သူများနှင့် မတူပေ၊ သေနတ်ဖြင့် ပစ်၍လည်း မသေ၊ ဓားနှင့် ခုတ်၊ တုတ်ဖြင့်ရိုက် သော်လည်း မရပဲရှိကြလေသည်။

သို့ကြောင့် စောဘဦးတို့ စခန်းချနေသော နေရာများ မှာ ဒုက္ခရောက်နေကြခြင်း ဖြစ်သည်။

ထိုသို့ ဘေးအန္တရာယ်ကြုံတွေ့ရသော်လည်း ရွာများ သို့ မသွားပဲနေ၍ မရပြန်ပေ။

သူတို့လို သစ်တောကြီးများအတွင်း၌ ပုန်းအောင်းနေ





သူတို့အတွက် စားနပ်ရိက္ခာရဖို့က တောထဲ၌မရပေ။

ကျေးရွာများကို သွားမှသာ ရကြသည်။

ပေးချင်သည်ဖြစ်စေ၊ မပေးချင်သည်ဖြစ်စေ၊ ဆန် ဝါးနှင့် စားနပ်ရိက္ခာများကို အတင်းအဓမ္မယူမှသာ စား သောက်စရာ ရကြလေသည်။

သို့ကြောင့် ဘေးအန္တရာယ်များနှင့် တွေ့နေကြရ သော်လည်း သွားမြဲသွားကြရသည်။ တစ်ခုခက်တာက သူတို့ ရင်ဆိုင်နေရသော အန္တရာယ်က အစိုးရစစ်တပ်လည်းမ ဟုတ်၊ ပုလိပ်အဖွဲ့များလည်းမဟုတ်၊ ပြည်သူ့စစ်အဖွဲ့များ လည်းမဟုတ်ပဲ ဖုတ်ဝင်နေသူများ ဖြစ်သဖြင့် အခက်တွေ့ နေကြခြင်း ဖြစ်သည်။

သောင်းကျန်းသူစခန်းကို ခေါင်းဆောင်နေသူ စော ဘဦးမှာ တိုက်ပွဲများစွာ တိုက်ခိုက်ခဲ့ဖူးသူဖြစ်ပြီး အတွေ့ အကြုံများသူတစ်ဦးလည်း ဖြစ်သည်။

ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရမှာလည်း မကြောက်ရွံ့ ပေ။ ယခုအခါမှာတော့ . . သူရင်ဆိုင်နေရသော ရန်သူမှာ သေနတ်ကိုင်ပြီး တိုက်ခိုက်နေသူများထက် ပိုမိုကြောက်စရာ ကောင်းသောရန်သူ ဖြစ်နေလေသည်။

ထို့အတွက် စောဘဦးမှာ များစွာမကျေမနပ် ဖြစ်နေ ရသည်။

"ငါ တစ်သက်မှာ တိုက်ပွဲတွေအတော်များများ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခဲ့ဖူးပါတယ်၊ အခုလိုရန်သူမျိုးတော့ တစ်ခါမှ မကြုံခဲ့သေးဘူး"

"ဒီဖုတ်ကောင်တွေ ရောက်ရောက်လာတာ တစ်ယောက်ယောက်က လုပ်ပေးနေတာ ဖြစ်မယ်ထင်တယ်၊ သေပြီးသား လူတွေကတော့ သူ့တို့ဖာသာထလာနိုင်ကြမှာ မဟုတ်ဘူး"

"အဲဒါကို မင်းတို့သိအောင် ရှာဖွေစုံစမ်းရမှာပေါ့၊ ငါ့အထင် ပြောရရင်တော့ ဒီလိုလုပ်နေတဲ့လူက ထော်ပိုင်ချောင်းတစ်လျှောက်မှာရှိတဲ့ ရွာတစ်ရွာက ဖြစ်မှာပေါ့"

"အခုလည်း ထိယာလိရွာဘက် သွားကြတဲ့ ညီထွန်းတို့လေးယောက်စလုံး ပြန်မရောက်လာကြပြန်ဘူး ဗိုလ်ကြီး"

"ဒီလိုဆိုရင် မင်းလိုက်သွားပြီး စုံစမ်းကြည့်၊ မသင်္ကာတဲ့လူတွေ့ရင် တစ်ခါတည်းသာသတ်၊ တစ်ရွာလုံး မသင်္ကာရင် တစ်ရွာလုံးသတ်ပြီး မီးရှို့ပစ်ခဲ့"

"ကောင်းပါပြီ"

သံပချိုင်ကတော့ ထိုကဲ့သို့ အာဏာရန်လုပ်ခွင့်ရသဖြင့် အတော်ပင် ကျေနပ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ပင်ကိုယ်စိတ်က လူတွေကို နှိပ်စက်လိုသည့် စိတ်မျိုး ရှိနေသောကြောင့် ဖြစ်သည်။

စောဘဦးထံမှ အမိန့်ရသောအခါ သံပချိုင်သည် ၎င်းလက်ထောက် စံနက်ကျော်အပါအဝင် လူအတော်များများကိုပါခေါ်ပြီး လှေနှစ်စင်းနှင့် ထိယာလိရွာဘက်သို့ သွားကြလေသည်။ ၎င်းတို့နှင့်အတူ သေနတ်များလည်း အပြည့်အစုံ ပါသွားကြသည်။





ထိယာဘိရွာရောက်တော့ လူတစ်ယောက်မှ မရှိတော့ပေ။

ထို့တူ မွေးထားသော ကြက်ဝက်စသော တိရိစ္ဆာန်များလည်း မတွေ့ရတော့ပေ။

"လူတစ်ယောက်မှ မရှိတော့ဘူး၊ တဲတွေပဲ ကျန်တော့တယ်"

"အဲဒီတဲတွေကို တစ်လုံးမှ မကျန်အောင် မီးနဲ့ရှို့ပစ်ကြစမ်း"

ဟု အမိန့်ပေးလိုက်သည်နှင့် လူမနေသောတဲများကို မီးရှို့ကြလေသည်။ ထိုသို့မီးရှို့ပြီးနောက် ရှေ့သို့ဆက်သွားကြရာ လမုတန်းရွာသို့ ရောက်သွားသောအခါ လူအတော်များများ မရှိကြတော့ပဲ ယောကျ်ားအချို့လောက်သာ တွေ့ရသည်။ မိန်းမနှင့် ကလေးများ မရှိတော့ပေ။

သို့ကြောင့် တွေ့သမျှ ယောကျ်ားများကို ဖမ်းဆီးကာ စစ်မေးကြသည်။

"ဒီရွာကလူတွေ ဘယ်ရောက်ကုန်ပြီလဲ"

"တခြားကို ပြောင်းသွားကြပြီ"

"ဘာဖြစ်လို့ ပြောင်းသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှိပ်စက်မှာကြောက်လို့"

"ငါတို့က ဘယ်သူမှ အကြောင်းမဲ့ နှိပ်စက်နေကြ မဟုတ်ဘူး၊ အခုရက်မှာ မင်းတို့ရွာကို ငါတို့စခန်းကလူ လာကြသလား"

"မလာကြပါဘူး"

"မှန်တာကိုပြောနော်၊ မမှန်တာပြောရင်တော့ အား လုံးသတ်ပစ်မယ်၊ မင်းတို့ရွာမှာ ဖုတ်သွင်းတတ်တဲ့ဆရာ ရှိ လား"

"မရှိဘူး၊ မြွေကုနိုင်တဲ့ဆရာပဲ ရှိတယ်"

"အဲဒီလို လုပ်တတ်တဲ့ဆရာမျိုး ဘယ်ရွာမှာ ရှိသ"

"မသိပါဘူး"

သံပချိုင်ကတော့ ထိုရွာသားများ လိမ်ညာပြော မှန်း ရိပ်မိလေသည်။ သို့ကြောင့် နောက်မှပါလာသူမျ နည်းအမျိုးမျိုး နှိပ်စက်ပြီး လိုချင်သောအဖြေရအောင် မေးခိုင်းသည်။ ထိုသို့စစ်မေးသော်လည်း ရွာသားများက ယောက်မှ ဖွင့်မပြောကြပေ။

နောက်ဆုံး မေးမရသောအခါ အားလုံးကိုသတ်ပြ ပြီး အချို့အလောင်းများကို ချောင်းကမ်းပါးတစ်လျှော တွဲလောင်းဆွဲထားသည်။ အချို့အလောင်းများကိုတော့ စင်တင်ထားခဲ့သည်။

အချို့ကိုတော့ ခေါင်းဖြတ်ပြီး ခေါင်းပြတ်များကို





ချွန်ဖြင့်ထိုး၍ ကမ်းဘေး၌ ထောင်ထားခဲ့ကြပြီး ပြန်သွားကြ လေသည်။

လမုတန်းရွာမှာ ကျန်ခဲ့သောလူများ အသတ်ခံရ သောသတင်းကို နေ့မကူးခင်မှာပင် အခြားရွာများက သ တင်းကြားရလေသည်။ သားငါးရှာဖွေပြီး ပြန်လာကြသူများ က ချောင်းကမ်းနံဘေးတွင် ဆွဲထားသော အလောင်းများကို တွေ့ခဲ့သောကြောင့် ပြန်ပြောသဖြင့် တစ်ဆင့်စကားဖြင့် သိကြ ခြင်းဖြစ်သည်။

ထိုသတင်းကို မြပင်ကိုးရွာမှ လူများလည်း ကြားသည်။

ထော်ပိုင်ရွာမှလူများလည်း သတင်းကြားသည်။

သို့ကြောင့် ရွာလူကြီးချင်းတွေ့ကာ ညှိနှိုင်းတိုင်ပင်ကြ ရလေသည်။ မြပင်ကိုးရွာလူကြီးမှာ ဦးစံမြိုင်ဖြစ်သည်။

ဦးစံမြိုင်က နီမောင်၊ စောထီး၊ ငမဲအောင်စသော လူငယ်လူရွယ်များပါခေါ်ပြီး ထော်ပိုင်ရွာသို့သွားကာ ရွာလူ ကြီး ဦးမွန်ထော်နှင့်အတူ ဦးဇန်ကောင်း အပါအဝင် အခြားလူ အတော်များများ ရှိနေကြသည်။

ငင်းတို့ကလည်း မြပင်ကိုးရွာမှလူများ လာကြမည့်သ တင်း ကြားသဖြင့် အဆင်သင့် စောင့်နေကြခြင်းဖြစ်သည်။

ဦးစံမြိုင်နှင့် ဦးမွန်ထော်တို့မှာ သိကျွမ်းခင်မင်ပြီးသား ဖြစ်သလို ရွာသူရွာသား အချင်းချင်းလည်း သိကျွမ်းပြီးသား ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များ ရောက်လာသောအခါ ဦးမွန်ထော်က ရွာအဝင်အထွက်တွင် ကင်းများချထားပြီးမှ လျှို့ဝှက်သောနေရာ၌ ဆွေးနွေးတိုင်ပင်ကြခြင်း ဖြစ်သည်။

"ကြားရတဲ့သတင်းကတော့ တယ်မကောင်းလှဘူး ဦးမွန်ထော်ရေ၊ ဒီရွာက လူတွေလည်း ကြားပြီးရောပေါ့၊ လမ်းတန်းတစ်ရွာလုံးတော့ အသတ်ခံကြရပြန်ပြီတဲ့"

"ကြားပြီးပါပြီဗျာ၊ ဒါတောင် မိန်းမနဲ့ကလေးတွေ အပါအဝင် အတော်များများတောင် ရှောင်နေလို့ လွတ်သွားကြတယ်လို့ ကြားတယ်"

"အတော်ရက်စက်ယုတ်မာတဲ့ လူတွေပဲဗျာ၊ လက်နက်အားကိုးနဲ့ အပြစ်မရှိတဲ့ လူတွေကိုချည်း လိုက်သတ်နေတော့တာပဲ"

"ဒါတွေကလည်း တစ်နေ့တော့ သူတို့အပေါ်ပြန်ပြီး ဝင့်လည်မှာပါ၊ သူတို့သတ်တဲ့လူတွေက သူတို့ကို ထမင်းကျွေးခဲ့ဖူးတဲ့ လူတွေချည်းပဲ"

"ဒါက အရေးမကြီးဘူး ဦးမွန်ထော်ရဲ့၊ ဒီအန္တရာယ်တွေက မကြာခင်မှာ ကျုပ်တို့ရွာတွေဘက် ရောက်လာတော့မှာအသေအချာပဲ၊ ဒီတော့ သူတို့ မလာခင် ကျုပ်တို့ဘက်က ပြင်စရာရှိတာတွေပြင်ဖို့ ခင်ဗျားတို့နဲ့ တိုင်ပင်ရအောင် လာခဲ့တာပဲ"

ဟုပြောဆိုကာ ကြိုတင်ပြုလုပ်မည့် အစီအစဉ်များကို





တိုင်ပင်ဆွေးနွေးကြလေတော့သည်။

ထိုသို့တိုင်ပင်ဆွေးနွေးသောအခါ အနားမှာရှိနေကြသည့် ရွာသူရွာသားများကပါ ၎င်းတို့ အစီအစဉ်များကို ဝင်ရောက်ပြောဆိုကြသည်။ အခြားအကြောင်းများ ဆွေးနွေးတိုင်ပင်ကြပြီးသောအခါ ဦးဇန်ကောင်းက ဝင်ပြောသည်။

"အခုတလော . . ကျုပ်တို့လုပ်တဲ့ အစီအစဉ်တွေကြောင့် သောင်းကျန်းသူတွေ အတော်ကလေး အထိနာနေကြတယ်ဗျ"

ဦးဇန်ကောင်း ပြောသောအဓိပ္ပါယ်ကို ဦးမွန်းထော်တို့က သဘောပေါက်ကြသော်လည်း မြပဂိုးရွာဘက်မှ လာကြသည့် ဦးစံမြိုင်တို့ကတော့ မသိကြသေးသဖြင့် ဦးမွန်ထော်က တိုးတိုးတိတ်တိတ် ပြောပြလိုက်လေသည်။

ထိုသို့ပြောပြတော့မှ နီမောင်တို့လည်း သိကြရသည်။

"ဆရာကြီးစီမံတာ သိပ်ကိုကောင်းတာပဲ၊ ဒါပေမယ့် သူတို့က ဖုတ်သွင်းပေးတဲ့လူကို လိုက်ပြီးစုံစမ်းနေကြတယ်၊ ဆရာကြီးအတွက် အန္တရာယ်ဖြစ်မှာ စိုးရတယ်"

နီမောင်က ထိယာလိရွာဘက်သွားစဉ်က ကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူနဲ့ကွယ်၊ ငါက သတိနဲ့ခြေရာဖျောက်နေတာပါ၊ အခုလည်း လမုတန်းရွာကလူတွေကို



www.burmeseclassic.com

www.burmeseclassic.com

သတ်သွားပြန်ပြီဆိုတော့ လုပ်စရာရှိတာ သွားလုပ်ရဦးမယ်"

ဦးဗန်ကောင်း စကားကြားတော့ နီမောင်က စိတ်ဝင်စားသွားလေသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့လည်း အကူအညီပေးပါရစေ၊ ဆရာကြီးသွားရင် လိုက်ခဲ့ပါရစေ"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက်မှာတော့ ညဘက်ရောက်တော့မှ လမုတန်းရွာဘက်သို့သွားရန် တိုင်ပင်ကြပြီး လိုအပ်သော အစီအစဉ်များ ပြုလုပ်ကြသည်။

ညအချိန်တော့ ဦးဗန်ကောင်းက ခေါင်းဆောင်ပြီး လမုတန်းရွာဘက်သို့ သွားကြလေသည်။ ထိုသို့သွားရာတွင် လှေဖြင့်မသွားပဲ တောထဲမှပင် ခြေလျင်သွားကြသည်။ တောတွင်းမှသွားရာမှာ အန္တရာယ်များသော်လည်း ချောင်းထဲမှသွားလျှင် သောင်းကျန်းသူများနှင့် တွေ့မည်စိုးသောကြောင့် ထိုခရီးကို ရွေးကြခြင်း ဖြစ်သည်။

ခရီးထွက်တော့ ဦးဗန်ကောင်းက ခေါင်းဆောင်ပြီး နောက်မှ နီမောင် စောထီး၊ ငမဲအောင်၊ ထွန်းခ၊ စံဖေစသော လူငယ်လူရွယ်များသာ ခေါ်သွားလေသည်။

ဦးဗန်ကောင်းနောက်မှ လိုက်လာကြသူများမှာ သတ္တိကောင်းသူများချည်း ဖြစ်ကြသည်။ နီမောင်တို့ကတော့ အတွေ့အကြုံသစ် ရရန်အတွက် စိတ်အားတက်ကြွနေကြ





လေသည်။

သူတို့အနေဖြင့် ဖုတ်သွင်းသည်။ ဖုတ်ဝင်သည်ဆိုသော အကြောင်းများကို ကြားဖူးသော်လည်း လက်တွေ့တော့ မမြင်ဖူးကြသေးပေ။

ရင်းတို့သည် တစ်ဦးနှင့်တစ်ဦး၊ စကားသိပ်မပြောကြပဲ လျှောက်သွားကြရာ ညဦးပိုင်းအချိန်သာသာ ရောက်သောအခါ၌ လမုတန်းရွာ ရောက်သွားကြသည်။

လူမရှိတော့သဖြင့် ရွာဟုသာ ဆိုရသော်လည်း မီးရောင်လည်းမရှိ၊ လူသံသူသံလည်း အမှောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ အမှောင်ထဲတွင် တဲအိမ်မည်းမည်းများလောက်သာ ဝိုးတဝါး တွေ့ကြရသည်။

ထိုရွာရောက်တော့ မီးတိုင်ကို မီးငြိမ်းလိုက်သဖြင့် ပို၍မှောင်မည်းသွားသည်။ ကောင်းကင်၌ ကြယ်ရောင် လရောင်အချို့ ရှိနေသဖြင့် ဝိုးတဝါးလောက်သာ မြင်ကြရသည်။

ထိုသို့မီးမှိတ်လိုက်တော့မှ အမှောင်ရိပ်ထဲမှာ သွားလာနေကြသော လူအချို့ကို တွေ့ကြရသည်။

"လူမရှိဘူးထင်တာ၊ လူတွေရှိနေသားပဲ"

ငမဲအောင်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ရှူး. . အဲဒါ လူတွေမဟုတ်ဘူး ဝိညာဉ်တွေ"

"ဟင်. ."

ဦးဗန်ကောင်းက သတိပေးလိုက်တော့မှ ငမဲအောင်


www.burmeseclassic.com

www.burmeseclassic.com

မှာ ဆက်မပြောတော့ပဲ ဇက်ကလေးပုကျသွားလေသည်။

နီမောင်က အမှောင်ရိပ်ထဲမှာ သွားလာနေသော မည်းမည်းသဏ္ဍာန်များကို လှမ်းကြည့်ရင်း မေးလိုက်သည်။

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"အလောင်းတွေက ဘယ်မှာလဲ"

"မြစ်ကမ်းနားမှာ ထားခဲ့တယ်လို့ ပြောသံကြားတယ်"

"ဒါဖြင့် အဲဒီဘက် သွားကြရမယ်"

ဟုပြောကာ ကန်းစပ်သို့ ဆင်းလာကြသည်။

ချောင်းကမ်းနေရာရောက်တော့ ဇျူးခြေထောက်ပင် များ၊ လမုပင်များဖြင့် ရှုပ်ထွေးနေသည်။

ရွာနှင့်နီးသော နေရာတစ်ဝိုက်မှာတော့ ကမ်းခြေ ရှင်းလင်းနေသည်။

ထိုနေရာရောက်တော့ သွေးညှီနံ့များ အရင်ရသည်။

အမှောင်ရိပ်ထဲမှာ သွေးကြိုက်သော တောတိရစ္ဆာန် များ ရောက်နေကြဟန်ဖြင့် မာန်ဖီသံအချို့ ကြားရသည်။

"မီးထွန်းလိုက်ရမလား ဆရာကြီး"

"မထွန်းနဲ့ ဝိညာဉ်တွေက အလင်းရောင် မကြိုက်ကြ ဘူး၊ နောက်ပြီး သောင်းကျန်းသူတွေရန်ကလည်း စိတ်မချရ ဘူး၊ လရောင်ရှိတာပဲ ဒီအတိုင်းလုပ်ကြတာ ပိုကောင်းမယ်"

ဟုပြောသည်။

အမှောင်ရိပ်များ ရှိနေသော်လည်း ပတ်ဝန်းကျင်မှ





မြင်ကွင်းများကိုတော့ ဝိုးတဝါး မြင်နေရသည်။

သတ်ဖြတ်ထားခဲ့သော အလောင်းများက အချို့ သစ်ပင်များ၌ ကြိုးတုပ်ထားသည်။ အချို့ တွဲလောင်းဆွဲထား သည်။ တွဲလောင်းဆွဲထားသော အလောင်းများမှာ လေ တိုက်သည့်အခါ လှုပ်ယမ်းနေကြသည်။

ခေါင်းဖြတ်ထားသော အလောင်းများမှာ တစ်နေရာ ၌ တုံးလုံးပက်လက် ရှိနေကြပြီး ဖြတ်ထားသော ခေါင်းပြတ် များကိုတော့ ဝါးချွန်များဖြင့်ထိုးကာ ကမ်းစပ်၌ တန်းစီပြီး ထောင်ထားသည်။

"အတော်ကို ရက်စက်ကြတယ်"

ထွန်းခက စိတ်မကောင်းစွာ ရေရွတ်လိုက်သည်။

"သူတို့က လက်နက်ရှိတော့ ဒီလိုပဲ အနိုင်ကျင့်ကြ တာပေါ့ကွာ၊ တစ်နေ့တော့ သူတို့ကို နိုင်တဲ့သူ ပြန်ပေါ်လာ မှာပေါ့"

ဟုပြောသည်။

ထို့နောက် အလောင်းများရှိသောနေရာသို့ သွားပြီး တန်းစီပြီး ချခိုင်းသည်။ ထိုအလုပ်ကိုတော့ နီမောင်တို့ ငါး ယောက်က လုပ်ကြရသည်။ အလောင်းများရှိသော နေရာ တစ်ဝိုက်မှာ သွေးများက အိုင်ထွန်းနေသဖြင့် သွေးညှီနံ့များ က လှိုင်နေလေသည်။

ညအချိန်မတော်ကြီး၌ အမှောင်ထဲတွင် လူမရှိသော


www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ လှုသေအလောင်းများကို ကိုင်တွယ်နေရာရွေ့ရ သည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။

သို့သော် ရန်သူများကို ကလဲ့စားချေရန် စိတ်အား ထက်သန်နေကြသောကြောင့် မကြောက်မရွံ့ပင် ပြုလုပ်ကြ လေသည်။

အလောင်းများမှာ ခေါင်းပါတာရော မပါတာရော တန်းစီချထားပေးလိုက်သည်။

"မင်းတို့ သတ္တိကောင်းကြတယ် မဟုတ်လား"

ဦးဖန်ကောင်းက မေးလိုက်သည်။

"ရပါတယ် ဆရာကြီး ခိုင်းချင်ရာသာခိုင်းပါ"

နီမောင်က ပြန်ပြောလိုက်သည်။

"ဟိုမှာ ဝါးချွန်နဲ့ထိုးပြီး ထောင်ထားတဲ့ ခေါင်းပြတ် တွေကို ဒီကိုယူလာကြ"

ဟုခိုင်းရာ ငါးယောက်စလုံး ထိုနေရာသို့သွားကာ ခေါင်းပြတ်များကို ဖြုတ်ယူလာကြသည်။

ခေါင်းပြတ်များမှာ မျက်လုံးပြူးထွက်နေပြီး ပါးစပ်က ပြဲနေရာ အမှောင်ထဲ၌ ကြည့်ရသည်မှာ အတော်ပင် စိတ်မ ချမ်းသာစရာ ကောင်းလှသည်။ သို့သော် . မကြောက်မရွံ့ ဖြုတ်ယူလာပြီး ဦးဖန်ကောင်း ရှေ့နားသို့ ချပေးလိုက်သည်။

"ရော့ . ဒီမှာ ပိုက်ချုပ်တဲ့အပ်နဲ့ ချည်ကြိုးတွေ ပါလာ တယ်၊ ပြတ်နေတဲ့ခေါင်းတွေကို ကိုယ်နဲ့ပြန်တွဲချုပ်လိုက်ကြ"





ဟု ခိုင်းသည်။

"ဘယ်ခန္ဓာကိုယ်က ဘယ်ခေါင်းနဲ့ တွဲရမှာလည်း ဆရာကြီး"

"ခေါင်းချင်းမှားနေလည်း ကိစ္စမရှိဘူး၊ ကိုယ်နဲ့ခေါင်းနဲ့ တွဲဖို့သာ အရေးကြီးတယ်"

ဟုပြောပြီး ချည်ကြိုးနှင့် အပ်ကြီးများ ထုတ်ပေးသဖြင့် ခေါင်းပြတ်အလောင်းများကို ခေါင်းပြန်ဆက်ပေးကြရပြန် သည်။ ဒီတော့မှ စောစောက 'မင်းတို့ သတ္တိရှိရဲ့လား'ဟု မေးသည်ကို သဘောပေါက်ကြရတော့သည်။

သွေးညှီနံ့များက မွန်နေသောကြောင့် အသက် အောင့်ပြီး လုပ်ကြရသည်။

ဦးခေါင်းပြတ်နေသောအလောင်းမှာ ငါးလောင်းရှိ သဖြင့် ငါးယောက်စလုံး အတော်ကြာအောင် လုပ်ကြရ သည်။ သူတို့ ပြုလုပ်နေသောအချိန်တွင် ဦးဖန်ကောင်းက တောပိုင်ကြီးနှင့် အဘိုးနတ်တို့အား တင်မြှောက်ပသခြင်း ပရ လောကသားများကို အသင့်ပါလာသော အစားအသောက် များ ပုံကျွေးခြင်း သက်ဆိုင်ရာဝိညာဉ်တို့ကို ခေါ်ခြင်းများ ပြုလုပ်နေလေသည်။

နီမောင်တို့ ခေါင်းဆက်ပြီးသောအခါ ဖုတ်သွင်း သောကိစ္စကို ပြုလုပ်သည်။

"ဒီနေရာမှာ သက်ဆိုင်ရာဝိညာဉ်တွေ ရှိနေကြရင်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ သက်ဆိုင်ရာခန္ဓာကိုယ်ထဲကို ပြန်ဝင်ကြပေတော့၊ တကယ်လို့ သက်ဆိုင်ရာဝိညာဉ် အဝေးရောက်သွားခဲ့ရင်. . ဒီအနီးတစ်ဝိုက်မှာရှိနေတဲ့ ဝိညာဉ်တွေက သင့်တော်တဲ့ ကိုယ်ခန္ဓာထဲကို ဝင်ကြ"

ဟုပြောဆိုကာ ဖုတ်သွင်းသော ဂါထာမန္တာန်တို့ကို ရွတ်ဖတ်နေလေသည်။ နီမောင်တို့ လူငယ်များကတော့ အနားမှပင် အခြေအနေကြည့်နေကြသည်။

တောပိုင်ပွဲ၊ အဘိုးပွဲအတွက် ပြင်ဆင်ကျွေးသောပွဲများကို မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင်က လာစားသည်။

၎င်းလာရောက်စားသောက်နေသောအချိန်တွင် အခြားဝိညာဉ်များက အနားမကပ်ဝံ့ကြပဲ တောစပ်မှာ သွားနေကြရလေသည်။

အကောင်အထည်ရော အရွယ်အစားပါ ကြီးမားသော မည်းမည်းကြီးထသွားတော့ အခြားဝိညာဉ်များရောက်လာပြီး ဖက်ဖြင့်ပုံကျွေးထားသည့် အစားအသောက်တို့ကို ဝင်ရောက်စားသောက်ကြသည်။

"စောစောက လာစားသွားတဲ့ မည်းမည်းကြီးက ဘာလဲဆရာကြီး"

"တောပိုင်ကြီးပေါ့ကွာ၊ ဒါမှမဟုတ်လည်း အဘိုးရဲ့ တပည့်လက်သား သဘက်ကြီး ဖြစ်မှာပေါ့"

ထိုသို့ပြောနေစဉ်မှာ ခေါ်စာများကို စားသောက်ပြီး





သောဝိညာဉ်များက သေဆုံးနေသော အလောင်းများ၏ ကိုယ်ခန္ဓာထဲသို့ အသီးသီး ဝင်ရောက်ကြသည်။

အားလုံး ဝင်ပြီးသည့်တိုင်အောင် ဝိညာဉ်အတော်များများက ထိုနေရာမှာ ရှိနေကြသေးသည်။

"ကိုင်း. . ကိုင်း. . မင်းတို့ဝင်စရာ ခန္ဓာကိုယ်ကတော့ မရှိတော့ဘူး၊ ကိုယ့်နေရာကိုယ် ပြန်ကြပေဦး၊ နောက် အသုံးလိုတော့မှ ငါခေါ်လိုက်မယ်"

ဟု ပြောတော့မှ ပြန်ထွက်သွားကြလေသည်။

ဦးဗန်ကောင်းက ဖုတ်သွင်းသော ဂါထာမန္တာန်များ ဆက်ရွတ်နေရာ အတန်ကြာတော့ ဖုတ်ဝင်နေသော အလောင်းများမှာ အိပ်နေရာမှ နိုးလာသကဲ့သို့ ပြန်ထလာကြလေသည်။

"မင်းတို့ကို ငါ ဖုတ်သွင်းပေးလိုက်ပြီ၊ မင်းတို့ကို ရက်ရက်စက်စက် သတ်သွားတဲ့ လူယုတ်မာတွေကို ပြန်ပြီး ကလဲ့စားချေကြတော့"

ဟုပြောလိုက်ရာ အားလုံး ဒယိမ်းဒယိုင်ဖြင့် တောထဲသို့ ပြန်ဝင်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း - (၁၄)

# တရုဋ္ဌဒီပဏီမှ ဖုတ်ဝင်သောအကြောင်း

အထက်၌ ရေးသားဖော်ပြခဲ့သည့် ဆရာကြီးဦးဘန်ကောင်း ဖုတ်သွင်းစေခိုင်းသောပညာမှာ ကျွန်တော်စိတ်ကူးဖြင့် ရေးသားထားသော အကြောင်းအရာမဟုတ်ပါချေ။

(၁၉၄၈)ခုနှစ်နောက်ပိုင်းကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသများတွင် သောင်းကျန်းသူများ ကြီးစိုးမင်းမူခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိသောပြည်သူများကို ညှင်းပန်းနှိပ်စက်ကာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်။

ထိုအချိန်ကာလက ပြင်ဒရယ်နယ်ဘက်တွင် ဆေး ဆရာကြီးတစ်ဦး ပေါ်ပေါက်ခဲ့ဖူးသည်။ နာမည်မှာ ဦးဖူးညို ဖြစ်သည်။ ဒေသခံများကတော့ ဆရာညိုဟုခေါ်ကြသည်။

(ထိုအချိန်က ပြင်ဒရယ်ဘက်တွင် နေထိုင်ကြီးပြင်းခဲ့ ကြသူတိုင်း ဆရာညိုအကြောင်းကို မသိသူမရှိပေ။)

ဆရာညိုသည် ဆေးကုသရာ၌တော်သလို အထက် လမ်းပညာ၊ အောက်လမ်းပညာများလည်း တတ်ကျွမ်းလေ သည်။

ထိုအချိန်က အစိုးရစစ်တပ်ကိုပင်မမှုဘဲ ပြောင် ပြောင်တင်းတင်းနေထိုင်ကာ လုပ်ချင်တိုင်းလုပ်ခဲ့ကြသော ရောင်စုံသောင်းကျန်းသူများကို ဆရာညိုက သူ့ပညာဖြင့် ပြန်ပြီးနှိပ်စက်ခဲ့လေသည်။

အခြားမဟုတ်ပေ . .။ လူသေများကို ဖုတ်သွင်းပြီး သောင်းကျန်းသူများကို သတ်ခိုင်းခဲ့ခြင်းဖြစ်သည်။

ယခုရေးသောဝတ္ထုသည် ထိုအကြောင်းကိုအခြေခံ ကာ ရေးသားသော ဖြစ်ရပ်မှန်လည်းဖြစ်သည်။

ဆရာညိုနှိပ်စက်သဖြင့် သောင်းကျန်းသူအတော် များများ သေကြေပျက်စီးပြီး၊ ၎င်းတို့စခန်းအချို့ပင် ပျက်စီးခဲ့ ရသည်။ ဖုတ်သွင်းသောအကြောင်းအရာများမှာ ရှေးယ





ဘည်းက ရှိခဲ့ကြောင်းကို ရှေးကရှိခဲ့သော သာဓကတို့ဖြင့် ရေးသားဖော်ပြပေးပါဦးမည်။

တဇ္ဇတ္ထဒီပဏီကျမ်းတွင်ပါရှိသော ဘုတ်ဝင်ဘုတ် သွင်းခြင်းအကြောင်းကို ကောက်နှုတ်ဖော်ပြပါမည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူသော အခါ ရာဇဂြိုဟ်ပြည်ကြီးရှင် အဇာတသတ်မင်းသည် ရှင် ဒေဝဒတ်ကို ချီးမြှောက်ကိုးကွယ် ဆရာပြုသည်ဟူသော စကားစပ်တွင် ဟောတော်မူသော ဧကနိပါတ်သိဋ္ဌိဝဇာတ်မှာ ပါရှိသည့် အကြောင်းအရာတစ်ရပ်ရှိလေသည်။

ထိုဟောတော်မူသော ဧကနိပါတ်သိဋ္ဌိဝတွင် ဘုရား လောင်း ဒိသာပါမေက္ခဆရာထံမှ သေသောအကောင်တို့ကို ထစေတတ်သော မတုဋ္ဌာပနမည်သော မန္တရားအတတ်ကို အဇာတသတ်မင်းအလောင်းသိဋ္ဌိဝလုလင် သင်ယူပြီးနောက် တောအရပ်တွင် ကျားသေကိုရှင်အောင်မန်းသဖြင့် ကျားသေ ထလာသောအခါ အရံအတား အနှိမ်မန္တရားကို မတတ် သောကြောင့် ကျားကိုက်၍သေဆုံးကြောင်းကို ပြဆိုခဲ့သည်။

ထို့ပြင် မဟာဝင်၊ မဟာရာဇဝင်၊ မှန်နန်းရာဇဝင်စာထမ်း ထုံးစံတို့မှလာသော စန္ဒဂုတ္တမင်းကြီးအကြောင်းကို ဖော်ပြပါ ဦးမည်။

လောကသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် သာသနာနှစ် သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com



(၁၆၂)ခုသို့ ရောက်သောအခါ မဇ္ဈိမဒေသ၊ ပါတိပုတ်ပြည်ကြီး၌ စန္ဒဂုတ္တမင်းကြီး မင်းပြုတော်မူသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူသော ကောသလမင်းကြီး၊ မိဖုရား၊ သာကီဝင်မင်းမျိုး ဝါသဘခတ္တိယမှ ဖွားမြင်သော ဝိဋူဍဘမင်းသည် သာကီဝင်မင်းတို့ကို စစ်ပြုသဖြင့် သာကီဝင်မင်းတို့ ပြည်ပျက်လေသည်။

ထိုသို့ပျက်စီးရာတွင် အချို့သောသာကီဝင်မင်းတို့သည် အသက်လွတ်ကြောင်း တောတောင်အရပ်ကိုမှီခို၍ နေလေကုန်၏။

ထိုအခါ ဥဒေါင်းကြီးကြာသံတို့ဖြင့် မွေ့လျော်ဖွယ်ရှိသောအရပ်၌ မြို့တည်သည်ကိုစွဲ၍ 'မောရိယ' ဟုခေါ်ဝေါ်သမုတ်၏။ 'မောရ'ဆိုသည်မှာ 'ဥဒေါင်း'ဟု အဓိပ္ပါယ်ရသည်။

အခါတပါး၌ ထိုမောရိယပြည်ကို ရန်သူတစ်ပါးနှိပ်စက်၍ ပျက်ခဲ့သည်။ မောရိယမင်း၏မိဖုရားကား ဝမ်းတွင်ပဋိသန္ဓေနှင့်အသက်လွတ်ကြောင်း မောင်တော်တို့နှင့် ရှောင်ရှား၍နေပြီးမှ ပါတလိပုတ်ပြည်သို့ရောက်လေ၏။

ပါတလိပုတ်ပြည်သို့ရောက်ပြီး မျှားမကြာမီ မိဖုရားသည်။ သတို့သားကိုဖွားမြင်လေသည်။ ထိုသတို့သားငယ်ကို အိုးသစ်တွင်ထည့်၍ နွားခြံတံခါးတွင်ထားလေသည်။

ထိုသတို့သားငယ်ကိုစောင့်ရှောက် မစသော နတ်တို့





၏ အာနုဘော်အားဖြင့် ယောသက သတို့သားကဲ့သို့ စန္ဒမည်သော နွားလားဥသဘသည် အထိအပါးမရှိရအောင် သတို့သားငယ်ကို စောင့်ရှောက်လေသည်။

နွားထိန်းသောယောက်ျားသည် သတို့သားကိုမြင်သော် ချစ်ခင်သနားခြင်းပြင်းစွာဖြစ်၏။ သို့ဖြစ်၍ ထိုသတို့သားငယ်ကို ယူဆောင်ကာ မိမိသားနှင့်အတူ မွေးမြူလေသည်။

စန္ဒမည်သောနွားလားဥသဘ စောင့်ရှောက်သည်ကို အစွဲပြု၍ စန္ဒဂုတ္တဟူသောအမည်ကို မှည့်၏။

စန္ဒဂုတ္တ သတို့သားသည် နွားကျောင်းသားအရွယ်သို့ ရောက်လေသော် မုဆိုးတစ်ယောက်မြင်လေ၍ ချစ်ခင်နှစ်သက်သဖြင့် နွားထိန်းတို့ထံမှတောင်းယူ၍ မွေးပြန်သည်။

ထိုအခါ စန္ဒဂုတ္တသတို့သားသည် နွားကျောင်းသားတို့ နှင့်ကစားသောအခါ သူ့ကိုယ်သူ မင်းအဖြစ်ဟန်ဆောင်၍ ကစားလေ့ရှိကြောင်း ဇာနက္ကပုဏ္ဏား ကြားမြင်လေသည်။ ထိုအခါ မုဆိုးအား သပြာ(၁၀၀)ပေး၍ စန္ဒဂုတ္တသတို့သားကို ခေါ်ယူ၍ ကျွေးမွေးပြုစုထားလေသည်။

ဇာနက္ကပုဏ္ဏားသည် စန္ဒဂုတ္တသတို့သားကို ဗေဒင်သင်ကြားပေးခြင်း၊ အတတ်လိမ္မာရှိအောင် သင်ပေးခြင်းတို့ ပြုလေသည်။

စန္ဒဂုတ္တသတို့သားသည် အရွယ်ရောက်လာ၍ အ



www.burmeseclassic.com

www.burmeseclassic.com



ကြားအမြင်နှင့်ပြည့်စုံပြီး လုပ်ရည်ကြံရည်ရှိလာသော
မနန္ဒမင်းကိုလုပ်ကြံ၍ မင်းပြုလေသည်။

ထိုစန္ဒဂုတ္တမင်းကြီးနန်းစံသက် (၂၄)နှစ်ရောက်သော
အခါ အမှတ်မဲ့အနိစ္စရောက်လေသည်။ မင်းကြီး၏ကိုယ်
တွင်း၌ ဒေဝကုမ္ဘဘီလူးတစ္ဆေဝင်၍ အောင်းနေသောကြော
သာ စန္ဒဂုတ္တမင်းကြီးသည် သက်ရှိထင်ရှားမင်းအဖြစ်
ချုပ်နေသည်ဟု ထင်မှတ်ရပေသည်။

ထို့ကြောင့် တစ်ယောက်ချင်းသေသောအခါ
ဖောက်ပြန်ခြင်းဖြစ်၍ ပညာရှိအစရှိသော ပုဏ္ဏားပရော
တို့ကို စုံစမ်းစေသည်။

စန္ဒဂုတ္တမင်းကြီး၏ကိုယ်တွင်း၌ ဘီလူးတစ္ဆေဝင်ပူး
သောကြောင့်သာ သက်ရှိထင်ရှားရှိနေကြောင်း အတ
သော မင်း၏ပုဏ္ဏားသည် ဤသို့လျှောက်တင်၏။

"ခမည်းတော်မရှိပြီ၊ ဘီလူးတစ္ဆေသည်သာ အ
မင်းသား၏ ခမည်းတော်အယောင်ဆောင်၍ မင်းအ
အုပ်ချုပ်နေ ခြင်းဖြစ်သည်။

သားတော်ဗိန္ဒုသာရမင်းသားသည် ဖခမည်းတော်
ဖြစ်ပုံအကြောင်းရင်းမှန်ကို စုံစမ်းသိရသော် ထိုဘီလူး
ကို သတ်အံ့သောငှာ ဥပါယ်တံမျဉ်ဖြင့်ကြံစည်၍ မင်းချ
ယောက်တို့ကိုနှုတ်ထည့်ပြီးလျှင် ဓါးလက်နက်ကိုလုယ
သည်။





သူခပ်သိမ်းတို့က တားဆီးကြသော်လည်း မနိုင်သည့်
ပြု၍ မင်းရှေ့သို့ ထိုမင်းချင်းတို့ရောက်လေကုန်၏။

သားတော်ဗိန္ဒုသာရမင်းသားလည်း မင်းချင်းနှစ်ဦးကို
တား၍မရနိုင်သောကြောင့်ကို ဘီလူးတစ္ဆေဝင်ပူးနေသော
င်းကြီးအား အကြိမ်ကြိမ်သွား၍ မလျှောက်တင်၏။

ဘီလူးတစ္ဆေဝင်ပူးနေသော မင်းကြီးက "သင်တို့မနိုင်
သော် ငါ့ထံသို့ခေါ်ခဲ့၊ သင်းတို့ကိုငြိမ်အောင်ဆိုအံ့" ဟု မိန့်
ကြား၏။ ဗိန္ဒုသာရမင်းသားက. .

"သူတို့၏လက်တွင် လက်နက်နှင့်တကွဖြစ်သည်။ သို့
ဖြစ်သောကြောင့် အထံတော်သို့မချဉ်းကပ်လာစေခြင်းဖြစ်ပါ
သည်။" ဟုလျှောက်ထား၏။

ဘီလူးတစ္ဆေဝင်ပူးနေသော မင်းကြီးကထပ်မံ၍. . .

"သင်းတို့ကို ငါ့ထံသို့ ချဉ်းကပ်လာပါစေ. . ငါငြိမ်
အောင်ဆိုအံ့. ."

ဟုမိန့်ကြား၏။

ဓါးကိုင်စွဲထားသော မင်းချင်းနှစ်ယောက်တို့သည် ဘီ
လူးတစ္ဆေဝင်ပူးနေသောမင်းကြီးထံ လက်နက်နှင့်တကွ ချဉ်း
ကပ်၍ လက်နက်ကိုဆက်ဟန်ပြုပြီးလျှင် မင်းကြီးကိုဓါးနှင့်
ခုတ်၍ ဘီလူးတစ္ဆေသေလေ၏။

ထိုဘီလူးတစ္ဆေသေပြီးမှ ခမည်းတော်၏အလောင်း
ကို သားတော်မင်းသားသည် ကောင်းမွန်စွာသဂြိုလ်လေ



www.burmeseclassic.com

သည်။

စန္ဒဂုတ္တမင်းသည် နန်းစံသက် (၂၄)နှစ်၊ သာသနာ တော် သက္ကရာဇ် (၁၈၆)နှစ်တွင် အနိစ္စရောက်သောအခါ သားတော်ဗိန္ဒုသာရမင်းသည် ရာဇဘိသေကခံ၍ မင်းပြု တော်မူလေသည်။

သို့ဖြစ်၍ ဘုတ်တစ္ဆေဘီလူးတို့သည် လူတို့၌ဝင်ပူး၍ နေတတ်ကြောင်းကို သမိုင်းဖြစ်စဉ်အရ အထောက်အထား ရှိခဲ့ပေသည်။ ထိုဖြစ်ရပ်မျိုးကို ဘုတ်ဝင်သည်ဟုဆိုကြသည်။

အခြားသာဓကတစ်ခုမှာ ဦးဒိန်ကျော်ခေါင်ထံ ဝင်ကာ နေသော တစ္ဆေအကြောင်းဖြစ်သည်။ ကုန်းဘောင်ခေတ်က ဖြစ်ရပ်တစ်ခုဖြစ်သည်။

ရတနာသိယ်ကုန်းဘောင်မြို့တည် နန်းတည်သာနာ ဒါယကာ ကောကဓိပတိအလောင်းမင်းတရားကြီးသည် သက္ကရာဇ် (၁၁၁၇)ခုနှစ်တွင် ဒဂုံဟုခေါ်ဆိုသော ရန်ကုန်ကို ရယူတော်မူ၏။ အတိုက်အလှုံခက်ခဲလှစွာသော သံလျင်မြို့ ကိုရတော်မူ၏။

(၁၁၁၉)ခု ဟံသာဝတီပြည်ကြီးကို လုပ်ကြံတော်မူ၍ မင်းနှင့်တကွရတော်မူသည်။ အလောင်းမင်းတရားကြီးသည် နေပြည်တော်သို့ပြန်ရောက်တော်မူလျှင် (၁၁၂၀)ပြည့် မြို့ တော်အရှေ့ မြောက်ထောင့်အရပ်တွင် ဘိနပ်တော်(၄) တောင်ရှိသော ကျောက်စေတီကိုတည်တော်မူသည်။





ထိုသက္ကရာဇ်တွင်ပင် အချင်းတာပေါင်း(၁၀၀၀) ရှိသော မြို့ကြီးကိုလည်း တည်တော်မူသည်။ မဏိပူရ တသည်းပြည်သို့လည်း ချီတက်မူသည်။ မဏိပူရစော်ဘွား စိန်တံခွန်ပ မခံနိုင်၍ ထွက်ပြေးလျှင် ပြည်အလုံးကိုရတော်မူ ၍ နေပြည်တော်သို့ပြန်ခဲ့သည်။

သက္ကရာဇ်(၁၁၂၁)ခုတွင် မြေဒူးမြို့ကိုချီတော်မူ၍ မြို့အနောက်တာ(၃၀၀)ကွာအရပ်က မူးပြစ်ကိုပင်း၍ နေပြည် တော် မဟာနန္ဒာကန်သို့ ချသွင်းတော်မူသည်။

ထိုသက္ကရာဇ်ဝါဆိုလရောက်သောအခါ ရန်ကုန်မြို့ တွင် တည်ဆောက်တော်မူပြီးသော ဆောင်းတန်းနှင့်ဇရပ် တော်များကို ရေစက်ချသွန်းတော်မူမည်ဟု ကျောက်မြောင်း မြို့ဆိပ်က ရေကြောင်း၊ ကြည်းကြောင်း ချီတက်မူသည်။

ပြည်မြို့သို့ (၁၃)စခန်း၊ ၎င်းမှရန်ကုန်မြို့သို့ (၉)စခန်း နှင့် ရောက်တော်မူလျှင် ဒဂုံဆံတော်ရှင်စေတီ (ရွှေတိဂုံစေတီ တော်)နှင့်တကွ ဆောင်းတန်း၊ ဇရပ်တော်ကြီး (၃)ဆောင်ကို ရွှေပြည့် ထည့်လှူတော်မူပြီးလျှင် သံလျင်ကျိုက်ခေါက်ဘုရား၊ ပဲခူးရှိ ရွှေမော်ဓောဘုရားများကို မင်း၊ မိဖုရား၊ မှူးတော်မတ် တော်များနှင့် ဖူးမြော်ပူဇော်တော်မူ၏။

ထို့နောက် နေပြည်တော်သို့ပြန်တော်မူမည်ဟု ကြံ စည်တော်မူခိုက်တွင် ထားဝယ်မြို့ကျေးလက်စွန်ရွာလက်ကို ယိုးဒယားကထိပါးလာကြောင်း၊ ရန်ကုန်မြို့ဆိပ်ကမ်းတော်သို့



www.burmeseclassic.com

www.burmeseclassic.com



လာသည့် သင်္ဘော(၃)စင်းကို ချုပ်ကိုင်တားဆီးကြောင်း၊ ထား ဝယ်မြို့သို့စေလွှတ်သည့် သမ္ဗာန်ကိုသိမ်းယူကြောင်း စသည့် သတင်းများကို မင်းတရားကြီးသိတော်မူသည်။

သို့ဖြစ်၍ အလောင်းမင်းတရားကြီးသည် ထိုသက္က ရာဇ် ပြာသိုလဆန်း (၃)ရက်နေ့တွင် ယိုးဒယားသို့ချီတော်မူ သည်။

မုတ္တမမြို့က ထားဝယ်ရောက်ရန် (၁၃)စခန်း၊ ထား ဝယ်မြို့က ယိုးဒယားရောက်ရန် (၃၆)စခန်း၊ နေပြည်တော်က ထွက်သင့်စခန်း(၈၀)နှင့် တန်ခူးလပြည့်ကျော် (၁၁)ရက်နေ့ တွင် ယိုးဒယားသို့ရောက်တော်မူသည်။

ယိုးဒယားရောက်သောအခါ မြို့ပြင်ဘားနောင်က ထွန်အရပ်တွင် တပ်တော်ချရပ်စံနေတော်မူသည်။

ထိုအခါ ယိုးဒယားမင်းက ဖြသိန္ဓိ၊ ဖြသုဘာဝတီ ဖြသရကမ္ဗတို့ကိုစေ၍ ဆင်ကြီးမြင်းကြီးဆက်သ၍ ထီးနန်း မပျက်နေလိုကြောင်းနှင့် လျှောက်ထားလာသည်ကို မည်သို့မျှ အမိန့်တော်မရှိပေ။

ထိုအမတ် (၃)ယောက်တို့ပြန်သွား၍ (၁၀)ရက်ကျော် ရှိလျှင် ဘဝရှင်အလောင်းမင်းတရားကြီး မအီမသာဖျားနာ တော်မူသည်ဖြစ်၍ သက္ကရာဇ်(၁၁၂၂)ခု ကဆုန်လဆန်း(၂၄) စခန်းနှင့် မုတ္တမြို့ ကျေးဖြစ်သောကင်းရွာသို့ရောက်သည်။

ထိုစခန်းတွင် အလောင်းမင်းတရားကြီးသည် သက္က





ရာဇ် (၁၁၂၂)ခု၊ ကဆုန်လပြည့်ကျော်(၁၂)ရက်၊ တနင်္ဂနွေနေ့၊ ညဉ့်(၃)ချက်တီးကျော်၊ မိုးသောက်ယံအချိန်တွင် နတ်ပြည်စံ တော်မူလေသည်။

ထိုအကြောင်းကို နယုန်လပြည့်ကျော် (၈)ရက်နေ့ ရောက်မှနေပြည်တော်တွင် မြို့စောင့်ထားခဲ့သော သားတော် အကြီး အိမ်ရှေ့မင်းသား ကြားသိတော်မူလျှင် ထိုနေ့မှာပင် မင်းပြုတော်မူသည်။

အလာင်းမင်းတရားကြီး၏ အလောင်းတော်ကို ကျောက်မြောင်းဆိပ်ကဆောင်ယူ၍ လိုင်သာတံခါးက သွင်း ပြီးလျှင် လွှတ်တော်အရှေ့မြောက်တွင် စကြဝတေးမင်းကို သဂြိုလ်သည့်နည်းဖြင့် သဂြိုလ်တော်မူ၏။

အလောင်းမင်းတရားကြီးကို သက္ကရာဇ် (၁၀၇၆)ခု၊ တော်သလင်းလပြည့်ကျော်(၁၀)ရက်၊ သောကြာနေ၊ ပြိဿ သကုံစန်းတွင် ဖွားမြင်တော်မူခဲ့သည်။

အိမ်နိမ့်(၃၈)နှစ်၊ နန်းစံ(၈)နှစ် သက်တော်(၄၆)နှစ်သို့ အဝင်တွင် အနိစ္စရောက်တော်မူသည်။

ထိုသက္ကရာဇ်ဝါဆိုလဆန်း(၅)ရက်နေ့တွင် ဘဝရှင် အလောင်းမင်းတရားကြီး၏ကျွန်တော်ရင်း “မင်းခေါင်နော် ရထာ” ဘွဲ့ခံငထွန်းသည် အဝမြို့ကိုဝင်၍ ခြားနားပုံစားသော ကြောင့် ကိုယ်တော်တိုင် အလုံးအရင်းအများနှင့် စစ်ကိုင်းသို့ ချီတက်တော်မူ၍ ရောက်လျှင် သက္ကရာဇ်(၁၁၂၅)ခု ဝါခေါင်



www.burmeseclassic.com

www.burmeseclassic.com



လတွင် တာဝန်း(၈၃၀)၊ တံခါး(၄)မျက်နှာ၊ အုတ်ပေါင်းဂူနှင့် တကွ တည်တော်မူပြီးလျှင် "မဟာဇေယျပူရ"ဟု သမုတ်တော်မူသည်။

မင်းကြီးသည် ထိုမြို့ကစံနေတော်မူ၍ ငထွန်းကို လုပ်ကြံတော်မူသည်။ (၆၈၄)ခု အသံခီယာစောယွမ်းမင်း တည်တော်မူရင်းဖြစ်ပြီး မင်း(၆)ဆက်ခံနေသော ဇေယျာပူရ စစ်ကိုင်းမြို့ဟောင်းသည် ယခုတည်ရှိသောစစ်ကိုင်းမြို့ မြောက်ဖက် တစ်တိုင်အကွာတွင်ရှိသည်။

ခြားနားပုန်ကန်သော မင်းခေါင်နော်ရထာဘွဲ့ခံ ငထွန်းသည် (၅)လခွဲကြာလျှင် ဘုန်းတော်ရှိန်ကို မခံဝံ့၍ ထိုနှစ် နတ်တော်လပြည့်ကျော်(၁၄)ရက်၊ လကွယ်နေ့တွင် အဝမြို့ကျော်ဘုံတံခါးက ထွက်သွားသဖြင့် ဗိုလ်မှူး၊ တပ်မှူးတို့ လိုက်လံတိုက်ခိုက်ကြရသည်။

တောင်(၄)ခရိုင်၊ ဒိုင်း(၄)ရွာအရှေ့ဘက် ဝတ်လဲ တောင်အနီးတွင် မြေဒူးမြို့သားအမှုထမ်း ငချစ်ကောင်းကို ဖမ်းဆီး၍ ဦးခေါင်းကိုဖြတ်ယူဆက်သလျှင် အားရတော်မူ၍ လမ္ဘုရွန္တသူဘွဲ့ သနားတော်မူသည်။

ငထွန်း၏ဦးခေါင်းကိုလည်း စစ်ကိုင်းမန်ကျည်းစဉ် အရပ်တွင် ဆွဲထားရသည်။

အရေးတော်ပြီးပြေလျှင် ထိုသက္ကရာဇ်တပေါင်းလ တွင် ရနာသိယ်၏ ဂဟပတိ၊ ထနောင်းဝန်းအရပ်တွင် သကြန်





တော်ခေါ်ပြီးလျှင် ထီးဆောင်းမင်္ဂလာ မဟာဥကင်သဖွင့်၍ "သီရိပဝရမဟာဓမ္မရာဇာ"တံဆိပ် နာမည်ခံတော်မူသည်။

(၁၁၂၃)ခု ဘထွေးတော် တောင်ငူမင်းခြားနားသည် ကို ကိုယ်တိုင်ချီတော်မူ၍ လုပ်ကြံတော်မူသည်။ တောင်ငူမြို့ အလုံးကို ရတော်မူလျှင် မြို့စောင့်ခန့်၍ ပြန်တော်မူသည်။

မင်းကြီးသည် နေပြည်တော်သို့ရောက်လျှင် ထိုသက္ကရာဇ်တပေါင်းလတွင် ဇင်းမယ်သို့အဘယဂါမဏိ၊ နေမျိုး လက်ဝဲကျော်ခေါင်၊ နေမျိုးလက်ယာကျော်ခေါင်တို့ကို မြင်း (၇၅၀)၊ စစ်သည် (၇၅၀၀)နှင့်ချီရသည်။

ထိုအခါ ထိုတပ်တွင်ပါဝင်သော ဘတ်ချောင်းဗိုလ်၊ ဥဒိန်ကျော်ခေါင် သေဆုံးလျှင် ဘီလူးတစ္ဆေအဖြစ်နှင့် ရွှေနန်းတော်သို့လာ၍ နောင်တော်မင်းတရားကြီး ညစက်တော်ခေါ်နေရာ၊ ခြေတော်ကိုလှုပ်၍နှိုးပြီးလျှင် အရပ်အနေမသင့်၊ တပ်ပျက်၍ သေဆုံးသည့်အကြောင်း၊ အပါးတော်မှာစောင့်နေ ထမ်းဆောင်ပါမည့်အကြောင်း လျှောက်တင်သည်ကို မင်းကြီးသည် မကြောက်မလန့်ပေ။

ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ "လေသာဆောင်တော်မှာစောင့်နေ ထမ်းရွက်ရမည်" ဟု အမိန့်တော်ရှိသဖြင့် ဘတ်ချောင်းဗိုလ် ဥဒိန်ကျော်ခေါင်ဘီလူးတစ္ဆေသည် တာဝန်ထမ်းဆောင်နေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တရံရောအခါ မုတ္တမမြို့ကထားသည့်ကင်းတပ်မှာ ယိုးဒယားတို့က ကင်းဝန်းကင်းပတ်၍ ချီတက်နှောင့်ယှက်လာကြောင်းကိုကြားတော်မူ၍ လွန်တော်ကမြင်းသည်ကျော်သား၊ ငရွှန်းတို့(၂)ယောက်ကို တောင်ငူကြောင်း မုတ္တမမြို့ရောက် ထောက်လှမ်းစေလွှတ်လိုက်သည်။

သို့သော် အထောက်တော်များမရောက်လာခဲ့သောကြောင့် ဘတ်ချောင်းဗိုလ်ဥဒိန်ကျော်ခေါင်ဘွဲ့ခံ နတ်စိမ်းဘီလူးတစ္ဆေကို အမိန့်တော်နှင့်စေလွှတ်တော်မူသည်။

ထိုဘီလူးတစ္ဆေသည် နေ့ချင်းပြန်ရောက်လာ၍ မုတ္တမမြို့ကင်းတပ်မှာ အရေးအကြောင်းအထူးအထွေမရှိပါဟု တင်လျှောက်လေသည်။

မင်းကြီးက ယုံကြည်တော်မမူသောကြောင့် ထပ်၍ မေးတော်မူသည်တွင်. .

"ကျွန်တော်သွား၍ကြည့်ရှုလျှင် အပြန်တွင် တောင်ငူမြို့၊ ခပေါင်းမြစ်ချောင်းထိပ်၊ မန်ကျည်းပင်အောက်တွင် လွှတ်တော်ကစေသည့်မြင်းသည်ကျော်တို့ ထမင်းချက်နေသည်ကို တစ်ချက်တီးကျော်အချိန်တွင် တွေ့ပါသည်။

၎င်းတို့သိသာသေချာအောင် မန်ကျည်းကိုင်း မန်ကျည်းခက်များကို ချိုးဖွဲ့၍ချခဲ့ပါသည်။ မန်ကျည်းပင်ကိုလည်း လှုပ်၍ပြသ ချောက်လှန့်ခဲ့ပါသည်။

မြင်းသည်ကျော်တို့တွင်လည်း မုတ္တမမြို့ဝန်က အထူး





အခြားအကြောင်းအရာမရှိ။ သူပုံသူဆိုး၊ ရှမ်း၊ ယိုးဒယားမှစ၍ သူခိုးဓါးပြ မထမပေါ်၊ ရွှေဘုန်းတော်မြတ်ကြောင့် ငြိမ်ဝပ်သာယာကြောင်းကိုလည်း တင်စာပါလာပါသည်။

၎င်းမြင်းကျော်တို့လည်း နေ့ရက်တွင် ရွှေဘဝါးတော်အောက်ဆိုက်ရောက်ပါမည်။"

ဟူ၍လျှောက်သည်။

ထိုဘီလူးတစ္ဆေဥဒိန်ကျော်ခေါင် လျှောက်တင်ချက်အတိုင်း မြင်းသည်ကျော်သားနှင့် ငရွှန်းတို့ရောက်လာကြသောအခါ ရှေ့တော်သို့သွင်း၍ မေးမြန်းတော်မူသည်။

မြင်းသည်တော်တို့၏ လျှောက်တင်ချက်တွင် မန်ကျည်းကိုင်း၊ မန်ကျည်းခက်များ ကျလာကြောင်းများနှင့် စကားအလုံးစုံသည် ဘီလူးတစ္ဆေဥဒိန်ကျော်ခေါင် လျှောက်ထားသည့်အတိုင်း မချွတ်မယွင်းမှန်ကန်နေပေသည်။

ထိုအခါ ဘတ်ချောင်းဗိုလ်ဥဒိန်ကျော်ခေါင်ဘွဲ့ခံ ဘီလူးတစ္ဆေက အမှုတော်ကို ကျေပွန်စွာထမ်းရွက်နိုင်သဖြင့် ဘွဲ့သနားတော်မူပါရန် လျှောက်တင်သည့်အခါ ဘုရင်မင်းမြတ်က ကိုယ်ထင်ပြ၍ ဘွဲ့ခံယူရမည်ဟု အမိန့်တော်ချမှတ်သည်။

၎င်းတွင် ဘီလူးတစ္ဆေက "ကိုယ်ထင်ပြလျှင် အရုပ်သဏ္ဍာန်မကောင်း၊ ကြောက်မက်ဖွယ်ရာဖြစ်၍ မခံဝံ့ပါ။ သနားတော်မြတ်ခံရသည့်ဘွဲ့ကို ရှေ့တော်က မျှော်တော်မတ်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ မြင်အောင်ယူသွားပြီးလျှင် လေသာဆောင်ထုတ်လောက်ကြားတွင်နေပါမည်"

ဟု ပြန်၍လျှောက်တင်သည်။

ဘွဲ့တော်ချီးမြှင့်သည့်နေ့တွင် "ဇဝနယက္ခကျော်ခေါင်" ဟူသောဘွဲ့ကို ရွှေပြားတွင်ရေး၍ မင်းတရားကြီးရှေ့တော်မှာ ကလပ်နှင့်ထား၍ ချီးမြှင့်ပေးသနားတော်မူ၏။

ထိုဘွဲ့မှာ ချည်ထားသောကြိုးကို မမြင်ရသောတစ်ဦးတစ်ယောက်က ဆဲဝင်ယူသွားသည်ကို မှူးမတ်တို့မြင်လိုက်၍ကြည့်ကြသည်။

ထိုဘွဲ့တံဆိပ်သည် ရတနာသိယ်ရွှေနန်းတော်၏ လေသာဆောင် ထုတ်လျောက်ကြားတွင် ရောက်ရှိနေလေသည်။

ဤသည်မှာ ဘုတ်တစ္ဆေတို့၏ မင်းမှုထမ်းကောင်းဆုရပုံ သာဓကတစ်ရပ်ဖြစ်ပေသည်။

အထက်၌ ရေးသားဖော်ပြပေးခဲ့သော အကြောင်းအရာများမှာ (၁၉၀၅)ခုနှစ်ကထုတ်ဝေခဲ့သော တဋ္ဌတ္တဒီပဏီကျမ်း၌ ရေးသားဖော်ပြထားသော အကြောင်းအရာများထဲမှ ဖုတ်တစ္ဆေ ဝင်ပူးပြီး လိုရာစေခိုင်းနိုင်သူတို့အကြောင်းကို သာဓကအနေဖြင့်သာ သင့်လျော်အောင်ရေးသားဖော်ပြပေးခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဆရာကြီးဦးဗန်းကောင်းမှ သေပြီးသူတို့ကို ဖုတ်၊ တစ္ဆေတို့၏ဝိညာဉ် ခေါ်သွင်းပြီး ရန်သူများကို ပြန်လည်ဒုက္ခပေးခဲ့ခြင်းမှာ အဆန်းတကြယ်အဖြစ်မျိုးတော့ မဟုတ်ပါချေ။








www.burmeseclassic.com

www.burmeseclassic.com

## အခန်း - (၁၅)

# ကြမ္မာကံကြွေး ပေးဆပ်ကြရခြင်း

အချိန်က နေဝင်ရီတရောအချိန်သို့ ရောက်နေပြီ။ တောရိပ်များကြောင့် တောတွင်း၌ အလင်းရောင်မရှိတော့ပဲ မှောင်စပျိုးနေပေပြီ။ ထိုအချိန် စောဘဦးတို့နေသော ခန်းအတွင်းတွင် တပ်ခွဲမှူးအဆင့်ရှိသော စောဘဦးက ခေါင်းဆောင်ပြီး အစည်းအဝေး လုပ်နေကြသည်။ ထိုတဲကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ယောကျာ်း၊ မိန်းမအတော်များများ ရောက်ရှိနေကြသည်။

ယခင်က လူသုံးလေးဆယ်ခန့်ရှိသော ၎င်းတို့စခန်းထဲတွင် အပြင်ထွက်သောအဖွဲ့များ မကြာခဏ သေဆုံးနေသဖြင့် လူသိပ်မကျန်တော့ပေ။ စခန်းအတွင်းမှာရှိသော အဖွဲ့သားတို့မှာလည်း စိုးရိမ်သောက ရောက်နေကြဟန်ရှိသည်။

တဲအတွင်းမှာ မီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အလင်းရောင်အချို့ ရနေသည်။ ထိုအလင်းရောင်ကြောင့်ပင် ၎င်းတို့မျက်နှာပေါ်မှ စိုးရိမ်သောကများကို တွေ့မြင်နေရခြင်း ဖြစ်သည်။

“ မင်းတို့ကို အရေးပေါ် အစည်းအဝေး ခေါ်ရတာက တခြားတော့မဟုတ်ပါဘူး၊ လက်ရှိကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ကြဖို့ပဲ ဖြစ်တယ်”

စောဘဦးက စကားရပ်လိုက်ပြီး သူ့အဖွဲ့သားများ၏ အခြေအနေကို အကဲခတ်ကြည့်သည်။ အားလုံးကတော့ ဘာမှပြန်မပြောသေးပဲ သူပြောတာကိုသာ နားထောင်နေကြသည်။

“မင်းတို့ကို အရေးပေါ် အစည်းအဝေး ခေါ်ရတာက တခြားတော့ မဟုတ်ဘူး၊ လက်ရှိကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ကြဖို့ပဲ ဖြစ်တယ်”

စောဘဦးက စကားရပ်လိုက်ပြီး သူ့အဖွဲ့သားများ၏





အခြေအနေကို အကဲခတ်ကြည့်သည်။ အားလုံးကတော့ ဘာမှပြန်မပြောသေးပဲ သူပြောတာကိုသာ နားထောင်နေကြသည်။

“ငါတို့ရဲ့ အဓိကရည်ရွယ်ချက်က စစ်တပ်ကို ရင်ဆိုင်ပြီးတော့ မြို့ရွာတွေကို သိမ်းပိုက်ဖို့ပဲ၊ ဒါပေမယ့် အစိုးရစစ်တပ်နဲ့ ရင်မဆိုင်ရခင်မှာ ပြည်သူလူထုတွေနဲ့ ရင်ဆိုင်နေရတယ်၊ သူတို့က အရင်ကလို ငါတို့အဖွဲ့အပေါ်မှာ မယုံကြည်တော့ဘူး၊ အခုဆိုရင် မြို့တွေနဲ့ နီးတဲ့ရွာတွေမှာ ပြည်သူ့စစ်တွေ ဖွဲ့ထားကြတယ်၊ ပြောက်ကျားတပ်တွေ ဖွဲ့ထားကြတယ်”

“မှန်ပါတယ်၊ အခုဆိုရင် တချို့ရွာတွေက ဆက်ကြေးတောင်းရင်တောင် မပေးချင်ကြတော့ဘူး”

“ငါတို့လို တောထဲမှာနေတဲ့လူတွေက သူတို့ဆီကတောင်းရမှ ရပ်တည်လို့ရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် မရရတဲ့နည်းနဲ့တော့ တောင်းယူရမှာပေါ့”

“အခု သတင်းကြားတာက အစိုးရစစ်တပ်တွေကပါ အောက်ပိုင်းဒေသတွေကို ဆင်းလာပြီး စစ်ဆင်ရေးတွေ လုပ်ကြတော့မယ်လို့ သတင်းကြားရပါတယ်”

“လုပ်ပေစေပေါ့ကွာ၊ သူတို့မှာလည်း သေနတ်နဲ့ ငါတို့မှာလည်း သေနတ်ရှိတာပဲ၊ ရင်ဆိုင်ကြရုံပဲရှိတာပေါ့၊ ဒါပေမယ့် အစိုးရတပ်တွေဆင်းလာရင် အခုလို လွတ်လွတ်လပ်လပ်သွားလာလို့ ရတော့မှာမဟုတ်ဘူး၊ ဒါကြောင့် အခု



www.burmeseclassic.com

www.burmeseclassic.com



လိုသွားလာလို့ အဆင်ပြေနေတုန်း ငါတို့အတွက် ရိက္ခာလုံလောက်အောင် စုဆောင်းထားရမယ်"

"ဒါပေမယ့် ရွာတွေက အရင်လိုမပေးနိုင်တော့ဘူး မပေးချင်တာလည်း ပါကြလိမ့်မယ်"

"ဒီတော့လည်း အကြမ်းနည်းသုံးပြီး မရရတာ အားလုံးယူခဲ့ပေါ့ကွာ၊ မင်းတို့ပြောစရာရှိတာက တခြားမဟုတ်ဘူး၊ အခုတလော အပြင်ထွက်တဲ့လူတွေ ပြန်ရောက်မလာကြဘူး၊ ဒါ့အပြင် သူတို့နဲ့ပါသွားတဲ့ လက်နက်တွေကိုလည်း ဆုံးရှုံးကြရတယ်. . အဲဒါအဆိုးဆုံးပဲ၊ ဒီသေနတ်တွေသာ ရွာသားတွေနဲ့ ပြောက်ကျားတပ်တွေရသွားရင် ငါတို့အတွက် အန္တရာယ်ပိုရှိလာနိုင်တယ်"

စောဘဦးစကားကို အားလုံးက ထောက်ခံကြသည်။

"အဲဒါထက်ပိုပြီး ဒုက္ခပေးနိုင်တာ ဖုတ်ကောင်တွေပဲ ဗိုလ်ကြီး၊ စခန်းကလူတွေ ပျောက်သွားပြီးလို့ ပြန်ရောက်လာရင် ဖုတ်ကောင်ဘဝနဲ့ပြန်လာပြီး ဒုက္ခပေးတော့တာပဲ၊ အခုနောက်ပိုင်း ကျွန်တော်တို့ သတ်ခဲ့တဲ့ ရွာသားတွေပါ ဖုတ်ကောင်တွေဖြစ်ပြီး ဒီကိုရောက်လာကြလိမ့်မယ်"

သံပချိုင်စကားကြားတော့ စောဘဦးက မျက်မှောင်ကျုံ့လျက် စဉ်းစားနေလေသည်။ ထိုအချိန်တွင် စံနက်ကျော်ကပါ ထပြောသည်။

"ဟိုတစ်နေ့က လမုတန်းရွာကလူတွေကိုသတ်ပြီး





တမ်းစပ်မှာ တွဲလောင်းဆွဲထားခဲ့တယ်၊ ခေါင်းတွေကိုဖြတ်ပြီးတော့ ထောင်ထားခဲ့တယ်၊ နောက်တစ်နေ့ အခြေအနေသိချင်လို့ တစ်ခေါက်ပြန်သွားပြီးကြည့်တော့ အလောင်းတွေ မတွေ့ရတော့ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"ကျွန်တော်တို့လည်း မသိဘူး ဗိုလ်ကြီး"

"မင်း အတော်အသေးတာကိုး စံနက်ကျော်ရဲ့၊ တောထဲမှာပုန်းနေတဲ့ ရွာသားတွေပြန်လာပြီး အလောင်းတွေကို ယူသွားကြမှာပေါ့"

စောဘဦးက ပေါ့ပေါ့ပင် ပြန်ပြောလိုက်သည်။

"ကျွန်တော်တို့ထင်တာက အဲဒီလိုမဟုတ်ဘူးဗိုလ်ကြီး၊ တော်ကြာ ဖုတ်ကောင်တွေဘဝနဲ့ ဒီစခန်းကို ရောက်လာမလားလို့ စိတ်ပူနေကြတာ"

စံနက်ကျော်စကားကြားတော့ စောဘဦးက ထွေထွေထူးထူး ဘာမှမပြောပဲ စဉ်းစားနေသည်။ ထိုအခါ အခြားတစ်ယောက်က ထပြောသည်။

"ကျွန်တော်တစ်ခုလောက် အကြံပေးပါရစေဗိုလ်ကြီး"

"ဘာလဲ"

"ကျွန်တော်တို့ စခန်းသစ်ရွှေ့ပြောင်းနေတာ ပိုကောင်းမယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ စောဘဦးမျက်နှာပေါ်တွင် တင်းမာခက်ထန် သွားလေသည်။

"မင်းပြောတဲ့စကားက ငါတို့ပါတီကို စော်ကားတာနဲ့ အတူတူပဲ"

"ကျွန်တော်မှားသွားပါတယ်၊ ကျွန်တော်ပြောတဲ့ စကားကို ပြန်ပြီးရုတ်သိမ်းပါတယ်"

ဟုပြောပြီး ထိုရဲဘော်က ပြန်ထိုင်သွားသည်။

"ငါတို့ပါတီဝင်တွေမှန်သမျှ ကိုယ်သဘောနဲ့ကိုယ် ဘာမှလုပ်ပိုင်ခွင့်မရှိဘူး၊ အထက်က တာဝန်ချပေးထားတဲ့ အတိုင်း တသွေမတိမ်း လုပ်ရတယ်၊ ဒီနေရာမှာနေဆိုရင် နေရတယ်၊ ဒါလုပ်ဆိုရင်လုပ်ရတယ်၊ ဒါထက်ပိုပြီး ဘာမှ လုပ်ပိုင်ခွင့်မရှိဘူး၊ ဒါကိုသဘောပေါက်ဖို့လိုတယ်"

စောဘဦးက လေသံမာမာဖြင့် ပြောလိုက်တော့ စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အတန်ကြာ တော့ စောဘဦးက စိတ်ကိုလျှော့ချလိုက်ဟန်ဖြင့် သက်ပြင်း ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါတို့အခု ကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ အန္တရာယ်တွေကို ငါသဘောပေါက်ပါ တယ်၊ ဒါပေမယ့် ကိုယ့်သဘောနဲ့ကိုယ်တော့ ဘာမှလုပ်ခွင့် မရှိဘူး၊ ဒီတော့ ဒီအခက်အခဲတွေကို ငါအထက်ကို တင်ပြ ပေးမယ်၊ သူတို့ဆီက အမိန့်ရတော့မှ လုပ်ကြတာပေါ့"





"ကောင်းပါတယ် ဗိုလ်ကြီး"

ထိုသို့ပြောဆိုနေစဉ်မှာပင် တဲများရှိနေသောနေရာ နှင့် မနီးမဝေးရှိ သစ်တောများအတွင်းမှ တောကြက်များ ၏အော်သံနှင့် ငှက်များ၊ မျောက်များ စူးစူးဝါးဝါး အော်သံ များ ပေါ်ထွက်လာလေသည်။

သို့ကြောင့် စကားရပ်ကာ နားစွင့်လိုက်ကြသည်။ ထို့ ကြောင့် စကားရပ်ကာ နားစွင့်လိုက်ကြသည်။

ကြားနေရသောအသံများက တဖြည်းဖြည်းနှင့် နီး လာသည်။ တောတွင်းမှ တောခွေးအူသံများကလည်း နေရာ အနှံ့အပြားမှ ပေါ်ထွက်လာသည်။

"အပြင်မှာကင်းသမားတွေ ရှိတယ်မဟုတ်လား"

"ရှိတယ် ဗိုလ်ကြီး"

ထိုသို့ပြောနေစဉ်မှာ တောတိုးလာသော အသံများ ကြားလာရလေသည်။ သို့ကြောင့် အတွင်း၌ရောက်နေကြ သော စောဘဦးတို့မှာ သေနတ်များကိုယူပြီး အပြင်ထွက် ကြည့်ကြသည်။

ခြေသံသာကြားရသော်လည်း အကောင်အထည် မမြင်ရသေးသောကြောင့် စောဘဦးက ပြောလိုက်သည်။

"တောဆင်ရိုင်းတွေ ဆင်းလာတာလား"

"မဟုတ်ဘူးထင်တယ် ဗိုလ်ကြီး၊ ဆင်ခြေသံမဟုတ် ဘူး လူတွေတိုးလာတဲ့ အသံမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အကာအကွယ်မှာ အသင့်နေရာယူထားကြ တွေ့တာနဲ့ ဘယ်သူပဲဖြစ်ဖြစ် လက်မနှေးကြစေနဲ့"

ဟု အမိန့်ပေးလိုက်သဖြင့် အားလုံးသေနတ်များကို အဆင်သင့်ကိုင်ကာ ကနစိုပင်ကြီးများနံဘေးသို့ ဝင်ရောက် ကာ နေရာယူထားကြသည်။

ကနစိုပင်ကြီးများမှာ လူတစ်ဖက်စာ၊ နှစ်ဖက်စာမျှ ကြီးပြီး သစ်ကဗျင်းကြီးများကလည်း ကြီးလှသည်။ လူတစ် ယောက်မဆိုထားနှင့်၊ သုံးလေးယောက်ဝင်နေလျှင်သော် လုံခြုံမှုရှိသည်။

ထိုနေရာမှ သေနတ်ပြောင်းဝတင်ထားပြီး စောင့်ကြ လေသည်။ တောထဲမှတိုးလာသော ခြေသံများက တဖြည်း ဖြည်းနီးလာသည်။ သစ်ပင်သစ်ကိုင်းများ လှုပ်လာသည်ကို လှမ်းမြင်နေရသည်။ အတန်ကြာတော့ အမှောင်ဖုံးနေသော သစ်တောအတွင်းမှ လူအချို့ထွက်လာသည်။ သူတို့စခန်း လူများတော့ မဟုတ်ကြပေ ။

"ဟေ့. . ဘယ်သူတွေလဲ ရပ်လိုက်စမ်း"

လှမ်းအော်လိုက်တော့ ရပ်တံ့သွားသည်။

"ဘယ်ရွာကလဲ"

"လမုတန်းရွာကပါ"

"အချိန်မတော်မှ ဒီနေရာကို ဘာလာလုပ်တာလဲ"

"ယူချင်စရာရှိလို့ပါ"





"ဘာယူမှာလဲ"

"မင်းတို့အသက်တွေ ယူဖို့လာတာ. . ဟီးဟီးဟီး"

ရှေ့ဆုံးမှရပ်နေသူက သွားဖြဲပြီးရယ်ပြသည်။ ထို စကားကြားတော့ စောဘဦးတို့မှာ တစ်ယောက်မျက်နှာတစ် ယောက် ကြည့်လိုက်ကြသည်။

"ဘာတွေလည်းကွ"

"အဲ. . အဲဒါ ဖုတ်ဝင်နေတဲ့လူတွေဖြစ်မယ်၊ ဒီလူ တွေကို ကျွန်တော်တို့ကိုယ်တိုင် ခေါင်းဖြတ်ပြီး သတ်ခဲ့တာ"

"ဟင်"

ကြည့်လိုက်တော့ ရှေ့ဆုံးမှလျှောက်လာသူမှာ ချည် ဖြင့်ချုပ်ထားသော ဦးခေါင်းကမခိုင်ပဲ လှုပ်နေသဖြင့် လက် တစ်ဖက်နှင့် ကိုင်ပေးထားရသည်။ ထို့နောက်မှာတော့ ဖုတ် ဝင်နေသောလူများမှာ ရှေ့သို့တိုးလာကြသည်။

"သေနတ်နဲ့ပစ်ကွာ"

ဟု အမိန့်ပေးလိုက်သည်နှင့် ဖုတ်ဝင်နေသူများကို သေနတ်ဖြင့် ပစ်ကြသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. ."

သေနတ်သံများက ဆူညံစွာပေါ်ထွက်လာသည်။ တိတ်ဆိတ်နေသော အချိန်မို့ ပဲ့တင်ထပ်သံများက ကျယ် ကျယ်လောင်လောင် ဖြစ်သွားရာ တစ်ဆက်တည်း ကြက်များ အော်သံ၊ မျောက်အော်သံများပါ ပေါ်ထွက်သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

သေနတ်ဖြင့်ပစ်သဖြင့် ကျည်ဆံထိမှန်သော်လည်း လဲကျမသွားသော ဖုတ်ကောင်များက ရှေ့သို့တိုးဝင်လာကာ တွေ့သမျှလူကို လိုက်လံသတ်ဖြတ်ကြလေသည်။

အချို့ လက်ထဲတွင် ဝါးချွန်များ၊ ဓားများပါလာကြသည်။ ဝါးချွန်များမှာ ဦးဇန်ကောင်း စီရင်ပေးလိုက်သည့် တစူးဝါးချွန်များဖြစ်သည်။

သောင်းကျန်းသူများမှာ သေနတ်ရှိသဖြင့် မကြောက်မရွံ့ပစ်ခတ်နေသော်လည်း ဖုတ်သွင်းထားသူများက ဘာမှမဖြစ်ပေ။

"ဟီးဟီး . . ငါတို့က မင်းတို့သတ်လို့ပဲ သေခဲ့ပြီးပြီပဲ၊ အခု ဘယ်သေတော့မလဲ၊ ဒီတစ်ခါသေရမှာ မင်းတို့အလှည့်ပဲ"

ဟုပြောဆိုကာ ဝါးချွန်ဖြင့်ထိုး၊ ဓားဖြင့်ဝင်ခုတ်ရာ သောင်းကျန်းသူ အတော်များများ သေကြလေသည်။ ကျန်နေသော သံပချိုင်တို့မှာလည်း ထိုနေရာတွင် ဆက်မနေဝံ့ကြတော့သဖြင့် တောထဲသို့ ထွက်ပြေးကြရလေသည်။

တောတွင်းရောက်တော့လည်း အခြားဖုတ်ကောင်များနှင့် တွေ့ရပြန်သဖြင့် အချို့ သေကြရပြန်သည်။

ရောက်လာသော ဖုတ်ကောင်များမှာ ရွာသားများချည်းမဟုတ်ပဲ သူတို့စခန်းမှပျောက်ဆုံးသွားသော ရဲဘော်





များပါ တွေ့ရသည်။ ၎င်းတို့မှာ သေနတ်များပြန်ပါလာရာ သေနတ်ဖြင့် ပစ်သောအခါတွင် အခြေအနေက ပိုမိုဆိုးဝါးသွားတော့သည်။

ဝါးချွန်များ၊ ဓားများကိုရှောင်ပြေးလျှင်လွတ်နိုင်သော်လည်း သေနတ်ဖြင့် လှမ်းပစ်သောအခါမှာတော့ အတော်များများ ထိမှန်လေသည်။

စောဘဦး ခေါင်းဆောင်သော သောင်းကျန်းသူတို့မှာ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးကြရသဖြင့် နောက်ကြောင်းကို ပြန်မကြည့်နိုင်ကြတော့ပေ။ နောက်မှာတော့ ၎င်းတို့နေသော တဲကြီးသုံးလုံးစလုံး မီးလောင်နေပေပြီ။ သိုလှောင်ထားသော စားနပ်ရိက္ခာများ၊ ကျည်ဆံနှင့်လက်နက်ပစ္စည်းများမှာ မီးထဲပါကုန်တော့သည်။

ကျည်ဆံနှင့်လက်နက်ပစ္စည်းများကို မီးလောင်သဖြင့် ပေါက်ကွဲသံကြီးများပေါ် ထွက်လာရာ ထိုနေရာတစ်ဝိုက်တွင် ဆူညံနေတော့သည်။

ထိုအသံများကို မြပရိုး၊ ထော်ပိုင်စသော ရွာများမှပင် အတိုင်းသားကြားနေရသည်။ သောင်းကျန်းသူအချို့မှာ အခြေအနေမကောင်းကြသဖြင့် ရသမျှလူစုပြီး လှေများဖြင့် ထွက်ပြေးသွားကြလေတော့သည်။

ဖုတ်ဝင်နေသောလူများက . . . သေဆုံးနေသော သောင်းကျန်းသူများ၏ ခေါင်းများကိုဖြတ်ပြီး သစ်ပင်များ၌



www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းဆွဲထားကြသည်။ လူများပေါ်တွင် ရက်စက်ခဲ့ကြ သည့် သောင်းကျန်းသူများမှာ ကံကြမ္မာကြွေးကို ဘဝမခြား သေးခင်မှာ ပြန်လည်ပေးဆပ်ကြရသည်ဆိုက မမှားပါချေ။





## အခန်း - (၁၆)

# ပင်လယ်ပြာမှ ကျတ်တို့ရွာ

မဝင်းသူတို့ မိသားစုမှာ နီမောင်တို့ခေါ်လာသဖြင့် မြပဂိုးရွာသို့ ရောက်နေကြသည်။ သိယာလိရွာနှင့် လမုတန်းရွာကလေးများ ပျက်စီးသွားခဲ့ပြီးနောက် လူနေများသော ထော်ပိုင်ရွာနှင့် မြပဂိုးရွာသို့ လာရောက်နေထိုင်ကြရာ ထိုရွာနှစ်ရွာတွင် လူနေအိမ်များ တိုးပွားလာသလို လူဦးရေလည်း အတော်ပင် များလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်နှစ်ရွာတစ်ရွာ ပူးပေါင်းထားကြပြီး တစ်ရွာမှာ အရေးအကြောင်းရှိလျှင် ကျန်တစ်ရွာမှ အကူအညီပေးရန်လည်း တိုင်ပင်ထားကြသည်။ ထိုရွာနှစ်ရွာတွင် သောင်းကျန်းသူများထံမှ ရထားသော သေနတ်များလည်း ရှိနေကြသည်။

ညစဉ်ကင်းများချကာ စောင့်ကြသကဲ့သို့ နီမောင်တို့လို လူငယ်လူရွယ်များကလည်း ပြောက်ကျားတပ်များအသွင်ဖွဲ့ထားကြသည်။ ၎င်းတို့ထံတွင် သေနတ်အချို့ရှိသည့်အပြင် ဒူးလေး၊ လင်းလေးနှင့် အဆိပ်လူးမြားတံများလည်း ပြည့်စုံအောင်ထားသည်။

ဓား၊ လှံ၊ ဝါးချွန်များလည်း အိမ်တိုင်းစေ့မှာ ဆောင်ထားပြီး အရေးအကြောင်းရှိပါက ဝိုင်းဝန်းကြရန်လည်း ရွာလူကြီးများက နှိုးဆော်ထားသည်။ မြပဂိုးရွာနှင့် ထော်ပိုင်ရွာမှာ ယခင်က ရွာချင်းအနည်းငယ်ဝေးကြသော်လည်း ယခုနောက်ပိုင်း သိယာလိရွာနှင့် တဲများထိုးနေကြသဖြင့် ရွာချင်းဆက်သွားသကဲ့သို့ဖြစ်ပြီး ရွာတန်းရှည်ကြီးသဖွယ် ဖြစ်သွားကြလေသည်။

သောင်းကျန်းသူအဖွဲ့များမှာလည်း အင်အားအတော်ပင် လျော့နည်းသွားပြီဖြစ်သဖြင့် ရွာကြီးများသို့ သိပ်မလာဝံ့ကြတော့ပေ။ သူတို့အတွက်ပိုပြီးဆိုးသည်က အောက်ပိုင်းဒေသများကို အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ အစိုးရစစ်တပ်မှ မကြာခဏဆင်းလာပြီး စစ်ဆင်ရေးများ ပြု





လုပ်နေခြင်းပင် ဖြစ်သည်။

ယခင်က အစိုးရစစ်တပ်များက လာရောက်တိုက်ခိုက်လျှင် ရွာသူရွာသားများက အကူအညီအကာအကွယ်ပေးသဖြင့် သောင်းကျန်းသူအဖွဲ့များမှာ သက်သာရာရကြလေသည်။ နောက်တော့ ၎င်းတို့ကို ကျွဲမွေးရုံမကပဲ အကာအကွယ်ပေးကြသည့် ရွာသားများကို နှိပ်စက်သတ်ဖြတ်ကြသဖြင့် အကူအညီမရတော့ခြင်း ဖြစ်သည်။

သစ်ချုံအတွင်းမှာ ပုန်းနေသော သမင်သည် ၎င်းကိုအကာအကွယ်ပေးထားသည့် သစ်ရွက်များကို ကိုက်ဖြတ်စားသောက်လျှင် အကာအကွယ်မရှိတော့သဖြင့် တိုက်ခိုက်ခံရသည့် အဖြစ်မျိုးနှင့် တူပေသည်။

သောင်းကျန်းသူတို့မှာလည်း ရွာသူရွာသား တို့ထံမှ အကူအညီအကာအကွယ် မရတော့သောအခါ အစိုးရစစ်တပ်များ၏ ဝင်ရောက်တိုက်ခိုက်ခြင်းကို မကြာခဏ ခံကြရတော့သည်။

သို့ကြောင့် ခါတိုင်းလို အေးအေးမနေရတော့ပဲ ပြေးသွားပုန်းအောင်းကာ ကျိုးလန့်စားစားနေကြရသဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း အကူအညီမပေးနိုင်ကြတော့ပေ။

စောဘဦးတို့အဖွဲ့မှာလည်း ဖုတ်ကောင်များတ လိုက်ထံနောက်ယှက်နေသည်ကတစ်ကြောင်း၊ ကျေးရွာများမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း အကူအညီ အကာအကွယ်မရတော့သဖြင့် တောထဲမှာ ဆင်းရဲစွာ ခိုအောင်းနေကြရတော့သည်။ အပြင်ထွက်တော့ စစ်တပ်ကတိုက်၊ တောထဲမှာ ပုန်းအောင်းနေတော့လည်း ဖုတ်ကောင်များက လာရောက်တိုက်ခိုက်သဖြင့် ပြေးနေကြရတော့သည်။

နီမောင်တို့ရွာသားများကတော့ သတိဝိရိယများနှင့် နေရင်းနှင့်ပင် မိမိတို့ဝမ်းစာအတွက် အလုပ်များလုပ်နေကြလေသည်။ နီမောင်အတွက်ကတော့ ယခုဖြစ်နေသော အခြေအနေများကို စိတ်ထဲမှ ကျေနပ်နေသည်က အမှန်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြဝင်းသူတို့ မိသားစုကသူတို့ရွာသို့ ပြောင်းရွှေ့လာကြသဖြင့် မြဝင်းသူနှင့် မကြာခဏတွေ့ခွင့်ရနေသောကြောင့် ဖြစ်သည်။

တစ်နေ့တော့ တောစပ်တွင် မြဝင်းသူတို့နှင့် တွေ့သဖြင့် သူမကမေးသည်။

"နင်ဘာတွေလုပ်နေတာလဲ နီမောင်၊ မတွေ့ရတာအတော်ကြာပြီ"

"ရန်သူတွေလာရင် ကာကွယ်နိုင်အောင် အစီအစဉ်တွေ လုပ်နေလို့ နင့်ဆီမရောက်တာပါ၊ ဒါပေမယ့် သတိတော့ရနေပါတယ်"

"ဒါက တွေ့မှပြောတဲ့ စကားမဟုတ်လား"





"မဟုတ်ပါဘူး၊ နင်ဆီက ဘာမှအဖြေမရသေးပေမယ့် ငါကတော့ အမြဲသတိရနေတာပါ၊ နင်ကတော့ နားပူနားဆာ လုပ်မယ့်လူ မလာလို့ နားအေးနေမှာပေါ့"

ထိုစကားကြားတော့ မြဝင်းသူက မျက်စောင်းတစ်ချက် ထိုးသည်။

"နင်က ယောကျ်ားဖြစ်ပြီး စကားနာထိုးဖို့ပဲ တတ်တယ်၊ ငါသတိရတာမရတာ နင်ဘယ်လိုသိမှာလဲ၊ နောက်ပြီး ငါက နင့်ကို သတိရလို့ လာခဲ့ပါလို့ ပြောရမှာလား၊ တကယ်သတိရရင် လာရမှာ နင့်တာဝန်မဟုတ်ဘူးလား"

မြဝင်းသူက စကားပြောသည့်အခါ စိတ်ထဲရှိသည့်အတိုင်း ပြောတတ်သူမို့ ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ်တော့ မရှိလှပေ။

"စိတ်မဆိုးပါနဲ့ မြဝင်းသူရယ် ငါကစတာပါ၊ နင် လာစေချင်ရင် အမြဲလာမှာပေါ့၊ ဖြစ်နိုင်ရင် တစ်သက်လုံး မပြန်ပဲ နင့်အနားမှာပဲ နေချင်တာ"

မျက်စောင်းတစ်ချက်သာထိုးပြီး ဘာမှပြန်မပြောပေ။

"မြဝင်းသူ နင် ငါ့အချစ်ကို လက်ခံပေးနိုင်မလားဟင်"

"တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"တကယ်ချစ်လို့ ပြောတာပေါ့၊ မချစ်ပဲနဲ့ ငါက ဒီစကားမျိုး ပြောပါ့မလား"

မြဝင်းသူက တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ရင်ထဲကသဲဘောကို ခုထိမသိသေးဘူးလား"

"ဘယ်သိပ့်မလဲ ပြောမှသိမှာပေါ့"

"ဒါကတော့ နင်အကျုပ်ကိုင်တာပဲ၊ ငါက ကိုယ်စိတ်ထဲက မနှစ်သက်ပဲနဲ့ တွေ့သမျှလူတိုင်းကို ဒီလိုအေးအေးဆေးဆေး စကားလက်ခံပြောနေမယ်လို့ ထင်နေလို့လား"

ထိုစကားကြားတော့ နီမောင့်မျက်နှာပေါ်မှာ ပီတိရိပ်များက ဖုံးမရဖိမရပေါ်လာလေသည်။

"နင့်ဆီက ဒီစကားကြားတာ ငါဝမ်းသာလိုက်တာ မြဝင်းသူရယ်၊ အခုမှပဲ စိတ်အေးရတော့တယ်၊ ဒါဖြင့် ငါတို့နှစ်ယောက် လက်ထပ်ဖို့ကော ဘယ်လိုစီစဉ်ရမလဲ"

"အခြေအနေတွေ အေးချမ်းသွားတော့မှ နင့်သဘောကျ စီစဉ်ပေါ့"

"ငါကတော့ စိတ်ချရအောင် မြန်မြန်လက်ထပ်ကြရင်ကောင်းမယ်ထင်တာပဲ၊ တော့်ကြာ. . ."

"မဟုတ်ပါဘူး၊ မအေးချမ်းတဲ့ အခြေအနေတွေကို စိတ်မချတာပါ. ."

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

ထိုအခါ မြဝင်းသူက တစ်ချက်ကြည့်ပြီးပြောသည်။

"ဒီလိုဆိုရင်လည်း နင့်သဘောပဲလေ၊ ငါကတော့ နင့်ကိုချစ်နေမှတော့ နင်စီစဉ်သမျှတွေကို လက်ခံပေးပါ့မယ်"

ဟုပြောလိုက်ရာ နီမောင်က သူမကိုယ်လေးကို ထွေး





က်ထားလိုက်သည်။ မြဝင်းသူကလည်း မရုန်းဖယ်တော့ပဲ ရင်ခွင်ထဲမှာ ဦးခေါင်းဝှက်ထားလိုက်လေတော့သည်။

နောက်ထပ်ရက်အနည်းငယ် ကြာသောအခါမှာတော့ သတင်းဆိုးတစ်ခု ကြားရလေသည်။

အခြားရွာမှ ဆေးကုပြီးပြန်လာသော ဦးဗန်ကောင်းမှာ သောင်းကျန်းသူများနှင့်တွေ့ကာ ဖမ်းသွားသည်ဆိုသောသတင်းပင်ဖြစ်သည်။ ထိုနေရာမှထွက်ပြေးလာသော ရွာသားတစ်ယောက်က လာရောက်ပြောပြသဖြင့် သိကြရခြင်းဖြစ်သည်။ ထိုသတင်းကြားသောအခါ ရွာလူကြီး ဦးမွန်ထော်က ရွာသူရွာသားများကိုခေါ်ပြီး ပြောသည်။

"ငါတို့ရွာက ဆေးဆရာကြီးတော့ သောင်းကျန်းသူတွေ ဖမ်းခေါ်သွားပြီလို့ သတင်းကြားတယ်၊ ဒုက္ခပါပဲကွာ"

"သောင်းကျန်းသူတွေက ဖုတ်ကောင်တွေကို ဘယ်သူလုပ်နေသလဲဆိုပြီး၊ လုပ်နေတဲ့ဆေးဆရာကို စုံစမ်းနေကြတာ၊ ဆရာကြီးကို ဖမ်းမိသွားပြီဆိုတော့ သတ်မှာပဲ"

"ဘယ်လိုလုပ်ကြမလဲ"

"ဒါထက် ဆရာကြီးကို ဘယ်ခေါ်သွားကြတာလဲ"

"ထော်ပိုင်ချောင်းဖျားဘက်ကို တက်သွားကြတယ်လို့ ပြောတယ်"

"ဒီလိုဆိုရင်တော့ သူတို့နောက်ကို လိုက်သွားရမှာပဲ"

"မသတ်သေးဘူးဆိုရင်တော့ ရအောင်ကယ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးမွန်ထော်က ပြောသည်။

"ဦးဇန်ကောင်းဆီမှာ ဝက်စွယ်ဂင်းပိတ်တစ်ခုရှိတယ်လို့ သတင်းကြားမိတယ်၊ မှန်ရင်တော့ ချက်ခြင်းသတ်လို့ ရမယ်မထင်ဘူး"

နီမောင်တို့အတွက်ကတော့ ထိုစကားကြားရသည်မှာ မျှော်လင့်ချက်တစ်ခုကဲ့သို့ ဖြစ်လာစေသည်။ ထို့နောက်မှာတော့ နီမောင်ကပင် ဦးဆောင်ကာ အစီအစဉ်များပြုလုပ်ပြီးနောက် ခရီးထွက်ရန် ပြင်ဆင်ကြလေတော့သည်။

ဆေးဆရာကြီး ဦးဇန်ကောင်းကို ဖမ်းဆီးသွားသောအဖွဲ့မှာ စောဘဦးခေါင်းဆောင်သော သောင်းကျန်းသူလက်ကျန်အဖွဲ့ပင် ဖြစ်သည်။ စောဘဦး၊ သံပချိုင်၊ စံနက်ကျော်နှင့်အခြား (၁၀)ယောက်လောက်သာကျန်တော့သည့် လက်ကျန်အဖွဲ့ဖြစ်သည်။

၎င်းတို့သည် ဖုတ်ဝင်နေသူများက လိုက်လံသတ်ဖြတ်နေသောကြောင့် တစ်နေရာတည်းတွင် စခန်းချမနေနိုင်ကြပဲ လှေများဖြင့် လှည့်လည်သွားလာနေကြရခြင်း ဖြစ်သည်။

ယခင်ကလိုကျေးရွာများသို့ ရဲရဲတင်းတင်းမသွားနိုင်တော့သဖြင့် စားနပ်ရိက္ခာလည်း မရတော့ပေ။ သို့ကြောင့်မြစ်ချောင်းများအတွင်းမှာ သွားလာလုပ်ကိုင်နေကြသည့်လှေများမှ စားနပ်ရိက္ခာ အတင်းအဓမ္မယူကာ စားသောက်





ကြရသည့် ဘဝမျိုး ရောက်နေကြရသည်။

တစ်နေ့တော့ ချောင်းထဲတွင် လှည့်လည်သွားလာနေရင်းမှ ဆေးကုပေးရာမှ ပြန်လာသော ဦးဇန်ကောင်းနှင့် တွေ့ကြလေသည်။ မေးမြန်းစစ်ဆေးရင်းမှ ဆေးဆရာမှန်းသိသောအခါ ဦးဇန်ကောင်းကို တောထဲသို့ ဖမ်းခေါ်သွားလေတော့သည်။ ဦးဇန်ကောင်းကတော့ ဆေးလွယ်အိတ်ကြီးကိုလွယ်ကာ ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် လိုက်သွားလေသည်။

"အဘိုးကြီး ခင်ဗျားက ဆေးဆရာတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်၊ ရောဂါဖြစ်ရင် ဆေးကုပေးပါတယ်"

"ဒါဖြင့် သေပြီးသား လူတွေကို ဖုတ်သွင်းပေးနေတာ ခင်ဗျားလက်ချက် မဟုတ်လား"

"ငါက ဆေးပဲကုတတ်တာပါ၊ ဖုတ်မသွင်းတတ်ပါဘူး"

"ခင်ဗျားမလိမ်နဲ့၊ ဒါဖြင့် ဘယ်သူလုပ်ပေးနေတာလဲ"

"ငါမသိပါဘူးကွာ"

"ခင်ဗျားမှန်တာပြောရင်ပြော မပြောရင်တော့ ဒီနေရာမှာတင် သတ်ပစ်မယ်"

"မင်းတို့သတ်လည်း သေရမှာပါပဲ၊ ငါတကယ်မသိတာပါ"

"ကျုပ်တို့စုံစမ်းကြည့်ပြီးပြီ၊ ဒါမျိုးတွေက ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

တွေမှပဲ လုပ်ပေးနိုင်တာတဲ့၊ နောက်ပြီး ဒီရွာမှာလည်း ဆေးဆရာက များများမရှိဘူး၊ ခင်ဗျားလက်ချက်ပဲ မဟုတ်လား"

"မဟုတ်ပါဘူးကွာ"

"ဘုန်း"

စောဘဦးက စိတ်မရှည်တော့သဖြင့် သေနတ်ဒင်ဖြင့် ရင်ဝကို ဆောင့်ချလိုက်သည်။ အရှိန်ပြင်းသဖြင့် နောက်သို့လဲကျသွားသည်။ ခဏကြာတော့ပြန်ထလာသည်။ ကွမ်းဝါးနေသည်ပင် မပျက်ပေ။

"မှန်မှန်ပြောမလား"

"ငါမသိပါဘူး"

"ဒုတ်"

ဒီတစ်ခါတော့ ဦးခေါင်းကို သေနတ်ဒင်ဖြင့် ဆောင့်တိုက်လိုက်သည်။ အရှိန်ပြင်းသဖြင့် မူးဝေသွားသောကြောင့် တော်တော်နှင့် ပြန်ထမလာနိုင်ပေ။

"ဆရာ ဒီအဖိုးကြီးက ပီးတယ်ထင်တယ်၊ သေနတ်ဒင်နဲ့ဆောင့်တာတောင် ခေါင်းမကွဲဘူး"

"ဟုတ်မဟုတ်သိရအောင် စမ်းကြည့်တာပေါ့"

ထိုအချိန်မှာ ဦးဗန်ကောင်းက ဒယိမ်းဒယိုင်ဖြင့် ပြန်ထလာသည်။

"အဘိုးကြီး ခင်ဗျားမှာ ပီးဆေးရှိသလား"

ခေါင်းခါပြသဖြင့် သေနတ်ဖြင့်ချိန်ကာ မောင်းဖြုတ်





လိုက်လေသည်။

"ချောက်. . ချောက်. . ချောက်. ."

ကျည်ဆံမထွက်ပဲ တချောက်ချောက်နှင့်သာ အသံထွက်နေလေသည်။

"ဟင်"

"ဆရာ ဒီအဖိုးကြီးက တကယ်ပီးနေတာဗျ"

စောဘဦးက မကျေနပ်သဖြင့် သေနတ်ကို အခြားနေရာဘက်လှည့်ကာ မောင်းဖြုတ်လိုက်သည်။

"ဒိုင်း"

ကျည်ဆံထွက်သွားသဖြင့် ဆူညံသွားလေသည်။

ဒီတော့မှ စောဘဦးက ယုံကြည်သွားလေသည်။

"အဖိုးကြီး၊ ခင်ဗျားဆီမှာ ပီးဆေးရှိတယ် မဟုတ်လား၊ ရှိရင်ပေးပါ ခင်ဗျားအသက်ကို ချမ်းသာပေးမယ် "

ဦးဗန်ကောင်းက ပါးစပ်တွင်းမှငုံထားသော ကွမ်းတံတွေးများကို ပျစ်ခနဲ ထွေးထုတ်ချလိုက်သည်။

"မင်းတို့ ငါ့ကို သတ်လို့မရပါဘူးကွာ"

"ဘာကြောင့်မရ,ရမှာလဲ၊ ပီးတဲ့သူကို မီးနဲ့တိုက်သတ်ချင်သေတယ်၊ ရေနှစ်သတ်ရင် သေတယ်၊ ပေးမလား မပေးဘူးလား"

"သတ်ချင်လည်း သတ်ပေါ့ကွာ၊ ငါကတော့ ပေးမှာမဟုတ်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ခေါင်းမာတဲ့အဘိုးကြီး တွေ့ရောပေါ့. . ဟေ့. . သူကိုကြိုးတုပ်ပြီး ချောင်းစပ်ကိုခေါ်လာခဲ့"

ဟု အမိန့်ပေးသဖြင့် သံပချိုင်နှင့် စံနက်ကျော်တို့က ဦးဗန်ကောင်းကို နွယ်ကြိုးဖြင့်တုပ်ကာ ချောင်းရှိရာသို့ ခေါ် သွားကြသည်။

ချောင်းနှင့်မနီးမဝေးရောက်သည်နှင့် စောစော သေနတ်သံကြားသဖြင့် ထိုနေရာသို့ရောက်နှင့်နေသော နီ မောင်တို့က သစ်ပင်ကွယ်များမှ နေရာယူကာ မြားဖြင့်ပစ် ခတ်ကြလေသည်။ အရှိန်ဖြင့်ထွက်လာသော အဆိပ်လူးမြား တံများက ရှေ့မှသွားနေသည့် စောဘဦးအပါအဝင် သောင်း ကျန်းများကို ထိမှန်လေသည်။

ငင်းတို့ကလည်း သွေးရူးသွေးတန်းဖြင့် သေနတ်များ ဖြင့် ပြန်လည်ပစ်ခတ်ကြသည်။ သို့သော် ကနစိုပင်များ အ နောက်ဘက်တွင် နေရာယူထားသော နီမောင်တို့ကို မထိနိုင် ကြပေ။ ကျည်ဆံအားကိုးပြီး တိုက်ခိုက်နေကြသည့် သောင်း ကျန်းသူတို့မှာ ရွာသားများ အဝိုင်းခံထားရသကဲ့သို့ ဖြစ်နေ ကြသည်။

ယခင်က သူတို့အသံကြားလျှင် မော်မကြည့်ဝံ့သည် အထိ တန်ခိုးထွားခဲ့သော စောဘဦးတို့အဖွဲ့မှာ ယခုတော့ သူတို့နှိပ်စက်ခဲ့သူများ လက်ချက်နှင့်ပင် အသက်ထွက်ရတော့ မည့် အခြေအနေမျိုး ရောက်လာကြပေပြီ။





နောက်တော့ ပစ်ခတ်စရာ ကျည်ဆံမရှိကြတော့ပေ။ အတူပါလာသော အဖွဲ့သားအတော်များများမှာလည်း မြား ချက်၊ ဝါးချွန်များ ထိမှန်ကာ သေဆုံးနေကြလေပြီ။

သာမန်ဆိုလျှင်တော့ လေးမြားကိုင်ထားသူများကို ဒီလောက်မှုစရာမဟုတ်ပေ။ သို့သော် ရွာသားများထဲတွင် သေနတ်များပါလာကြသည်။ သေနတ်ကို ကျွမ်းကျင်စွာ ပစ် ခတ်အသုံးပြုတတ်သူများ ပါလာသောကြောင့် ထိုမျှအထိနာ ကြခြင်း ဖြစ်သည်။

နောက်ဆုံးတော့ စောဘဦး၊ သံပချိုင်နှင့် စံနက်ကျော် တို့လောက်သာ ကျန်တော့သည်။ ကျန်လူများက သေဆုံးနေ ကြလေပြီ။ ၎င်းတို့မှာလည်း ဒဏ်ရာဒဏ်ချက်များ ရထား သည့်အပြင် ပစ်ခတ်စရာကျည်ဆံလည်း မကျန်တော့ပေ။

နောက်ဆုံးတော့ နေရာမှ ထွက်ပြေးကြရတော့ သည်။ သို့သော်လည်း မလွတ်ကြတော့ပေ။ ရွာသူရွာသား များလက်မှ လွတ်ကြသော်လည်း ဖုတ်ဝင်နေသူများလက်က တော့ မလွတ်ကြတော့ပေ။

သူတို့သွားမည့်နေရာတိုင်း ဖုတ်ကောင်များက ရောက်နေလေတော့သည်။

"ဗိုလ်ကြီး ဒီတစ်ခါတော့ ကျုပ်တို့မလွတ်နိုင်တော့ဘူး ထင်ပါရဲ့"

သံပချိုင်က ကြောက်ကြောက်ရွံ့ရွံ့နှင့်ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်ကြမ်းတမ်းလှသော စောဘဦး ဒီတစ်ခါတော့ အားနည်းလှသော လေသံမျိုးဖြင့်သာ ပြန်ပြောနိုင်တော့သည်။

"ငါတို့နိုင်တုန်းက သူတို့ကိုသတ်ခဲ့တာပဲ၊ သူတို့နိုင်တော့လည်း အသတ်ခံကြရုံသာ ရှိတော့တာပေါ့ကွာ"

စောဘဦးပြောသည့်အတိုင်းပင်၊ ရွာသားများလက်မှ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးကြသော သူတို့သုံးယောက်မှာလည်း ဖုတ်ဝင်နေသူများလက်ချက်ဖြင့် သေဆုံးသွားရပေတော့သည်။

ဤသို့ဖြင့်မြစ်ဝကျွန်းပေါ် ငွေသောင်ယံ ဒေသဘက်တွင် ပြည်သူပြည်သားတို့ကို နှိပ်စက်အနိုင်ကျင့်ခဲ့ကြသည့် သောင်းကျန်သူအဖွဲ့မှာလည်း တစ်ခန်းရပ်သွားခဲ့ကြလေသည်။

နောက်ပိုင်းမှာလည်း ထိုဒေသသို့ သောင်းကျန်းသူအဖွဲ့အချို့ လာရောက် စခန်းချကြသော်လည်း ကြာကြာမခံပဲ ဖုတ်ကောင်များ လာရောက်နှောက်ယှက်သဖြင့် ထွက်ပြေးကြရသည်။

(၁၉၄၈)ခုနှစ်နောက်ပိုင်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော သောင်းကျန်းသူအမျိုးမျိုးတို့မှာ အနှစ်(၂၀)ကျော်မျှ မြစ်ဝကျွန်းပေါ် ဒေသများ၌ ကြီးစိုးမင်းမူခဲ့ကြသည်။

နောက်ပိုင်း (၁၉၆၈)ခုနှစ်မှ (၁၉၇၃)ခုနှစ်အထိ အဆင့်ဆင့် ဆင်နွှဲခဲ့သော စစ်ဆင်ရေးများ၌ ပြည်သူလူထု





ကပါ ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်။

၁၉၆၈ ခုမှ စတင်ဆင်နွှဲခဲ့သော စစ်ဆင်ရေးများမှာ

(၁) မိုးဟိန်း စစ်ဆင်ရေး အဆင့်(၁)

(၂) မိုးဟိန်း စစ်ဆင်ရေး အဆင့်(၂)

(၃) မိုးဟိန်း စစ်ဆင်ရေး အဆင့်(၃)

(၄) မိုးဟိန်း စစ်ဆင်ရေး အဆင့်(၄)

(၅) မိုးဟိန်း စစ်ဆင်ရေး အဆင့်(၅)

ထို့ပြင် ရွှေလင်းယုန်စစ်ဆင်ရေး

၁. ၂. ၃. ၄. ၅. ၆. ၇ . ၈. ၉. ၁၀

ရွှေလဝင်း စစ်ဆင်ရေး ၁. ၂. ၃. ၄. ၅

တိုင်းလုံးအောင် စစ်ဆင်ရေး၊

နောက်ပိုင်း နီမောင်တို့နေခဲ့သော ငွေသောင်ယံဒေသ၊ ထော်ပိုင်ချောင်းအတွင်းမှာ ဆင်နွှဲခဲ့သော "ထော်ပိုင်စစ်ဆင်ရေး" အပါအဝင် ဖြစ်သည်။

(၁၉၇၂)ခုနှစ် အောက်တိုဘာလတွင် ပြီးဆုံးသွားသော ထော်ပိုင်စစ်ဆင်ရေးကြီးမှာ နောက်ဆုံးစစ်ဆင်ရေးကြီးဖြစ်ပြီး လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းမှစတင်ကာ အနှစ်(၂၀)ကျော် ကြာမြင့်သည့်တိုင် မြစ်ဝကျွန်းပေါ် ဒေသကို ခြေကုပ်ယူ သောင်းကျန်းခဲ့ကြသော ရောင်စုံသောင်းကျန်းသူအဖွဲ့များမှာလည်း နိဂုံးချုပ်သွားခဲ့ကြပေတော့သည်။

သို့သော် ထိုစစ်ဆင်ရေးများ မတိုင်ခင်ကပင် ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတစ်ဦး(ထိုဆေးဆရာကြီးမှာ အများက ဆရာညို ဟုခေါ်ကြသည့် ဦးဖူးညိုဖြစ်သည်။)ကြောင့် ဖုတ်သွင်းပညာဖြင့် နှိပ်စက်ခဲ့ရာ ရန်သူသောင်းကျန်းသူစခန်းအချို့ ပြိုကွဲပျက်စီးခဲ့ကြရပေသည်။

ထိုအဖြစ်အပျက်များမှာ မှတ်တမ်းမဝင်သော်လည်း မှတ်တမ်းတင်ရမည့် အဖြစ်အပျက်များဖြစ်သောကြောင့် ယခုဇာတ်လမ်းကို ရေးသားဖော်ပြရခြင်း ဖြစ်သည်။

ထော်ပိုင်စစ်ဆင်ရေးနောက်ပိုင်းတွင် ထိုအရပ်ဒေသများမှာ နေထိုင်သူမရှိကြတော့သဖြင့် ရေကြည်ရာမြက်နုရာအရပ်သို့ ရွှေ့ပြောင်းနေထိုင်ကြရာ ထော်ပိုင်ချောင်းရိုးတစ်လျှောက်တွင် လူနေသောရွာ မရှိတော့ပေ။

နီမောင်တို့မိသားစုပင် မြဝင်းသူနှင့်အိမ်ထောင်ပြုပြီးနောက်တွင် ဘိုကလေးမြို့နှင့် နီးသောရွာတစ်ရွာသို့ ပြောင်းရွှေ့နေခဲ့ကြပေသည်။ သို့သော်လည်း နောက်ပိုင်းကာလများရောက်သောအခါ ငါးပုစွန်ရှာဖွေသူ၊ သစ်ဝါးခုတ်လိုသူတို့ ထော်ပိုင်ချောင်းအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ကြရာ ညအချိန်ရောက်လျှင် မီးရောင်တထိန်ထိန်ဖြင့် လူသံသူသံများဖြင့် ဆူညံနေသော ရွာကြီးရွာငယ်အချို့ကို တွေ့မြင်ခဲ့ကြရလေသည်။

ထိုကျတ်ရွာကြီးများမှာ ဦးဇန်ကောင်း ဖုတ်သွင်းပေးခဲ့သော ရွာသားများက အိမ်ယာထူထောင်ကာ ရွာတည်ပြီး





နေကြသလား ဆိုသည်ကိုတော့ မည်သူမှ အတပ်မပြောနိုင်ကြပါချေ။

တွေ့မြင်ဖူးသူများကတော့ "ပင်လယ်ပြာမှ ကျတ်တို့ရွာ"ဟု အမည်ပေးထားခဲ့ကြလေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော . 'လည်ပြတ်ကျွန်းစောင့်' အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံပရိဟရန္တု ။

ပြီးချိန်။ ။၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်၊ အင်္ဂါနေ့၊ နေ့လည်(၃)နာရီ။



www.burmeseclassic.com